မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၆၇)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်၊ သောကြာနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖင်လန်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဒီဇင်ဘာ ၆

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ကျရောက်သော ဖင်လန်သမ္မတနိုင်ငံ၏လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖင်လန်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဆူလီ နီနီစတိုထံသို့ ပမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၃ ✳

အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ချိန် တောင်တရုတ်ပင်လယ်တွင်းနိုင်ငံများ လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာစာတမ်းအပြည့်အဝဖော်ဆောင်ရေး တက်ကြွစွာဆောင်ရွက်သွားမည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဖိလစ်ပိုင်နိုင်ငံသမ္မတ မစ္စတာ ဘီနင်နို အက်ကွီနို(၃)တို့ မာလာကန်ညင်နန်းတော်၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

မနီလာ ဒီဇင်ဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဖိလစ်ပိုင်နိုင်ငံသမ္မတ မစ္စတာ ဘီနင်နို အက်ကွီနို(၃)က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ရှိ မာလာကန်ညင်နန်းတော်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂုဏ်ပြုကြိုဆိုပွဲကျင်းပမည့်နေရာသို့ ရောက်ရှိလာရာ ဖိလစ်ပိုင်သမ္မတက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဖိလစ်ပိုင်သမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဖိလစ်ပိုင်သမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားအပြီးတွင် ဖိလစ်ပိုင်သမ္မတက ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတကလည်း အတူလိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မာလာကန်ညင်နန်းတော် ဧည့်ခန်းမဆောင်၌ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဖိလစ်ပိုင်သမ္မတနှင့် မာလာကန်ညင်နန်းတော် Music ခန်းမ၌ တွေ့ဆုံသည်။

ဆက်လက်၍ နှစ်နိုင်ငံဆွေးနွေးပွဲကို အဆိုပါနန်းတော်ရှိ President ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးမောင်၊ ဦးမြင့်လှိုင်၊ ဦးဇေယျာအောင်၊ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဒေါက်တာဝင်းမြင့်၊ ဒေါက်တာသန်းအောင်နှင့် ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးရဲမြင့်အောင်တို့ တက်ရောက်ကြပြီး ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နို အက်ကွီနို(၃)နှင့်အတူ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာဖိလစ်ပိုင်သံအမတ်ကြီးတို့ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❁

လာအိုသမ္မတနှင့်ဇနီး မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာမည်

နေပြည်တော် ဒီဇင်ဘာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့်ဇနီး မစ္စစ်ကေအို ဆိုင်းကျိုင်းဆိုင်ညဆွန်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုဆောင်

နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်ကိုမြှင့်တင်ရာတွင် အားကစားကဏ္ဍသည် ထိပ်တန်းနေရာ၌ရှိသည်။ အားကစားသည် နိုင်ငံနှင့်လူမျိုး ဆင်းရဲချမ်းသာမခွဲခြားဘဲ ကြိုးစားအားထုတ်မှုဖြင့် နိုင်ငံ၏ဂုဏ်မြင့်မားမှုကို ရရှိစေနိုင်သည်။ ချမ်းသာသောနိုင်ငံများက အားကစားဖြင့်နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ကြသကဲ့သို့ ဆင်းရဲသောနိုင်ငံများကလည်း နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်စွမ်း၏။

အားကစားအောင်နိုင်ခြင်းသည် လူတစ်ဦးချင်းစီ၏ အောင်နိုင်ခြင်းသာမဟုတ်ပါ။ ပြိုင်ပွဲတွင် အနိုင်ရအောင်မြင်မှုသည် ကစားသမားတစ်ဦးချင်း၏ အောင်မြင်မှုဖြစ်သည့်အပြင် ထိုအောင်မြင်မှုကြောင့် ရရှိလာသည့်ဂုဏ်သည် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော အောင်မြင်မှုပင်ဖြစ်ပါသည်။ ထမ္မာကျော်ဘောလုံးသမားကြီးပီလီ၏ အောင်မြင်မှုကြောင့် ဘရာဇီးတစ်နိုင်ငံလုံးကို ကမ္ဘာကသိရှိသွားစေခဲ့ပါသည်။ အူစိန်ဘော့လို အပြေးသမားကြောင့် ဂျမေကာနိုင်ငံကို လူတိုင်းသိကြပါသည်။ မိုက်ကယ်ဖဲ့လို ရေကူးချန်ပီယံကြောင့် အမေရိကန်၏ဂုဏ်ကို မြင့်မားစေပါသည်။ ပတ်ကွိုင်အောလို လက်ဝှေ့သမားကြောင့် ဖိလစ်ပိုင်နိုင်ငံကို လူသိများစေခဲ့ပါသည်။ အားကစားအောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်နိုင်ပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)ကြီးကို ဒီဇင်ဘာ ၄ ရက် ခြင်းလုံးအားကစားပြိုင်ပွဲမှစတင်ပြီး အိမ်ရှင်အဖြစ် လက်ခံကျင်းပနေပြီဖြစ်သည်။ မြန်မာခြင်းလုံးအဖွဲ့အနေဖြင့် ''ခြင်းလုံးအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ကိုဆောင်အံ့''ဟူသောဆောင်ပုဒ်ကို ထက်ကိုင်ပြု၍ ပြိုင်ပွဲဝင်နေကြခြင်းဖြစ်သည်။ ဤဆီးဂိမ်းပြိုင်ပွဲကြီးတွင် ခြင်းလုံးနှင့် ဘောလုံးအားကစားနည်းများအပါအဝင် အားကစားနည်း ၃၃ မျိုး ထည့်သွင်းယှဉ်ပြိုင်သွားမည်ဖြစ်ပါသည်။ ခြင်းလုံးအားကစားသမားများကဲ့သို့ အခြားသောအားကစားနည်းများတွင်လည်း မြန်မာအားကစားသမားများအနေဖြင့် စိတ်ဓာတ်အမြင့်မားဆုံးထားရှိပြီး ပြိုင်ဘက်တိုင်းကို အနိုင်ယူသွားကြရမည်ဖြစ်ပါသည်။

ပြိုင်ပွဲမကျင်းပမီကတည်းပင် ''နိုင်ကိုနိုင်ရမည်''ဆိုသော ခံယူချက်သည် အားကစားသမားတိုင်း ထားရှိရမည် ခံယူချက်ပင်ဖြစ်ပါသည်။ အားကစားတွင် နည်းစနစ်နှင့်စိတ်ဓာတ်သည် အရေးအကြီးဆုံး ဖြစ်သည်။ နည်းစနစ်လည်းကောင်းသည်၊ စိတ်ဓာတ်မှာလည်း ''နိုင်ကိုနိုင်မှဖြစ်မည်''ဆိုသော ခံယူချက်ထားလျှင် အမှန်တကယ်ပြိုင်ပွဲတွင်အနိုင်ရနိုင်ပါသည်။ လေ့ကျင့်မှု၊ ကြိုးစားအားထုတ်မှုတို့နှင့် ပေါင်းစပ်လိုက်မည်ဆိုလျှင် ပြိုင်ပွဲတိုင်းအနိုင်ရသည့် အားကစားသမားများဖြစ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာအားကစားသမားများအနေဖြင့် ပြိုင်ပွဲတိုင်း အနိုင်ရအောင်ကြိုးစားပြီး နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးနိုင်ပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

အရိပ်လည်းရ ဝန်းကျင်လှ
သစ်ဝင်စိုက်ပျိုးကြ

ပြည်တွင်းသတင်း

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (၉)ကြိမ်မြောက် ဝန်ကြီးများအဆင့် ညီလာခံကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၅

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၉) ကြိမ်မြောက် ဝန်ကြီးများအဆင့် ညီလာခံ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ ရက် ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့ရှိ Nusa Dua Conference Center ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ညီလာခံသို့ အင်ဒိုနီးရှားနိုင်ငံ သမ္မတ H.E.Mr. Susilo Bambang Yudhoyono တက်ရောက်ဖွင့်လှစ်ပေးပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Mr. Roberto Azevada၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများမှ ကုန်သွယ်ရေးဝန်ကြီးများ၊ နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် လေ့လာသူများတက်ရောက်ကြသည်။

ညီလာခံတွင် အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး Mr.Gita နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး အင်ဒိုနီးရှားနိုင်ငံ သမ္မတက မိန့်ခွန်းပြောကြားရာတွင် နိုင်ငံစုံ ကုန်သွယ်မှုစနစ် ခိုင်မာစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများမှ ဝိုင်းဝန်းဝူးပေါင်းဆောင်ရွက်ရေး၊ ကမ္ဘာ့ကုန်သွယ်မှု ညှိနှိုင်းဆွေးနွေးမှုများတွင် အဖွဲ့ဝင်နိုင်ငံများ အားလုံးအတွက် ညီညွတ်မျှတသောရလဒ်များ ထွက်ပေါ်လာရေးနှင့် ဂျီနီဗာဆွေးနွေးပွဲအတွင်း ညှိနှိုင်း၍မရသော အချက်များကို ဘာလီညီလာခံတွင် ဝန်ကြီးများက ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားနိုင်ရေးတို့ကို ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် WTO ၏ General Council သဘာပတိတို့က ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း ဂျီနီဗာတွင် ညှိနှိုင်းထားရှိသော လယ်ယာကဏ္ဍ ဆွေးနွေးမှုများ၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးနှင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများဆိုင်ရာကိစ္စရပ်များ၏ တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးသည် နယ်သာလန်နိုင်ငံ စီးပွားရေးနှင့်ကုန်သွယ်ရေးဝန်ကြီး Ms. Lilianne Ploumen နှင့် Nusa Duaဧည့်ခန်းမ၌ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်ကလေးဆိပ်ကမ်းသို့ ရေယာဉ်များ လွယ်ကူစွာ ဆိုက်ကမ်းရပ်နားရန် ပြည်သူများ မျှော်လင့်တောင့်တလျက်ရှိ

ကချင်ပြည်နယ် ဗန်းမော်မြို့ တပ်ကလေးဆိပ်ကမ်းသည် မန္တလေး-ဗန်းမော် ဧရာဝတီမြစ်ရေလမ်းကြောင်းတွင် အဓိကအရေးပါသော ဆိပ်ကမ်းတစ်ခုဖြစ်သည်။

"မိုးရာသီကာလတွင် သိန်လင်ချောင်း၊ နန့်စရီးချောင်း ရေစီးဆင်းမှုကြောင့် သဲများကျဆင်း၍ ညောင်ပင်သာရွာမှ တပ်ကလေးဆိပ်ကမ်းအကြားသင်္ဘောအဝင်အထွက် ရေလမ်းတစ်လျှောက်တွင် သဲများစုပုံနေသဖြင့် ရေစူးလေးပေခန့်သာရှိကြောင်း၊ ရေနည်း၍ ရေယာဉ်များဆန်တက်နေရသဖြင့် မိမိအစီအစဉ်ဖြင့် ရေယာဉ်ပေါ်မှ ခရီးသည် ၁၀၀ ခန့်နှင့်ကုန်ပစ္စည်းများကို စက်လှေများဖြင့် တင်ဆောင်သယ်ယူ၍ တပ်ကလေးဆိပ်ကမ်းသို့ ပို့ပြီးမှ ရေယာဉ်ဆိုက်ကပ်နိုင်ခဲ့ကြောင်း၊ အခြားရေယာဉ်များလည်း စက်လှေများဖြင့်ကဲ့ယူပြီးမှ ဆိပ်ကမ်းဆိုက်ကပ်နိုင်ကြောင်း"ဟု ပြည်ကြီးတံခွန် ၁ ရေယာဉ်မှူးက ပြောပြသည်။

ရေလမ်းကြောင်း ကျပ်တည်းမှုကြောင့် ရေယာဉ်များလွယ်ကူစွာ ဆိုက်ကပ်ရပ်နားခြင်းမရှိသဖြင့် ရေယာဉ်စီးခရီးသည်များ သွားလာမှုခက်ခဲပြီး အချိန်ကုန်၊ ငွေကုန်၊ လိုရာခရီးသို့ အချိန်မီမရောက်၍ ရေယာဉ်စီးခရီးသွားပြည်သူ နည်းပါးသည့်အတွက် ရေယာဉ်များဝင်ငွေလျော့နည်းစေပြီး အရှုံးပေါ်စေနိုင်သည်။ ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာသဖြင့် ကုန်ပစ္စည်းတင်ဆောင်မှု နည်းပါးလာ၍လည်း ရေယာဉ်များဝင်ငွေနည်းပြီး အရှုံးပေါ်စေနိုင်သည်။ နှစ်ချို့၍ တပ်ကလေးဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော သောင်တူးစက်သည် အဆိုပါ ရေကြောင်းကျပ်တည်းသည့်နေရာအနီးတွင် ဆိုက်ကပ်လျက်ရှိသည်။ သောင်တူးစက်ရှိပါလျက် အဘယ်ကြောင့် ရေကြောင်းကျပ်တည်းမှု ဖြစ်ပေါ်နေရကြောင်းကို ပြည်သူများ ပြောဆိုနေကြသည်။

ရေယာဉ်စီးခရီးသည်များ သွားလာမှုအဆင်ပြေရေး၊ ကုန်စည်စီးဆင်းမှုမြန်ဆန်ရေး၊ ရေယာဉ်များဝင်ငွေ ပိုမိုရရှိစေရေး၊ ရေယာဉ်များ တပ်ကလေးဆိပ်ကမ်းသို့ လွယ်ကူစွာဝင်ထွက်သွားလာနိုင်ပြီး အချိန်မီဆိုက်ကပ်နိုင်စေရန် ပြည်သူများ မျှော်လင့်တောင့်တလျက်ရှိကြသည်။

ဆီမီးခုံ -နန်းရီ

ထင်သာမြင်သာ မြုမြင်စရာ

နှင်းဆီကုန်းဘိုးဘွားရိပ်သာ နိဗ္ဗာန်ဈေးပွဲတော်ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၅

နှစ်စဉ်ကျင်းပမြဲဖြစ်သော နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၏ (၅၂) ကြိမ်မြောက် ပျော်ပွဲရွှင်ပွဲနိဗ္ဗာန်ဈေးပွဲတော်ကို ဒီဇင်ဘာ ၇ ရက် (စနေနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ် (၂၁) ကမ္ဘာအေးဘုရားလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးဝင်းအတွင်း၌ ကျင်းပမည်ဖြစ်သည်။ ပျော်ပွဲရွှင်ပွဲနိဗ္ဗာန်ဈေးပွဲတော်ကို မွန်းတည့် ၁၂ နာရီမှ ည ၇ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ဈေးဆိုင်ပေါင်း ၇၀ ကျော် ပါဝင်ရောင်းချကြမည်ဖြစ်ကာ လူမှုရေး၊ ဘာသာရေး အသင်းအဖွဲ့များ၊ ကျောင်းများ၊ ကုမ္ပဏီများမှ အစားအစာ၊ လူသုံးပစ္စည်း၊ ဆေးဝါးနှင့် ကလေးကစားစရာများ ရောင်းချကြမည်ဖြစ်သည်။

ဖျော်ဖြေမှုအစီအစဉ်အဖြစ် "အလင်္ကာဝတ်ရည်" မြန်မာ့တေးဂီတအဖွဲ့က တေးသီချင်းများ၊ အကပဒေသာ၊ သီချင်းသရုပ်ဖော်အကများနှင့် ရုပ်သေးအကတို့ဖြင့် ဖျော်ဖြေမည်ဖြစ်သည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၏ သက်တမ်းသည် နှစ်ပေါင်း ၈၁ နှစ်အတွင်းသို့ ချင်းနင်းဝင်ရောက်လာပြီဖြစ်သည်။ ဘိုးဘွားများ၏ စိတ်ချမ်းသာပျော်ရွှင်မှု ရရှိစေရေး၊ ဘိုးဘွားများအား ထာဝရရည်ကြာပြုစုစောင့်ရှောက်ထားနိုင်ရေးနှင့် အလှူငွေများ ပိုမိုရရှိစေရေးအတွက် ရည်ရွယ်ချက်ဖြင့် နှစ်စဉ်ကျင်းပသော ပျော်ပွဲရွှင်ပွဲနိဗ္ဗာန်ဈေးပွဲတော်တွင် ပါဝင်ရောင်းချသူများက ဘိုးဘွားရိပ်သာကြီးအတွက် အရင်းရော၊ အမြတ်ပါ လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

ဆွေဆွေနိုင် (သတင်းစဉ်)

သီတဂူဆရာတော်ဘုရားကြီး (၁၀) ကြိမ်မြောက် မျက်စိခွဲစိတ်ခြင်း အလင်းဒါန အလှူရှင်များ

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘရာဇီးလ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီး H.E.Mr.Jose Carlos da Fonseca Junior အား ယနေ့နံနက် ၁၁ နာရီတွင် သမ္မတအိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ပညာရေး၊ ကျန်းမာရေး၊ မွေးမြူရေး၊ ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍများတွင် ပညာရှင်များဖြင့် အတွေ့အကြုံများဖလှယ်၍ ပိုမိုမြင့်တင်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှု၊ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၊ နားလည်မှုစာချွန်လွှာ နှစ်ခုရေးထိုးနိုင်ခဲ့မှုတို့ကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာ၌ ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Jose Carlos da Fonseca Junior အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဖင်လန်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၆

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင်တျရောက်သော ဖင်လန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဖင်လန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အာတီ ဆာကာရီ တိုမီယိုဂျာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

✷ ရှေ့ဖုံးမှ

အထားတူ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် တျရောက်သော ဖင်လန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖင်လန်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျာတီ တပ်ပန်တတ်တနမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပထမအကြိမ် ရေစတီတိုင်းဒေသကြီးလွှတ်တော်စည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၅

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(၁၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးနှင့်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၆၀ တို့ တက်ရောက်ကြသည်။

ဆောင်ရွက်ခဲ့

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များတ မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာများနှင့် အဆိုများဆွေးနွေးဆုံးဖြတ်အတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်လွှာ ဖိလစ်ပိုင်သမ္မတထံ ပေးအပ်ပြီးဖြစ်

နေပြည်တော် ဒီဇင်ဘာ ၆

ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်မြင်းခံရသော မြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးရမြင့်အောင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် မနီလာမြို့၌ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဘီနင်နို အက်စ် အကွီနို(၃)ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ၌ ပထမဦးဆုံး နိုင်ငံခြားငွေသုံးမျိုးဖြင့် ငွေပေးချေနိုင်သည့် EASI Travel Visa Card စတင်အသုံးပြုနိုင်ပြီ

ရန်ကုန် ဒီဇင်ဘာ ၅

Visa Card Co.,Ltd နှင့် CB Bank တို့ပူးပေါင်း၍ နိုင်ငံခြားငွေသုံးမျိုးဖြင့် ငွေပေးချေနိုင်သည့် EASI Travel Visa Card ကို မြန်မာနိုင်ငံ၌ ပထမဆုံး စတင်ထုတ်ဝေအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ခရီးသွားသူများအတွက် ငွေသားများကို သယ်ဆောင်သွားစရာမလိုဘဲ EASI Travel Visa Card တစ်ခုတည်းဖြင့် လွယ်ကူသက်သာလုံခြုံစွာဖြင့် ကိုင်ဆောင်သွားနိုင်ပြီဖြစ်သည်။

အသုံးပြုသူသည် ကမ္ဘာ့နိုင်ငံပေါင်း ၂၁၀ ကျော်ရှိ ATM စက်များတွင် ငွေထုတ်ယူနိုင်ပြီး ပြည်ပနိုင်ငံများရှိ စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ Shopping Centre များ၊ ဆေးရုံများစသည်နေရာများရှိ Pos (ငွေပေးချေစက်) များတွင် ငွေပေးချေနိုင်သည်။ ထို့အပြင် Online မှ တစ်ဆင့် ငွေပေးချေမှုများကိုလည်း ဆောင်ရွက်နိုင်သည်။

တတ်စတင်လျှော့တ်ထားသူသည် Joining Fees လျှော့တ်လွှာကြေးငွေကျပ် ၈၀၀၀ တိတိ ပေးသွင်းရမည်ဖြစ်ပြီး လျှောက်လွှာများကို CB Bank ရုံးချုပ်နှင့်ဘဏ်ခွဲများအားလုံး၊ CB Bank Exchange Counter များအားလုံးတွင် ဝယ်ယူအသုံးပြုနိုင်ကြောင်း သိရသည်။

ထုတ်ယူအသုံးပြုနိုင်

ကတ်တွင် ထည့်သွင်းအသုံးပြုနိုင်သောငွေအမျိုးအစားမှာ USD,Euro and SGD ငွေအမျိုးအစားများဖြစ်ပြီး နိုင်ငံခြားငွေကို တစ်မျိုးတည်းဖြစ်စေ၊ နှစ်မျိုးသို့မဟုတ် သုံးမျိုးလုံးဖြစ်စေ ကတ်သုံးစွဲသူ၏ အသုံးပြုလိုသော နိုင်ငံခြားငွေ အမျိုးအစားပေါ်လိုက်၍ ထုတ်ယူအသုံးပြုနိုင်သည်။

EASI Travel Visa Card အသုံးပြုသူသည် မှတ်ပုံတင်ပြီး ငါးရက်အကြာ ကတ်ကိုရရှိပြီး ၂၄ နာရီအကြာတွင် စတင်သုံးစွဲနိုင်သည်။

CB Bank အမှုဆောင်ဒုတိယဥက္ကဋ္ဌနှင့် CEO ဖြစ်သူ ဦးကျော်ထင်းက "မြန်မာနိုင်ငံ၌ အီလက်ထရွန်နစ်စနစ်ဖြင့် ငွေပေးချေသည့်လုပ်ငန်းကဏ္ဍတွင် CB Bank က EASI Travel Visa Card အသုံးပြု၍ ပထမဆုံးလုပ်ငန်းကို စတင်လိုက်ပြီဖြစ်ပါတယ်။ အခု နိုင်ငံခြားငွေသုံးမျိုးသုံး Visa Card ကို Visa Card Co.,Ltd နှင့် CB Bank ပူးပေါင်းပြီး မြန်မာနိုင်ငံသားများ အသုံးပြုနိုင်ရန်အတွက် ဆောင်ရွက်ခဲ့ပါတယ်။ EASI Travel Visa Card ကို ထုတ်လုပ်ရခြင်း၏ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံသားများအနေနှင့် ပြည်ပ၌ ငွေကြေးသုံးစွဲရာတွင် အဆင်ပြေလွယ်ကူလျင်မြန်စေရန် ရည်ရွယ်ပါတယ်"ဟု ပြောကြားသည်။

မေးမြန်းနိုင်

ကတ်ကိုသုံးစွဲရာတွင် အကြောင်းတစ်စုံတစ်ရာရှိပါက ဖုန်း-၉၅၁၃၇၈၉၀၅၊ Call Centre ဖုန်း-၁၈၇၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

ရွှေတိဂုံစေတီတော်၌ Free Wireless Internet စတင်အသုံးပြုနိုင်

ရန်ကုန် ဒီဇင်ဘာ ၅

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာသာမက ကမ္ဘာ့အံ့ဖွယ်စေတီတော်ဖြစ်သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် Free Wireless Internet ကို စတင်အသုံးပြုနိုင်ပြီဖြစ်သည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ နေ့စဉ် ပြည်တွင်းပြည်ပမှလာရောက်ကြသော ဘုရားဖူးပြည်သူများအတွက် ပြောင်းလဲတိုးတက်လာသောနည်းပညာနှင့် လူနေမှုစနစ်များအရ နိုင်ငံတကာအဆင့်အတန်းနှင့်အညီဖြစ်စေရန် ဘုရားဖူးလာရောက်ရင်း ကသိုလ်ကောင်းမှုများအား အွန်လိုင်းမှတစ်ဆင့်မျှဝေပေးခြင်း၊ ဓမ္မဝက်ဘ်ဆိုက်များ ကြည့်ရှုလေ့လာနိုင်ခြင်း၊ အမှတ်တရဓာတ်ပုံများပေးပို့နိုင်ခြင်း၊ သတင်းအချက်အလက်များမျှဝေခြင်း၊ ရယူခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ အသုံးပြုနိုင်ရန်အတွက် အဆိုပါ Free Wireless Internet ကို Redlink ကုမ္ပဏီက တပ်ဆင်လှူဒါန်းခြင်းဖြစ်သည်။

ရွှေတိဂုံစေတီတော် Free Wireless Internet တပ်ဆင်မှုအတွက် စုစုပေါင်းကုန်ကျစရိတ်မှာ ငွေကျပ်သိန်း ၄၅၀ ရှိကြောင်း သိရသည်။

ခင်ချိုဝင်း

မြန်မာ့ရုပ်မြင်သံကြား

၆-၁၂-၂၀၁၃(သောကြာနေ့)

နံနက်ပိုင်း

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၃၀ SEA Game ဂုဏ်ပြုအစီအစဉ်
၇း၃၀ ပွဲပြီးသုံးသပ်ချက်၊ပွဲကြိုသုံးသပ်ချက်
၇း၄၅ Hyper Sports
၈း၃၀ Daily Highlight Program
၁၀း၀၀ ခြင်းလုံး(စင်ကာပူနှင့်မြန်မာ) ဝဏ္ဏမပြိုင်ပွဲ(ကျား)
၁၀း၅၀ ယဉ်ကျေးစွာအားပေးကြပါစို့

နေ့လယ်ပိုင်း

၁၂း၃၀ ခြင်းလုံး(မြန်မာ)ဝဏ္ဏမပြိုင်ပွဲ(မ)
၁၃း၀၀ SEA Games ဂုဏ်ပြုအစီအစဉ်
၁၃း၃၀ SEA Games Go For Gold (ဘောလုံး) (အပိုင်း-၁)
၁၄း၄၀ **မြန်မာ့ဘောလုံးလောကအကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တွေ့ဆုံဆွေးနွေးခြင်း**
၁၄း၅၅ ယဉ်ကျေးစွာအားပေးကြပါစို့။
၁၅း၀၀ ပြည်တွင်းသတင်း
၁၈း၄၀ **SEA Games ပြိုင်ပွဲအောင်မြင်ဖို့ ပို့ဆောင်ရေးကဏ္ဍက အထူးအလေး ပေးဆောင်ရွက်စို့**
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၄၀ ပြည်သူတို့ရဲ့ စကားသံများ
၂၁း၄၅ မြန်မာ့စလေ့ရိုးရာလက်ဝှေ့
၂၂း၀၀ ပွဲပြီးသုံးသပ်ချက်

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ကျေးဇူးရှင်ဆရာ ပြည်ထောင်စုရှေ့နေချုပ် ဝဏ္ဏကျော်ထင် ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်ဂုဏ်ထူးဆောင်ဆု (International Jurists Award-2013) ကို ချီးမြှင့်ခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး
အဂ္ဂမဟာသီရိသုဓမ္မသီဂီ သီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း (ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်လင်း ၁၂/ဒဂန(နိုင်)၀၀၀၃၅၉၏ ပင်လယ်ကူးသင်္ဘောသားအောင်လက်မှတ် No-6712/05သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။**ဖုန်း-၀၉-၄၉၃၀၄၄၀၅**

စာအုပ်စာပေ လူ့မိတ်ဆွေ

ဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုရှေ့နေချုပ် ဝဏ္ဏကျော်ထင် ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်ဂုဏ်ထူးဆောင်ဆု (International Jurists Award-2013) ကို ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဒေါ်မော်မော်အေး
ညွှန်ကြားရေးမှူး(ငြိမ်း)
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုရှေ့နေချုပ် ဝဏ္ဏကျော်ထင် ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ခုနှစ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်ဂုဏ်ထူးဆောင်ဆု(International Jurists Award-2013) ကို ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဦးရဲလွင်
ချင်းပြည်နယ်ဥပဒေအရာရှိ

နိုင်ငံတကာသတင်း

ခိုးယူထားအတွင်း ရေဒီယိုသတ္တိကြွပစ္စည်းတွေ့ မက္ကဆီကိုပညာရှင်များ ရှင်းလင်းဖယ်ရှား

မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၅

မက္ကဆီကိုနိုင်ငံ၌ ခိုးယူသွားသော ထရပ်ကားတစ်စီးတွင် အန္တရာယ်များသော ရေဒီယိုသတ္တိကြွဆေးပစ္စည်းတွေ့ရှိရကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောသည်။

အဆိုပါ ရေဒီယိုသတ္တိကြွပစ္စည်းမှာ Cobalt ဖြစ်ပြီး ၎င်းကိုဖယ်ရှားရေးကိရိယာဖြင့် ရှင်းလင်းပစ်ပြီး အနီးအနားသို့ စွန့်ပစ်သည်ဟု ဆိုသည်။ သူခိုးများသည် ဓာတ်ရောင်ခြည် သင့်ဖွယ်ရှိသည်။

သို့ရာတွင် ၎င်းရေဒီယို သတ္တိကြွပစ္စည်းသည် ဒေသခံများအတွက် အန္တရာယ်မရှိနိုင်ဟု ဆိုသည်။

အဆိုပါရေဒီယိုသတ္တိကြွပစ္စည်းနှင့်ကားကို ဒီဇင်ဘာ ၂ ရက်က ခိုးယူခဲ့သော မက္ကဆီကိုစီးတီးအနီး၌ တွေ့ရှိခဲ့သည်ဟု ဆိုသည်။ ၎င်းရေဒီယို သတ္တိကြွပစ္စည်းကို ဟူပိုတလာမြို့အနီးမှ တွေ့ရှိရသည် ဟု ဆိုသည်။ **(ဘီဘီစီ)**

ကားသစ်ဈေးထက် ကားဟောင်းဈေးမြှင့်ရောင်းလျှင် ထောင်ဒဏ် ခြောက်နှစ်မှ ၁၂ နှစ်ထိပြစ်ဒဏ်ချမည်

ကရာကာစ် ဒီဇင်ဘာ ၅

ဗင်နီဇွဲလားသမ္မတ မာဒူရိုက မော်တော်ကားသစ်နှင့် တစ်ပတ်ရစ်ကားများ ဈေးနှုန်းထိန်းချုပ်သွားရန် ဥပဒေတစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ဒီဇင်ဘာ ၅ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

လောလောဆယ် ဗင်နီဇွဲလားနိုင်ငံတွင် ကားသစ်များဝယ်ယူရန်ခက်ခဲပြီး တစ်ပတ်ရစ်ကားများကိုသာ ဈေးနှုန်းအဆမတန် ပေးဝယ်စီးနေကြရသည်ဟု ဆိုသည်။

မစ္စတာ မာဒူရိုသည် ယခင်ကလည်း လျှပ်စစ်ပစ္စည်းများ၊ ကလေးကစားစရာများနှင့် အဝတ်အထည်များကို ဥပဒေပြင့် ထိန်းချုပ်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ဗင်နီဇွဲလားကားဈေးကွက်အတွင်း အသုံးပြုပြီး တစ်ပတ်ရစ်ကားများကို ဂိုဏ်းဖွဲ့ဈေးကစားနေ၍ ဈေးနှုန်းအဆမတန် မြင့်တက်နေကြောင်း ၎င်းကစွပ်စွဲပြောကြားလိုက်သည်။

ကားသစ်များထက် ကားဟောင်းများကို ဈေးနှုန်းတက်မရောင်းရဟု ဥပဒေပြဋ္ဌာန်းထားသည်။ ဥပဒေသစ်အရ ကားများကို အဆမတန် ဈေးတက်ရောင်းလျှင် ထောင်ဒဏ်ခြောက်နှစ်မှ ၁၂ နှစ်အထိချမည်ဖြစ်ကြောင်း သမ္မတမာဒူရိုက ပြောသည်။ **(ဘီဘီစီ)**

ကာကွယ်ရေးဇုန်ပေါ် ပျံသန်းနိုင်ရေး လေကြောင်းလိုင်းများခွင့်တောင်းခဲ့

ပေကျင်း ဒီဇင်ဘာ ၅

နိုင်ငံ ၁၉ နိုင်ငံနှင့်ဒေသသုံးခုမှ လေကြောင်းလိုင်း ၅၅ လိုင်းသည် အရှေ့တရုတ်ပင်လယ်လေကြောင်းရှိ ကာကွယ်ရေးဇုန်အပေါ်မှ ပျံသန်းရန်အတွက် ပျံသန်းရေးအစီအစဉ်များကို တရုတ်နိုင်ငံသို့ တင်ပြခဲ့ကြကြောင်း ဒီဇင်ဘာ ၄ ရက်က ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် အဆိုပါ ကာကွယ်ရေးဇုန် တည်ထောင်ခြင်းနှင့်ပတ်သက်၍ နိုင်ငံများစွာနှင့်နားလည်မှုရရှိခဲ့ခြင်းဖြစ်သည်။ ပြည်သူများအနေဖြင့် ပျံသန်းရေးအစီအစဉ်များ တင်ပြခြင်း ကိစ္စသည် ထိပ်တိုက်ရင်ဆိုင်ခြင်းထက် မိမိတို့လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ သဘောပေါက်လာကြသည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရ ပုဂ္ဂိုလ် ဟောင်လိက နေ့စဉ်သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အမေရိကန်ဒုတိယသမ္မတဂျိုးဘိုင်ဒင်တို့တွေ့ဆုံပြီးနောက်ဟောင်၏ သုံးသပ်ချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အာရှသုံးနိုင်ငံခရီးစဉ်ကို စတင်ခဲ့သော ဘိုင်ဒင်က ဒေသတွင်းတင်းမာမှုလျှော့ကျစေရေးအတွက် အသစ်ဖွဲ့စည်းလိုက်သော ကာကွယ်ရေးဇုန်နှင့် ပတ်သက်၍ တရုတ်ခေါင်းဆောင်များအတွက် စိုးရိမ်ပူပန်မှုများ တိုးပွားလာသည်ဟု ဒီဇင်ဘာ ၃ ရက်က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မိမိထို့အနေဖြင့် နည်းပညာကိစ္စရပ်များနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ အဖွဲ့များနှင့်ထိတွေ့ဆက်ဆံဖို့ ဆန္ဒရှိသည့်အပြင် ပျံသန်းရေးလုံခြုံမှုနှင့် အစီအစဉ်ကျမှတွေအတွက် ဖြူပြင်ထိန်းသိမ်းရေးတွင် အပြန်အလှန် ညီတူညီမျှ အကျိုးရှိရှိဆောင်ရွက်ဖို့ ဆန္ဒရှိကြောင်း ဟောင်က ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

ကမ္ဘာ့အကြီးဆုံးဓာတ်ငွေ့တင်သင်္ဘော တောင်ကိုရီးယားတည်ဆောက်

ရျောဂျီး(တောင်ကိုရီးယား)ဒီဇင်ဘာ ၅

ကမ္ဘာကျော် စွမ်းအင်ကုမ္ပဏီ ရဲကုမ္ပဏီက ကမ္ဘာ့အကြီးဆုံး ဓာတ်ငွေ့တင်သင်္ဘောကို တောင်ကိုရီးယားနိုင်ငံ၌ တည်ဆောက်နေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၄ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

Prelude ဟုအမည်ပေးထားသော အဆိုပါ သင်္ဘောကို **(အောက်ပုံ)** တောင်ကိုရီးယားရေပြင်တွင် ပထမဆုံး ဆောက်လုပ်ခြင်းဖြစ်သည်ဟု ဆိုသည်။ ၎င်းကို အပြည့်အဝတည်ဆောက်ပြီးစီးချိန်တွင် ကမ္ဘာ့အကြီးဆုံးသင်္ဘောဖြစ်လာမည်ဖြစ်ပြီး တန်ချိန်အားဖြင့် ၆၀၀၀၀၀ ရှိသည်။

အဆိုပါသင်္ဘောကို ၂၀၁၇ ခုနှစ်မှစပြီး သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးတွင် အသုံးပြုနိုင်မည် ဟုဆိုသည်။ ၎င်းကို ဩစတြေးလျ အနောက်မြောက်ပိုင်းကမ်းလွန်၌ ၂၅ နှစ်ကြာထားရှိသွားမည်ဟုဆိုသည်။ ယင်းဒေသသည် နိုဝင်ဘာလမှ ဧပြီလအထိ နှစ်စဉ်ဆိုင်ကလုန်း မုန်တိုင်းဖြစ်ပေါ်ရာဒေသဖြစ်သည်။ သို့ရာတွင် ၎င်းသင်္ဘောသည် ထိခိုက်ပျက်စီးနိုင်ခြင်း မရှိအောင် တည်ဆောက်သွားမည်ဟု ဆိုသည်။ ၎င်းဓာတ်ငွေ့တင်သင်္ဘောသည် ဟောင်ကောင်ကဲ့သို့ မြို့တစ်မြို့ကို ဓာတ်အားလုံလောက်စွာပေးနိုင်သည်ဟု ဆိုသည်။ သို့ရာတွင် ၎င်းကုမ္ပဏီက သင်္ဘောတည်ဆောက်ခြင်း ကုန်ကျစရိတ်ကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ ၎င်းသင်္ဘောကို တည်ဆောက်ရာတွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၈ ဘီလီယံနှင့် ၁၂ ဒသမ ၆ဘီလီယံကြား ကုန်ကျနိုင်ကြောင်း လေ့လာသူများက ရိုက်တာသို့ ပြောသည်။ **(ဘီဘီစီ)**

နိုင်ငံတိုးတက်ရေးအပြန်အလှန်ပူးပေါင်းဆောင်ရွက် ထိုင်းဘုရင်ဘူမိဘော မွေးနေ့ပွဲတွင် ပြောကြား

ဗန်ကောက် ဒီဇင်ဘာ ၅

ထိုင်းဘုရင်ဘူမိဘောအဒူလျာဒက်ဂျ်က နိုင်ငံကောင်းဖို့အတွက် အပြန်အလှန်ကူညီပေးကြပါရန် ၎င်း၏မွေးနေ့အခါသမယ မိန့်ခွန်းပြောကြားရာတွင် ပြောကြားလိုက်သည်။

ဗန်ကောက်မြို့၌ အကြမ်းဖက်ဆန္ဒပြမှုများ ဖြစ်ပွားပြီးနောက် ရပ်နားထားစဉ် ဘုရင်ဘူမိဘောအဒူလျာဒက်ဂျ်၏ (၈၆)နှစ်မြောက် မွေးနေ့ပွဲကျင်းပခဲ့ကြသည်။ ထိုင်းနိုင်ငံသည် ပြည်သူများ၏စည်းလုံးညီညွတ်မှုကြောင့် ငြိမ်းချမ်းရေးရရှိနေခြင်းဖြစ်ကြောင်း ဟွာဟင်းကမ်းရိုးတန်းအပန်းဖြေစခန်းရှိ ၎င်း၏နန်းတော်မှ ပြောကြားသည်။ ယခုသီတင်းပတ်အစောပိုင်းက ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူများအကြား အကြမ်းဖက်အဓိကရုဏ်းဖြစ်ပွားခဲ့ကြသည်။

နိုဝင်ဘာ ၂၄ ရက်က စတင်ခဲ့သော ဆန္ဒပြသူများက လက်ရှိအစိုးရ ဆင်းပေးရန် တောင်းဆိုလျက်ရှိသည်။ ယင်းတို့သည် ထိုင်းဘုရင်မွေးနေ့ပွဲ အခမ်းအနားအတွက် အစိုးရ အဆောက်အအုံများတိုက်ခိုက်ခြင်းကို ရပ်ဆိုင်းပေးရန် သဘောတူညီထားသည်။ သို့ရာတွင် ဘုရင်မွေးနေ့ပွဲပြီးလျှင် ပြန်လုပ်မည်ဟု ဆိုသည်။

ဒီဇင်ဘာ ၅ ရက်တွင် ထောင်ပေါင်းများစွာသော ပြည်သူများသည် ဘုရင်၏ ကလိုင်ကန်ဝမ်နန်းတော်အနီးရှိ ဟွာဟင်းမြို့သို့ ဦးတည်သွားရောက်ကြကြောင်း ဖန်ကောက်ပို့စ်က ပြောသည်။ *(ဘီဘီစီ)*

အင်ဒိုနီးရှားသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှု တိုးတက်လျက်ရှိ

ဂျကာတာ ဒီဇင်ဘာ ၅

အင်ဒိုနီးရှားသို့ အောက်တိုဘာလတွင် ဝင်ရောက်လာသော ကမ္ဘာလှည့်ခရီးသည်အရေအတွက်သည် ၄ ဒသမ ၅၉ ရာခိုင်နှုန်း ၇၁၉၉၀၀ ဦးရှိခဲ့ကြောင်း အမျိုးသားစာရင်းအင်းဗျူရိုက ဒီဇင်ဘာ ၂ ရက်က ပြောကြားခဲ့သည်။

ပို၍ထူးခြားသည်မှာ အင်ဒိုနီးရှားတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၏ အဓိကနေရာဖြစ်သော ဘာလီကျွန်းသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသွား အရေအတွက်သည် ယခင်နှစ်ကထက် ယခုနှစ်တွင် ၅ ဒသမ ၄၄ ရာခိုင်နှုန်း၊ ၂၆၆၅၀၀ လာရောက်လည်ပတ်ကြောင်း အဆိုပါဗျူရိုတွင် ပြုလုပ်သည် သတင်းစာရှင်းလင်းပွဲ၌ အင်ဒိုနီးရှားစာရင်းအင်းဌာန အကြီးအကဲ ဆူအာယာမင်က ပြောကြားခဲ့သည်။

ယခင်နှစ် မှတ်တမ်းများအရ ကမ္ဘာလှည့်ခရီးသည် ၈ ဒသမ ၀၄ သန်း ရှိခဲ့သော်လည်း ယခုနှစ်တွင် ကိုးသန်းအထိလာရောက်လည်ပတ်ရန် အစိုးရက မျှော်လင့်ထားကြောင်း သိရသည်။

အင်ဒိုနီးရှား၏ လူဦးရေ ၂၃၈ သန်းတွင် အများစုသည် မွတ်ဆလင်များဖြစ်ကြပေရာ အစိုးရသည် မွတ်ဆလင်ကမ္ဘာလှည့်ခရီးသွားများကို အားပေးခြင်းနှင့် ကျန်းမာရေးနှင့်ဆိုင်သော ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတိုးတက်လာစေခြင်းပြင့် ပင်လယ်ရပ်ခြား အားလပ်ရက် အပန်းဖြေသူများကို ပိုမိုဆွဲဆောင်ရန် အစိုးရက ကြိုးပမ်းအားထုတ်နေကြောင်းသိရသည်။ **(ဆင်ဟွာ)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဒေသ(၈)၊ ဖွန်ပြည်နယ်ဦးစီးမှူးရုံးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တည့်နေရာ	ပစ္စည်းအမျိုးအစား
၁။	မြဝတီမြို့နယ်၊အင်ကြင်းမြိုင်ကျေးရွာ	ကျောက်ကြီး၊ ကျောက်စရစ်၊ မြစ်သဲ၊ သံချောင်း ဘိလပ်မြေ၊ သံဆန်ခါ၊ Polyfelt၊ ဂဝံမြေကြီး အုတ်၊ တောသစ်
၂။	မြဝတီမြို့နယ်၊ မင်းလက်ပံကျေးရွာ	ကျောက်ကြီး၊ ကျောက်စရစ်၊ မြစ်သဲ၊ သံချောင်း ဘိလပ်မြေ၊ သံဆန်ခါ၊ Polyfelt၊ ဂဝံမြေကြီး အုတ်၊ တောသစ်
၃။	ဝေါလေမြိုင်မြို့နယ်ခွဲ၊ ဝေါလေကျေးရွာ	ကျောက်ကြီး၊ ဂဝံမြေကြီး၊ ဘိလပ်မြေ၊ Gabian box၊ Polyfelt ၊ သံချောင်း

တင်ဒါပုံစံရောင်းချခြင်း၊ တင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသခွဲ(၁၀)၊ ဘားအံမြို့နယ်ရုံး၊ ဥယျာဉ်လမ်း၊ အမှတ်(၃)ရပ်ကွက်၊ ဘားအံမြို့

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၆-၁၂-၂၀၁၃ရက်

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၁၇-၁၂-၂၀၁၃ရက်/၁၂:၀၀နာရီ

တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၁၇-၁၂-၂၀၁၃ရက်/၁၄:၀၀နာရီ

တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသခွဲ(၁၀)၊ဘားအံမြို့နယ်ရုံး၊ ဖုန်း-၀၅၈-၂၂၅၀၂ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

ပျောက်ဆုံးကြောင်း

ကိုသူရိန်ဆက် ၁၂/မဘန(နိုင်) ၁၁၃၄၀၂၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါ။

ဖုန်း-၀၉-၇၃၀၄၇၂၈၆

တော်ဝင်ရတနာဆင်ဖြူတော်

ရဟန်းသံဃာသီးသန့်သုံးဂွမ်းကပ်စောင်

အနေကထိုင်၊ခေါင်းအုံးစွပ်များကို

သက်နိုး၊ ပရိက္ခရာဆိုင်တိုင်းတွင် ရနိုင်ပြီ။

01 223528,09 49231037

Mitsubishi Rosa မီနီဘတ်စ်

နှစ်စီးရောင်းမည်

အမည်ပေါက်ရမည်။ ၂၀၀၀ မော်ဒယ်၊ ဒီဇယ်၊

အော်တိုဂီယာ၊ ၂၇ခုံအသစ်၊ ကီလိုငါးသောင်းကျော်၊

အရှည် ၂၃ပေ၊ ကျပ်သိန်း ၂၈၀၊ ညှိနှိုင်း။

ဖုန်း-၀၉-၄၉၇၃၄၀၈၁၊ ၀၉-၂၅၀၂၇၉၉၁၆

ရန်ကုန်တက္ကသိုလ်၌ အဆောင်များ ပြင်ဆင်ထားရှိ

ရန်ကုန် ဒီဇင်ဘာ ၅

ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်သည် ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာနရှိ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် ဝထမနှစ်သင်တန်းဖွင့်လှစ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများအတွက် အဆောင်များပြင်ဆင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမေရိကန်နှင့် ဗြိတိန်ထောက်လှမ်းရေးအေဂျင်စီများ ကုလသမဂ္ဂစုံစမ်းစစ်ဆေးသွားမည်

ကုလသမဂ္ဂ ဒီဇင်ဘာ ၅

အမေရိကန်ထောက်လှမ်းရေး ကန်ထရိုက်တာဟောင်း အက်ဒွပ်စနိုးဒန်းက သတင်းများဖွင့်ချခဲ့ပြီးနောက် အမေရိကန်နှင့်ဗြိတိန်တို့၏ ထောက်လှမ်းရေးအေဂျင်စီများအား ကုလသမဂ္ဂက စုံစမ်းစစ်ဆေးသွားမည်ဟု ဆိုသည်။

အမေရိကန်အမျိုးသား ထောက်လှမ်းရေးအေဂျင်စီ၊ ယူကေထောက်လှမ်းရေးဌာန၊ အစိုးရ ဆက်သွယ်ရေးရုံးချုပ်များသို့ ဝင်ရောက်သည့် ကမ္ဘာတစ်ဝန်းမှ ဖုန်းခေါ်ဆိုမှုများ၊ အီးမေးလ်ဆက်သွယ်မှုများ၊ မက်ဆေ့ခ်ျများကို ကုလသမဂ္ဂအထူးစစ်ဆေးရေးမှူး ဘင်အီမာဆင်က စုံစမ်းဖော်ထုတ်သွားမည်ဖြစ်ကြောင်း ဂါးဒီးယန်းသတင်းစာက ဖော်ပြသည်။ ယင်းစုံစမ်းတွေ့ရှိချက်များကို လာမည့်နှစ် ကုလသမဂ္ဂအထွေထွေညီလာခံ၌ တင်ပြသွားမည်ဟု ဆိုသည်။

(ပရက်စ်တီဗွီ)

• •

ဆန္ဒပြသူများ ဗန်ကောက်မြို့ကို သန့်ရှင်း

ဗန်ကောက် ဒီဇင်ဘာ ၅

ထိုင်းအစိုးရ ဆန့်ကျင်ဆန္ဒပြသူများသည် မြို့တော်ဗန်ကောက်၌ အကြမ်းဖက်ဆန္ဒပြမှုများ ဖြစ်ပွားပြီးနောက် ထိုင်းဘုရင်၏ (၈၆) နှစ်မြောက် မွေးနေ့မတိုင်မီ အပျက်အစီးများကို ရှင်းလင်းမှုများ ပြုလုပ်နေကြသည်။

ကြာသပတေးနေ့တွင် ကျရောက်မည့် ထိုင်းဘုရင်မွေးနေ့ပွဲအတွက် ထိုင်းပြည်သူများက လမ်းများပေါ်တွင် သန့်ရှင်းရေးပြုလုပ်ခဲ့ကြသည်။

လုံခြုံရေးတပ်များက အတားအဆီးများကို ဖယ်ရှားလိုက်ပြီးနောက် ဆန္ဒပြမှုများ လျော့နည်းသွားသည်။ သို့ရာတွင် အနည်းငယ်မျှသာ ရဲရုံးချုပ်သို့ ချီတက်နေသည်ကို တွေ့ရသည်ဟု ဆိုသည်။

(ပရက်စ်တီဗွီ)

မောင်နွေသစ် - စုစည်းသည်

ပြည်တွင်းနှင့်နိုင်ငံတကာသတင်း

* ကျောဖုံးမှ

(ဃ) မူးယစ်စေတတ်သော ဆေးဝါး၊ အရက်သေစာသောက်စား၍ လာရောက်ကြည့်ရှုအားပေးမှု၊ ဆဲဆိုအော်ဟစ်မှုပြုသူများအား ဝိုင်းဝန်းထိန်းသိမ်းပေးကြပါရန်နှင့် တာဝန်ရှိသူများထံ အကြောင်းကြားပေးပါရန်။

(င) အများပြည်သူ၏ လုံခြုံရေးအတွက် လုံခြုံရေးအဖွဲ့များ၊ တာဝန်ရှိသူများ၏သတ်မှတ်စည်းမျဉ်းများအတိုင်း စစ်ဆေးရှာဖွေမှုများတွင် လိုက်နာ၍ စိတ်ရှည်ကြည်ဖြူစွာခံယူလျက် ဝိုင်းဝန်းကူညီကြပါရန်။

(စ) အားကစားကွင်း၊ အားကစားရုံများသို့ ဝင်/ထွက်သည့်အခါ စည်းကမ်းတကျတန်းစီပြီး သတ်မှတ်လမ်းကြောင်း နေရာအသီးသီးမှသာ ဝင်/ထွက်၍ သတ်မှတ်ထိုင်ခုံ နေရာများမှသာ အားပေးကြပါရန်။

(ဆ) ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ညွှန်ပြသည့် လမ်းကြောင်းအတိုင်း ဝင်ရောက်၍ သတ်မှတ်ယာဉ်ရပ်နားနေရာများတွင်သာ ယာဉ်ရပ်နားကြပါရန်။

(ဇ) နိုင်ငံခြားသားဧည့်သည်တော်၊ အားကစားသမားများက တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ အကူအညီတောင်းခံလာပါက တတ်နိုင်သမျှကူညီပေးပါရန်နှင့် လိုအပ်ပါက သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဆက်သွယ်ကူညီဆောင်ရွက်ပေးပါရန်။

(ဈ) မိမိပတ်ဝန်းကျင်တွင် မသင်္ကာဖွယ်လူ/ပစ္စည်းနှင့် အကြောင်းခြင်းရာတွေ့ရှိပါက လုံခြုံရေးတာဝန်ရှိသူများထံ ချက်ချင်း (ချတ်ချင်း)အသိပေးကူညီကြပါရန်။

၄။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး၏ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနား၊ အားကစားကွင်းများနှင့် အားကစားရုံများသို့ လာရောက်ကြည့်ရှုအားပေးကြမည့် ပြည်သူလူထုအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်လာခြင်းမပြု(မပြု)ပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်-

(က) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် လက်နက်နှင့် ခဲယမ်းအမျိုးမျိုး။

(ခ) ပြည်သူများကို အနှောင့်အယှက်ဖြစ်စေပြီး ဘေးအန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းအမျိုးမျိုး။

(ဂ) လမ်းလျှောက်စကားပြောစက်များ၊ ကြားဖြတ်အသံလိုင်းဖမ်းယူစက်၊ တယ်လီဖုန်းလိုင်းအား အနှောင့်အယှက်ပေးနိုင်သော ရေဒီယိုလှိုင်းထုတ်နိုင်သည့်ကိရိယာများ။

(ဃ) ခရာ၊ စပီကာကဲ့သို့သော အသံဆူညံစွာ ဖြစ်စေသည့် ကိရိယာများ။

(င) Spray ဘူးများ၊ အရက်ပြန်ပုလင်းများကဲ့သို့ မီးလောင်လွယ်သောဝစ္စည်းများ။

(စ) လေဆာညွှန်တံများနှင့် အမြင်အာရုံကို ထိခိုက်စေမည့် မီးအလင်းရောင်ထွက်သည့်ပစ္စည်းများ။

(ဆ) အနံ့အသက်ဆိုးရွားသောပစ္စည်းများ။

(ဇ) ငရုတ်ကောင်းရည်၊ မျက်ရည်ယိုဆေးရည်ကဲ့သို့သော တစ်ကိုယ်ရေကာကွယ်ရေး ဖျန်းဆေးများ။

(ဈ) အိမ်မွေးတိရစ္ဆာန်နှင့်အခြားတိရစ္ဆာန်များ။

(ည) အရွယ်အစားကြီးမားသည့် ဆိုင်းဘုတ်၊ ဦးထုပ်၊ ထီးများနှင့် အသုံးအဆောင်ပစ္စည်းကိရိယာများ။

(ဋ) အရေအတွက်ထုထည်ကြီးမားသော အစားအသောက်များ။

(ဌ) ပြိုင်ပွဲဝင်နိုင်ငံများမှအပ အခြားနိုင်ငံများ၏ အလံများ၊ အားကစားပွဲနှင့် သက်ဆိုင်ခြင်းမရှိသော ဆိုင်းဘုတ်၊ ပိုစတာ၊ စာရွက်စာတမ်းများ။

(ဍ) ကွမ်းယာထုပ်များ၊ ဘေးပတ်ဝန်းကျင်အား ညစ်ပတ်ပေကျံနိုင်သောပစ္စည်းများ။

၅။ ပြိုင်ပွဲကျင်းပမည့်နေရာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်အင်အားများ၊ CCTV နှင့် ခေတ်မီနည်းပညာအထောက်အကူပြု ပစ္စည်းများတပ်ဆင်ပြီး လုံခြုံမှုရှိစေရေးအတွက် စောင့်ကြပ်ကြည့်ရှုပေးသွားမည်ဖြစ်ပါကြောင်းနှင့် မိဘပြည်သူလူထု အားလုံးကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံလျက် ဝန်ကြားအပ်ပါသည်။

အကူအညီတောင်းခံနိုင်သည့် ဖုန်းနံပါတ်များ

နေပြည်တော်	- ၀၆၇-၈၁၁၄၀၈၀၊ ၀၆၇-၅၅၀၂၀၀၊ ၀၆၇-၅၅၀၂၀၂၊ ၀၆၇-၅၅၀၃၃၃၊ ၁၉၉
ရန်ကုန်	- ၀၆၇-၈၁၀၄၀၇၈၊ ၀၁-၂၃၀၄၄၀၁၊ ၀၁-၂၃၀၄၄၀၂၊ ၀၁-၂၃၀၄၄၀၃၊ ၀၁-၂၃၀၁၉၉၊ ၁၉၉
မန္တလေး	- ၀၆၇-၈၁၀၄၀၇၇၊ ၀၂-၃၆၈၇၁၊ ၀၂-၃၆၈၆၉၊ ၀၂-၃၉၆၃၅၊ ၀၂-၆၁၄၄၄၊ ၁၉၉
ပုသိမ်(ငွေဆောင်)	- ၀၆၇-၈၁၀၄၀၇၇၊ ၀၄၂-၂၅၈၂၂၊ ၀၄၂-၂၁၀၅၁၊ ၀၄၂-၂၃၈၄၄၊ ၀၄၂-၄၀၁၈၀၊ ၁၉၉

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ

လှေမှောက်၍သေဆုံးခဲ့သည့် မြန်မာအလုပ်သမားငါးဦးအတွက် အမှုဖွင့်

ဗန်ကောက် ဒီဇင်ဘာ ၅

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အနောက်ဘက် ၁၂၃ ကီလိုမီတာခန့်အကွာတွင်ရှိသော ဖက်ဘူရီနယ်မြေ ဘန်လိုင်းလေ့ဆိပ်မှ ငါးဖမ်းရန်ထွက်သွားသည့် လေနစ်မြုပ်သဖြင့် သေဆုံးခဲ့ရသည့် မြန်မာလှေအလုပ်သမားငါးဦးနှင့် ထိုင်းနိုင်ငံသားအလုပ်သမားတစ်ဦး ကိစ္စအတွက် Myanmar Association in Thailand ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့တွင် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။

စတင်ထွက်ခွာ

ဖြစ်စဉ်မှာ အောက်တိုဘာ ၆ ရက် ထိုင်းနိုင်ငံစံတော်ချိန် နံနက် ၁၁ နာရီခန့်က ထိုင်းနိုင်ငံပင်လယ်ပြင်ထဲတွင် ငါးဖမ်းရာထွက်လာသည့် လှေနစ်မြုပ်ခဲ့ကြောင်း သိရပြီး ထိုင်းနိုင်ငံသားပဲ့နင်းတစ်ဦးနှင့်အတူ မြန်မာလှေအလုပ်သမားငါးဦး ဖြစ်ကြသည့် ထားဝယ်မြို့နယ် ပဲဒက်စ်ပြကျေးရွာနေ မောင်ကျော်ဆန်း (၂၂ နှစ်) ထားဝယ်မြို့ ကျက်စာပြင်ရပ်ကွက်နေ မောင်မင်းဇင်၊ ရေဖြူမြို့နယ် ပုဂေါ်ဇွန်းကျေးရွာနေ မောင်ဇော်ကိုဦး (၁၈ နှစ်)၊ ရေဖြူမြို့နယ် ပုဂေါ်ဇွန်းကျေးရွာနေ ဦးတေဇ (၃၅နှစ်)နှင့် ကော့သောင်းမြို့နေ မောင်မင်းမင်းတို့ သေဆုံးခဲ့ကြကာ အဆိုပါငါးဖမ်းလှေမှာ စက်တင်ဘာလ ၂၂ ရက်က စတင် ထွက်ခွာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခင်ပွန်းနှင့် သားတစ်ဦး သေဆုံးခဲ့သည့် ဒေါ်ညိုသန်းက "လှိုင်းကြီးလို့ မြုပ်သွားတာလို့ သိရတယ်။ အလုပ်ရှင်သူဌေးက မြုပ်သွားတဲ့လှေကို ပြန်ဖော်ပြီး ငါးပြန်ဖမ်းနေပြီ။ ကျွန်မမှာ လင်ရောသားပါ သေဆုံးခဲ့ရပါတယ်။ သေဆုံးသွားသူတွေအတွက် အလုပ်ရှင်သူဌေးက ဘာတစ်ခုမျှ စီမံဆောင်ရွက်ပေးတာ မရှိပါဘူး" ဟု ပြောသည်။

တိုင်ပင်

သေဆုံးခဲ့ကြသည့် မြန်မာအလုပ်သမားများ အားလုံးတွင် တရားဝင် ဝတ်စ်ပို့များရှိနေကြောင်း သိရပြီး ဗန်ကောက်မြို့ အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT ရုံးတာဝန်ခံ ကိုစိုင်းအေးက "သေမှုသေခင်းဆိုတော့ မြန်မာသံရုံးကိုလည်း တင်ပြရမယ်။ ကျွန်တော်တို့ရုံးမှာ ရှိတဲ့ FED က ရှေ့နေကြီးတွေနဲ့လည်း တိုင်ပင်မယ်၊ ပြီးတော့ လုပ်ငန်းခွင်အတွင်းမှာ သေဆုံးသွားခဲ့ခြင်း ဖြစ်တာကြောင့် ဒီအလုပ်သမားတွေ အသက်လျော်ကြေးရအောင် ကျွန်တော်တို့ ကြိုးစားသွားပါမယ်" ဟု ပြောသည်။

ပြင်ဆင်ခွင့်ရှိ

ထိုင်းနိုင်ငံတွင် ကျင့်သုံးနေသော အလုပ်သမားဥပဒေအရ အမှုအခင်းတစ်ခု ခြောက်လထက် မကြာမြင့်မီ အမှုဖွင့်ရမည်ဖြစ်သလို၊ တရားရုံးမှ အဆုံးအဖြတ်ချမှတ်လိုက်သည့် ပြစ်ဒဏ်တစ်ခုခုကို ကျေနပ်ခြင်းမရှိဘဲ ပြန်လည်အယူခံဝင်မည်ဆိုပါက တစ်လခွဲကာလအတွင်း ပြင်ဆင်ခွင့်ရှိနေကြောင်းလည်း MAT မှ ပြောခဲ့သည်။

(စိုးဝင်း- SP)

ဝယ်ယူ/ငှားယူလိုသည်
တိုက်ခန်းနှင့် လုံးချင်းတိုက်
ပိုင်ရှင်ဆက်သွယ်ပါရန်
(ပွဲစားမလို) 245585,
246663, 706677,
0943133981

အလိမ္မာ စာမှာရှိ

အောင်ဆန်း(၅) ဖောင်ကြီး သူငယ်ချင်းအပေါင်းတို့

တို့သင်တန်းရဲ့ (၁၃)ကြိမ်မြောက် ဆရာကန်တော့ပွဲနဲ့ တွေ့ဆုံပွဲကို ၅-၁-၂၀၁၄ရက် နံနက် ၁၁ နာရီတွင် အမှတ် ၈၁၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ရှိ Sun Rich Chinese Restaurant မှာ ကျင်းပမယ်။ မပျက်မကွက် ကက်ရောက်ဖို့ ဖိတ်ကြားပါသည်။

ကျင်းပရေးအဖွဲ့၊ အောင်ဆန်း(၅)

UNIQUE STAR TRAVELS.

Promotion (၃) ဦးဝယ်လျှင် + (၁) ဦး အခမဲ့

တောင်ကြီး၊ အင်းလေး၊ကလော၊ကုံလုံ	Dec: 29 / Jan: 16,30	(195,000)
ပုဂံ–မန္တလေး၊ပြင်ဦးလွင်	Dec: 21/ Jan: 16,30	(195,000)
ချောင်းသာ Daily (Hotel Max) (70,000) / ငွေဆောင် (Friday)		(80,000)

(5), Asia Plaza. Ph: 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166
No.(70/A), Kabaaye Pagoda Rd, Bahan Tsp. Ph: 860 4964, 860 4965, 860 4966, 09 514 8079

ဘဝခွန်အားရှိခဲ့သော ဒဿနဆန်ဆန်စကားများ

သန်းထိုက်(ရွှေရိပ်)

၁၀၀၀/-ကျပ်

မဏ္ဍိုင်စာပေတိုက်...

For Sale Lakh 1250 (net)

Land Cruiser-2008 Model,
4700 CC (Petrol),
Grade 4.5(B)
Only 19000* Kilo,
10 Air bags - 3 Camera,
3 TV, Watch Key +++

ဖုန်း-09 40 2551 452

ပျောက်ဆုံးကြောင်း

ကျွန်မ မစန်းစန်းအေး ၁၄/ပသန(နိုင်)၀၄၇၈၄၅၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၁၀၉၂၅၈

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမောင်စံလှ ၁၁/ပတန(နိုင်)၀၁၉၄၃၂ ၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၉၃၃၃

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဒီမိုကရေစီနှင့်အညီ ပြောင်းလဲလာသည့် မြန်မာ့မီဒီယာကဏ္ဍ(၂)

ဒေါက်တာ သီတာတင်

ယင်းဥပဒေကြမ်း(၄)ခု အပြန်အလှန်ယှက်နွယ်အကျိုးပြုခြင်းဖြင့် နိုင်ငံတော်နှင့် မီဒီယာတဏ္ဍအတွက် ဖြစ်ပေါ်လာနိုင်မည် အကျိုးတေးဇူးများသည် အလှာငါးလှာပါ အဝန်းအဝိုင်းဖြင့် ဖော်ပြထားရှိသည့် မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေး အဆိုပြုမှဘောင်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိကို ဆက်လက်တင်ပြမည်ဖြစ်ပါသည်။ အဆိုပါ အလှာငါးလှာပါ အဝန်းအဝိုင်းကို ထည့်သွင်းစဉ်းစားရာတွင် နိုင်ငံတကာဥပဒေနှင့် တိုက်ညီစေသည့် အချက်များအပြင် မြန်မာနိုင်ငံ၏ အခြေအနေနှင့် လိုအပ်ချက်များတိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ အဆိုပါ အဆိုပြုမှုဘောင်ကို မီဒီယာဖွံ့ဖြိုးတိုးတက်ရေးကို ဆန်းစစ်ရန်အတွက် UNESCO ၏ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး အညွှန်းကိန်းမှ ရယူထားခြင်းဖြစ်ပါသည်။

ပုံတွင်တွေ့မြင်ရသည့် အတွင်းပိုင်းအကျဆုံးအဝန်းအဝိုင်း(သို့) အောက်ဆုံးအလှာသည် မြန်မာနိုင်ငံ၏ အများပြည်သူများနှင့် သက်ဆိုင်သည့် မီဒီယာဥပဒေရေးရာဝန်းကျင် အနေအထားနှင့် ဆောင်ရွက်မှုအစီအစဉ်ကို ဖော်ညွှန်းထားပါသည်။ ယင်းအလှာအတွင်းရှိ မြန်မာနိုင်ငံ၏ မီဒီယာဝန်းကျင် အနေအထားမှာ များစွာပြောင်းလဲလုပ်ရှားလျက်ရှိနေပြီး ပုံတွင်ဖော်ပြထားသည့် အပေါ်လွှာလေးခု၏ အချင်းချင်း အပြန်အလှန်အမှီပြု လုပ်ဆောင်နေမှုများကလည်း မီဒီယာဝန်းကျင်အပေါ် လွှမ်းမိုးနေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ အဆိုပါအခြေအနေများသည် မီဒီယာဥပဒေရေးရာအခြေအနေအပေါ် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်၍ မီဒီယာဆောင်ရွက်မှုအစီအစဉ်သည်လည်း ပြည်တွင်းပြည်ပမီဒီယာဝန်းကျင်ပြောင်းလဲမှုများ၊ စိန်ခေါ်မှုများနှင့် လိုက်လျောညီထွေကင်ဟပ်သည့် မူဝါဒချမှတ်ရေးကို အမြဲမပြတ်လုပ်ဆောင်နေရမည်ဖြစ်သည်။

မီဒီယာဆိုင်ရာဥပဒေများ(သို့)ပေါ်လစီများပါဝင်သည့် မြန်မာနိုင်ငံ၏ မီဒီယာဝန်းကျင်အနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည့် ရည်မှန်းထားသော မီဒီယာအရည်အသွေးများကို ဒုတိယအလွှာတွင် ဖော်ပြထားပါသည်။ ရည်မှန်းချက်များမှာ မီဒီယာနှင့် သတင်းအချက်အလက်များကို မည်သူမဆို သိရှိနိုင်ခွင့်၊ မီဒီယာပိုင်ဆိုင်မှုဗဟုဝါဒ၊ မီဒီယာအကြောင်းအရာ အမျိုးစုံလင်မှုမျှတသောယှဉ်ပြိုင်မှုနှင့်အတူ ရှင်သန်နိုင်သည့် မီဒီယာဝန်းကျင်၊ ခေတ်သစ်နည်းပညာရရှိနိုင်မှုအခွင့်အလမ်း၊ အတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်၊ ကျင့်စဉ်များနှင့် တာဝန်စတ္တရားများပင်ဖြစ်သည်။ ၎င်းရည်မှန်းချက်များသည် လက်ရှိကျင့်သုံးလျက်ရှိသော (သို့) လွှတ်တော်တွင် အကြံပြုတင်သွင်းထားသော မီဒီယာဆိုင်ရာဥပဒေများတွင် ပါဝင်သည့် ပြဋ္ဌာန်းချက်များသည် အဆိုပါ ရည်မှန်းချက်များကို ဖော်ဆောင်နိုင်ခြင်း(သို့) ပါဝင်ခြင်း ရှိ၊ မရှိကို တိုထိဆိုင်ဆန်းစစ်ပေးနိုင်သည့် အချက်များ (Checklists) များလည်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ လူထုမီဒီယာသည် နိုင်ငံတော်နှင့် ကစ်ကမ္ဘာလုံးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများအပေါ် အကျိုးသက်ရောက်မှုရှိနေသလို၊ နိုင်ငံတော်နှင့်တစ်ကမ္ဘာလုံးဆိုင်ရာဖြစ်ပေါ်တိုးတက်မှုများသည်လည်း မြန်မာနိုင်ငံ၏ လူထုမီဒီယာအပေါ်သက်ရောက်မှုများရှိပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ လူထုမီဒီယာသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတတ်ရေးရည်မှန်းချက်များဖြစ်သည့် စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ အတူသဖြင့် တွေးလက်ဒေသများတွင် ဆင်းရဲမှုလျော့ချနိုင်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးတို့ကိုလည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များဖြစ်သည့် ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးတိုးတတ်ရေးရည်မှန်းချက်များ၊ ကုလသမဂ္ဂ ၂၀၁၅ ခုနှစ်လွန် နောက်ပိုင်းကာလ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်နှင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေကို လျော့ချရေး၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်နိုင်မှုနှင့် လက်နက်ဖျက်သိမ်းခြင်း အစရှိသည့် နိုင်ငံတကာ ကတိကဝတ်များကို လည်းကောင်း ဖြည်ဆည်းဆောင်ရွက်ကြရမည်ကို ကတိယအလွှာတွင် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံ၏ လူထုမီဒီယာသည် လွတ်လပ်၍ အမိအခိုကင်းကာ မိမိဘာသာ စီမံခန့်ခွဲခွင့်ရှိသော လူမှုနိုင်ငံရေးဝန်းကျင်တစ်ခုရှိမှသာလျှင် ၎င်း၏ လုပ်ပိုင်ခွင့်ကို ကောင်းမွန်စွာဆောင်ရွက်နိုင်ပေမည်။ အဆိုပါဝန်းကျင်တစ်ခု ရှိစေရန်အတွက် လွတ်လပ်စွာ သတင်းရယူခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် တရားဥပဒေစိုးမိုးရေးတို့သည် မရှိမဖြစ်လိုအပ်သော အချက်များအဖြစ် စထုတ္ထအလွှာတွင် ဖော်ပြထားပါသည်။ ထိုဝန်းကျင်တစ်ခုကို အောင်မြင်စွာတည်ဆောက်နိုင်ပါက ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူခြင်းတို့လည်းဖြစ်ပေါ်လာပြီး ကောင်းမွန်သောအုပ်ချုပ်မှုကို ဖြစ်ထွန်းစေနိုင်သည့်အခြေအနေကောင်းများလည်း ဖြစ်ပေါ်စေမည်ဖြစ်သည်။ လူထုဆက်သွယ်ရေးမီဒီယာသည် ထိုသို့သော ပတ်ဝန်းကျင်အနေအထားတွင် လည်ပတ်ဆောင်ရွက်ရမည်ဖြစ်သော်လည်း ဒီမိုကရေစီမြှင့်တင်ဖော်ဆောင်ရာတွင် မီဒီယာကဏ္ဍအထူးသဖြင့် သတင်းမီဒီယာကဏ္ဍကိုသာ အလေးပေးလုပ်ဆောင်ခြင်းမျိုး မဟုတ်ဘဲ ဒီမိုကရေစီအသွင်ကူးပြောင်းနေဆဲကာလတွင်း ကည်ဆဲနှင့်အနာဂတ်တွင်ဖြစ်ပေါ်လာမည် လူကူဆက်သွယ်ရေးဆိုင်ရာ ဥပဒေများသည် မြန်မာသတင်းမီဒီယာအခန်းကဏ္ဍကိုလည်း ဆောင်ရွက်ရန်လိုပါသည်။

နောက်ဆုံးအလွှာဖြစ်သည့် ပဉ္စမအလွှာတွင် ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်းပါ အကြောင်းအရာများအားလုံးကို ဖော်ပြထားပါသည်။ စတုတ္ထအလွှာတွင် ဖော်ပြထားသည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ သတင်းအချက်အလက်ရယူခွင့်နှင့် တရားဥပဒေစိုးမိုးရေးတို့သည် ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်းပါ အခြားသောအခြေခံအကြောင်းအရာဖြစ်သလို ဒီမိုကရေစီလွတ်လပ်ခွင့်များနှင့် အခွင့်အရေးများလည်း ဖြစ်ကြသည်။ လွတ်လပ်စွာ ဖွဲ့စည်းခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်များကို ရရှိနိုင်စေရန်အတွက် လိုအပ်သည့်အချက်များလည်းဖြစ်သည်။ သို့ဖြစ်၍ လူထုမီဒီယာဥပဒေများသည် ၎င်းတို့နှင့်သက်ဆိုင်သည့် လက်ရှိကျင့်သုံးနေသော အသရေဖျက်မှုဥပဒေ၊ အဆိုပြုတင်သွင်းထားသည့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဥပဒေနှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်ဥပဒေနှင့်လည်း ဆက်နွယ်မှုရှိရမည်ဖြစ်သည်။

ကုလသမဂ္ဂကြေညာစာတမ်း၏ အပိုဒ် ၁၉ တွင် လူတိုင်းသည် လွတ်လပ်သောသဘောထားအမြင်နှင့် ထုတ်ဖော်ပြောဆိုခွင့်တို့ ဖော်ပြပါရှိပြီး အဆိုပါအခွင့်အရေးတွင် သဘောထားအမြင်များကို အနှောင့်အယှက်မရှိ ကိုင်စွဲထားရှိခွင့်၊ သတင်းအချက်အလက်နှင့် အတွေးအခေါ်များကို ရှာဖွေခြင်း၊ ရယူခြင်း၊ ဖြန့်ဝေအသိပေးခြင်းတို့ကို နယ်စည်းမခြားဘဲ လုပ်ဆောင်နိုင်ခွင့်ရှိခြင်းတို့လည်း ပါရှိသည်။

မီဒီယာဆိုင်ရာ ဥပဒေများသည် ၎င်းတို့နှင့်စပ်ဆက်သည့် အခြားသောဥပဒေများ (ဥပမာ- ရင်းနှီးမြှုပ်နှံမှုဥပဒေ)နှင့်လည်း ချိတ်ဆက်မိရန်လည်း လိုအပ်ပါသည်။ သို့မှသာ ပြည်တွင်းနှင့် ပြည်ပမှရင်းနှီးမြှုပ်နှံလိုသူများအတွက် လမ်းဖွင့်ပေးထားသည့် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်မည် ဖြစ်သည်။

ပုံတွင်ပြထားသည့် ဒုတိယအလွှာမှ ပဉ္စမအလွှာအထိ ဖော်ပြရှင်းလင်းချက်များမှာ မြန်မာ့မီဒီယာစနစ်အတွက် ရည်မှန်းထားသည့်အချက်များပင်ဖြစ်ပါသည်။ အဆိုပါ အလွှာများတွင် ဖော်ပြထားသည့် ရည်မှန်းချက်များသည် လွှတ်တော်တွင် အဆိုပြုတင်သွင်းထားသည့် ဥပဒေကြမ်းသုံးခုနှင့် ရုပ်သံလွှင့်ဥပဒေကြမ်းတို့တွင် ပါဝင်ခြင်း ရှိ၊ မရှိကို သိရှိရန်လိုပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွက် အကြံပြုတင်သွင်းထားသည့် မီဒီယာဥပဒေပြဋ္ဌာန်းခြင်းနှင့် ဥပဒေပြုရေးအစီအစဉ်မူဘောင်။

(ဆက်လက်ဖော်ပြပါမည်)

နမ့်ခမ်းမြို့ ရှမ်းတိုင်းရင်းသားများ၏ နှစ်သစ်ကူးပွဲတော်ကျင်းပ

နမ့်ခမ်း ဒီဇင်ဘာ ၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့၌ ရှမ်းစာပေနှင့် ယဉ်ကျေးမှုက ဦးဆောင်ဦးရွက်ပြုလျက် ရှမ်းတိုင်းရင်းသားများ၏ နှစ်သစ်ကူးပွဲတော်ကို နမ့်ခမ်းမြို့လယ်ဘုရားအနီးကွင်းပြင်၌ ဒီဇင်ဘာ ၃ ရက်က ကျင်းပသည်။ ရှမ်းတိုင်းရင်းသားများ၏ နှစ်သစ်ရက်ဖြစ်သော (နတ်တော်လဆန်း ၁ ရက်နေ့) ဒီဇင်ဘာလ ၃ ရက်အကူး သန်းခေါင်တော်ချိန်ရောက်သည်နှင့် ရှမ်းတိုင်းရင်းသား တိုင်းရင်းသူများက နှစ်သစ်ရောက်ပြီဟု ရှမ်းဘာသာဖြင့် ကြွေးကြော်ကြပြီး နှစ်သစ်မင်္ဂလာရှမ်းတေးသီချင်းကို သံပြိုင်သီဆိုကြကာ မီးကျည်မီးပန်းများ ပစ်ဖောက်၍ ရှမ်းအိုးစည်ကို တပျော်တပါးတီးလျက် နှစ်သစ်ကို ကြိုဆိုကြသည်။ **(အပေါ်ပုံ)**

နံနက် ၈ နာရီတွင် ဆရာတော်သံဃာတော်များက မြို့လယ်ဘုရားကျောင်းတော်ကြီးတွင် ပရိတ်တရားချီးမြှင့်ကာ မေတ္တာပို့အမျှပေးဝေကြသည်။ နံနက် ၉ နာရီခွဲတွင် အခမ်းအနားတျင်းဝရာ ရှမ်းစာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌ ဦးစိုင်းကျော်ဝင်းက နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်စကားပြောကြားပြီး ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦးက ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုလုပ်ငန်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အုပ်ချုပ်ရေးမှူး ဦးဇော်မင်းတ အမှာစကားပြောကြားပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ကြသော တစ်မြို့နယ်လုံးရှိ တိုင်းရင်းသားပေါင်းစုံ ကျောင်းသား ကျောင်းသူ ၁၅၇ ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ ရှမ်းတိုင်းရင်းသားလူငယ်များက ရိုးရာအဆို၊ အကများဖြင့် တင်ဆက်ကြပြီး တက်ရောက်လာကြသော ပရိသတ်များအား နေ့လယ်စာကို ရှမ်းရိုးရာ အစားအစာများဖြင့် ဧည့်ခံကျွေးမွေးကြသည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နမ့်ခမ်းမြို့နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ၊ အထူးဖိတ်ကြားထားသော ကချင်၊ ကရင်၊ တအာင်း(ပလောင်)၊ လီရှော တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

ဉာဏ်ခမ်း(နမ့်ခမ်း)

မြန်မာနှင့်ပြင်သစ် မွေးမြူရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်လက်မှတ်ရေးထိုး

ရန်ကုန် ဒီဇင်ဘာ ၅

ဒီဇင်ဘာ ၂ ရက်မှ ၄ ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ နိုင်ငံတကာ မွေးမြူရေးပြပွဲကို ကျင်းပလျက်ရှိရာ နိုင်ငံပေါင်း ၂၁ နိုင်ငံမှ တမ္ဘဏီပေါင်း ၁၀၄ ခုမှ ပြခန်းများ ဖွင့်လှစ်ပြလျက်ရှိသည်။

ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီတွင် အခမ်းအနားသို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး တတ်ရောက်၍ စားနပ်ရိက္ခာဖူလုံရေး၊ ထုတ်လုပ်မှုတိုးတက်မြင့်မားရေး၊ အစားအစာ အရည်အသွေးပြည့်ဝရေးများတွင် မွေးမြူရေးတိရစ္ဆာန်များ၏ [illegible] အာဟာရဗေဒ၊ ရောဂါထိန်းချုပ်ရေးနှင့် စီမံခန့်ခွဲမှုနှင့်နည်းပညာများ၏ အရေးပါမှုကြောင့် တစ်ပိုင်တစ်နိုင်နှင့်စီးပွားဖြစ်မွေးမြူသူများအနေဖြင့် ခေတ်မီမွေးမြူရေးနည်းစနစ်များ၊ လုပ်ငန်းသုံးကိရိယာများ၊ အစာနှင့်ဆေးဝါးများ၊ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်နည်းစနစ်များကို ယခုကဲ့သို့ တစုတစည်းတည်း လေ့လာခွင့်ရချိန်တွင် နိုင်ငံတကာခေတ်မီမွေးမြူထုတ်လုပ်မှုများကို မိမိအကျိုးစီးပွား၊ တိုင်းပြည်အကျိုးစီးပွားရရှိစေရေး လေ့လာကြစေလိုကြောင်း မှာကြားသည်။

ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E Thierry Mathou က ပြင်သစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတတ်ရေးတွင် ပူးပေါင်းတူညီမှုများအား တိုးတက်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့အကြား မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတတ်ရေး သဘောတူညီချက်များအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်သိန်းနှင့် ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E Thierry Mathou တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ပြုလုပ်

ပြခန်းများ ဖွင့်လှစ်ပြသထားသည့် တပ်မတော်ခန်းမတွင် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ပြည်တွင်း ပြည်ပ ပညာရှင်များက စာတမ်းဖတ်ပွဲများ ကျင်းပလျက် ဟောပြောဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ထာဝရနိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အမြဲထမ်းဆောင်နေမည့် အဖွဲ့အစည်းဖြစ်၍ ပိုပြီးစနစ်တကျရှိရန်လိုအပ်

နေပြည်တော် ဒီဇင်ဘာ ၅

ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကျောက်တော်တပ်နယ် နဝရတ်ခန်းမ၌ တပ်နယ်မှအရာရှိ/စစ်သည် မိသားစုများအားတွေ့ဆုံပြီး ခွန်းလွဲပိုင်းတွင် စစ်တွေတပ်နယ် ဗန္ဓုလခန်းမ၌ စစ်တွေတပ်နယ်မှ အရာရှိ/စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်သည် ထာဝရနိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုအမြဲထမ်းဆောင်နေမည့် အဖွဲ့အစည်းဖြစ်၍ ပိုပြီးစနစ်တကျရှိရန် လိုအပ်ကြောင်း၊ နိုင်ငံသားတိုင်းသည် ဘဝရပ်တည်ရင်သန်မှုအတွက် ဥပဒေအရ အကာအကွယ်ပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများကို အကာအကွယ်ပေးခြင်းများကို ရယူလိုမည်ဖြစ်သောကြောင့် တပ်မတော်သားများအနေဖြင့် တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူကို ကာကွယ်စောင့်ရှောက်ရန် အမြစ်တွယ်နှလုံးသွင်းထားရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်ကို လုံလုံခြုံခြုံကာကွယ်နိုင်ရန်အတွက် လုပ်တတ်ရမည်၊ လုပ်နိုင်ရမည်၊ လုပ်ရဲရမည်ဆိုသည့်အချက် (၃)ချက်နှင့်အညီ လုပ်ဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ယင်းသို့လုပ်ဆောင်နိုင်ရှိသာမက မိမိကိုယ်ကိုတိုးတက်အောင် အသိပညာ၊ အတတ်ပညာများကိုပါ လေ့လာဆည်းပူးနေရန်လိုကြောင်း၊ အစဉ်အလာအားဖြင့် ရဲဘော်သုံးကျိပ်ဖြင့် သန္ဓေတည် စတင်ဖွဲ့စည်းခဲ့သော တပ်မတော်အား နောက်ပိုင်းကာလခေါင်းဆောင်အသီးသီးတို့မှ စည်းကမ်းစနစ်တကျရှိရေး စဉ်ဆက်မပြတ် ကြပ်မတ်တည်ဆောက်ခဲ့ကြောင်း၊ ပစ္စုပ္ပန်ကာလ လက်ရှိတာဝန်ထမ်းဆောင်နေသော အရာရှိ/စစ်သည်အားလုံးတွင် စည်းကမ်းရှိသောတပ်၊ အမိန့်နာခံသောတပ်ဖြစ်စေရေးတာဝန်ရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်မှုများကို မည်သည့် ဒီမိုကရေစီကျင့်သုံးမှုမျိုးကမျှ လက်မခံကြောင်း။

သို့ဖြစ်၍ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးကိစ္စရပ်များကို စိတ်ရည်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ရွေးချယ်ထားသည့် ဒီမိုကရေစ်လမ်းကြောင်းပေါ်တွင် ဖြောင့်ဖြောင့်တန်းတန်းလျှောက်လှမ်းနိုင်ရေး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နှင့် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖြောကြားခဲ့သည်။

တွေ့ဆုံပွဲများ အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ/ စစ်သည်မိသားစုများအတွက် လက်ဆောင်ပစ္စည်းများအားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ထောက်ပံ့ငွေများအားလည်းကောင်း ပေးအပ်ခဲ့သည်။

အလားတူ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးက အားကစားပစ္စည်းများပေးအပ်ခဲ့သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သည့်အဖွဲ့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်ဇနီး၊ တာဝန်ရှိသူများ လိုက်ပါ၍ ကျောက်တော်မြို့နယ် မဟာမုနိဘုရားကြီးသို့ သွားရောက်ကာ ပန်း၊ ရေချမ်း၊ ဆီမီးထွန်းညှိပူဇော်၍ ရွှေသင်္ကန်း ကပ်လှူပူဇော်ကြသည်။ ယင်းနောက် အလှူတော်ငွေများပေးအပ်၍ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

ဆက်လက်၍ မြောက်ဦးမြို့နယ်ရှိ သျှစ်သောင်းပုထိုးကြီးသို့ရောက်ရှိပြီး ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ကြကာ ထုက္ကန်သိမ်ပုထိုးကြီးဘုရားတို့သို့ သွားရောက်၍ လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတ်)

ဒီဇင်ဘာ ၅ ရက်က ထိုင်းနိုင်ငံ အမျိုးသားနေ့နှင့် ထိုင်းဘုရင့်မွေးနေ့ အထိမ်းအမှတ် ညစ်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသည့် အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် ဇနီးအား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Pisanu Suvanajata နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြေယာနစ်နာကြေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ ဒေသခံပြည်သူများ နားလည်မှုရှိရှိ ဝိုင်းဝန်းဆောင်ရွက်ကြပါက နိုင်ငံတော်၏အကောင်းဆုံးစံပြစီမံကိန်းဖြစ်လာမည်

နေပြည်တော် ဒီဇင်ဘာ ၅

ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ရောက်ရှိနေသော လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ကော်မတီဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၄ ရက် မွန်းလွဲပိုင်းက စီးပွားရေးလုပ်ငန်းကြီးများ၏ လူမှုရေးဆိုင်ရာ တာဝန်ယူမှု (CSR) အရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဆည်တည်း-ဇီးတောကျေးရွာသစ်ရှိ မူလတန်းကြိုကျောင်း ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ မူလတန်းကြိုကျောင်းသည် အလျားပေ ၁၄၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိတစ်ထပ်အဆောက်အအုံဖြစ်ပြီး ၉၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးပြီဖြစ်သည်။

ဆက်လက်၍ ဆည်တည်း-ဇီးတောကျေးရွာသစ်ရှိ အောင်မြေမြင်သာကျောင်း ဓမ္မာရုံတွင် ပြောင်းရွှေ့ရောက်ရှိလာသည့် ဒေသခံပြည်သူများအား အပ်ချုပ်စက်များနှင့်စားသောက်ဖွယ်ရာများအား ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဝက်မေး-ကံတောကျေးရွာသစ်ရှိ ၉၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည့် မူလတန်းကြိုကျောင်းအား ကြည့်ရှုစစ်ဆေးပြီး ဝက်မေး-ကံတောကျေးရွာသစ် မီးသတ်တပ်ဖွဲ့စခန်းတွင် ပြောင်းရွှေ့ရောက်ရှိလာသည့် ဒေသခံပြည်သူများကိုလည်း အပ်ချုပ်စက်များနှင့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဒေသ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးမှုအစီအစဉ်အရ မြန်မာ-ဝမ်ပေါင်ကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမရှိ လုပ်ငန်းခွင်သင်တန်းသို့ တက်ရောက်လျက်ရှိသည့် ဒေသခံကျေးရွာများမှ ဘွဲ့ရသင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံ အမှာစကားပြောကြားရာတွင် မိမိတို့တိုင်းပြည်၏ သယံဇာတများမှ ရရှိလာမည့် အကျိုးအမြတ်များအား မိမိတို့ပြည်သူများ အကျိုးရှိရှိ အသုံးချနိုင်ရန် ဤစီမံကိန်းကြီးအား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ သယံဇာတများထုတ်ယူသုံးစွဲရာတွင် စနစ်တကျရှိရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ ဤသင်တန်းကို သင်ကြားပို့ချပေးရခြင်းဖြစ်ကြောင်း၊ ကြေးနီစီမံကိန်းအား အကျိုးရှိရှိ အသုံးချနိုင်ရန်နှင့် ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိစေရန် စနစ်တကျ သေချာစွာလုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ ယခင်က သဘာဝပတ်ဝန်းကျင် ထိခိုက်ခဲ့သည်များကို သင်ခန်းစာရယူ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည် ဖြစ်ကြောင်း။

မိမိတို့သည် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါအတိုင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြေယာနစ်နာကြေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးစသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများအနေဖြင့် နားလည်မှုရှိရှိဖြင့် ပူးပေါင်းဝိုင်းဝန်းဆောင်ရွက်ကြပါက ဤကြေးနီစီမံကိန်းကြီးသည် နိုင်ငံတော်၏အကောင်းဆုံးစံပြစီမံကိန်း ဖြစ်လာမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ဒီမိုကရေစီစနစ်အတွင်း စံပြလုပ်သားကောင်းများ၊ မှတ်ကျောက်တင်ခံရသည့် လုပ်သားကောင်းများဖြစ်ရန်နှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်မှ အားကိုးရသည့် လုပ်သားကောင်းများဖြစ်စေရေး ရည်ရွယ်ကြိုးပမ်းရန် လိုအပ်ပါကြောင်း၊ သင်တန်းတွင်သာမက လက်တွေ့လုပ်ငန်းခွင်မှ အသိပညာ၊ အတတ်ပညာများရယူ၍ မိမိတို့ မိသားစုပတ်ဝန်းကျင်များကိုလည်း တစ်ဆင့်ပြန်လည်ဖြန့်ဖြူးပေးပါက လက်မှုလယ်ယာမှ စက်မှုလယ်ယာ၊ လက်မှုနိုင်ငံမှ စက်မှုနိုင်ငံသို့ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ လူမှုရေးအဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ လူမှုအကျိုးစီးပွားများရရှိလာမည်ဖြစ်ရာ နောင်လာနောက်သားများ လက်ထက်တွင် ပိုမိုထွန်းကားတိုးတက်အောင်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ကိုယ်ရောစိတ်ပါ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက သတ္တုအခြေခံလုပ်ငန်းမှ အဆင့်မြင့်ပညာရပ်များကို လေ့လာသိရှိရန် လိုအပ်ကြောင်း၊ စနစ်တကျ စည်းကမ်းရှိရှိ ဆောင်ရွက်မှသာ မိမိတို့တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းသို့ ကူးပြောင်းနိုင်ရေး ကြိုးပမ်းသွားရမည့်အခြေအနေများအား ဆွေးနွေးဖြောကြားသည်။ ဆက်လက်၍ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က စီးပွားရေးလုပ်ငန်းကြီးများ၏ လူမှုရေးဆိုင်ရာတာဝန်ယူမှုနှင့် စီမံကိန်းပတ်ဝန်းကျင်ဒေသရှိ ဒေသခံပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုဆန်းစစ်ခြင်းကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် စီမံကိန်းအကောင်အထည်ဖော်ရာ၌ သင်တန်းသား သင်တန်းသူများသည် စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် အဓိကဇာတ်ဆောင်များဖြစ်ကြောင်း၊ သတ္တုတူးဖော်ရေးဆိုင်ရာ နည်းပညာရပ်များကို လက်တွေ့တွင် နိုင်ငံခြားသားများဖြင့် ပူးပေါင်းဆောင်ရွက်နေရခြင်းဖြစ်သော်လည်း နောင်တွင် မိမိတို့နိုင်ငံသားများ တတ်ကျွမ်းနားလည်လာသည်နှင့်အမျှ စီမံကိန်းတွင် နိုင်ငံခြားသားပညာရှင်များအား တဖြည်းဖြည်းလျှော့ချပြီး နိုင်ငံသားပညာရှင်များဖြင့် အစားထိုးကာ စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်တန်းသား မောင်မယ်များအနေဖြင့် သင်တန်းတွင် ထူးချွန်သည့် လူရည်ချွန်များဖြစ်အောင် ကြိုးစားကြပြီး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ သင်တန်းသို့ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ပတ်ဝန်းကျင်ဒေသများမှ ဒေသခံဘွဲ့ရ အမျိုးသား အမျိုးသမီး ၂၃၈ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ၂၀၁၄ ခုနှစ် မတ်လအထိ စာတွေ့တစ်လ၊ လက်တွေ့ လေးလကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း၏ အပေါ်ယံဖြေလွှာ ဖယ်ရှားခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားပြီး ဖောင်းကား၊ မိုးကြိုးပြင်၊ ကံကုန်း၊ ဒုံးတောကျေးရွာများသို့ ရေပေးဝေနိုင်မည့် ညောင်ပင်ကြီးကျေးရွာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေကြေးစည် - ကျိုက်ထီးရိုး / ရှောင်းသာ [illegible]

ရန်ကုန်တက္ကသိုလ်

၁၉၉၀-၁၉၉၅ ပညာသင်နှစ် ဥပဒေပညာဌာန

ကျောင်းသား ကျောင်းသူများ၏ တတ်ယအကြိမ်

မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲဖိတ်ကြားလွှာ

ရန်ကုန်တက္ကသိုလ် ၁၉၉၀-၁၉၉၅ ပညာသင်နှစ် ဥပဒေကျောင်းသား ကျောင်းသူများ၏ မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မပျက်မကွက် ပါဝင်တက်ရောက်ပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့ရက် - ၄-၁-၂၀၁၄ရက် (စနေနေ့) လွတ်လပ်ရေးနေ့

အချိန် - ညနေ ၅:၀၀နာရီ

နေရာ - M3 Food Centre

ဆက်သွယ်ရန်ဖုန်းနံပါတ်များ-

ဦးကျော်ထွေးအောင် ဖုန်း-၀၉-၄၃၁၄၈၀၉၇၊ ဦးဇော်မင်းအောင် ဖုန်း-၀၉-၅၅၃၅၉၉၉၊ ဦးနွယ်ဦး ဖုန်း-၀၉-၇၃၁၃၅၄၅၀၊ ဦးကျော်စွာမြင့် ဖုန်း-၀၉-၂၅၀၁၄၉၀၀၄၊ ဦးကျော်နိုင်ဦး ဖုန်း-၀၉-၇၃၀၈၀၄၉၀၊ ဦးလှဝေ ဖုန်း-၀၉-၇၃၂၀၃၂၆၀၊ ဦးကျော်စိန်လွင် ဖုန်း-၀၉-၅၄၁၆၁၂၂၊ ဦးအောင်အောင် (ဟဲဗီး) ဖုန်း-၀၉-၅၁၂၅၁၀၇၊ ဦးအောင်သိန်းကျော် ဖုန်း-၀၉-၇၃၀၅၄၉၇၀၊ ဒေါ်ဖြူဖြူအောင် ဖုန်း-၀၉-၅၁၁၂၅၁၁၊ ၀၁-၂၁၁၈၈၃၊ ဒေါ်အမိလ ဖုန်း-၀၁-၉၆၉၉၇၂၇၊ ၀၉-၃၁၀၄၅၆၄၇၊ ဒေါ်စန်းယုခိုင် ဖုန်း-၀၉-၂၀၁၄၅၃၆ (မန္တလေး)၊ ဒေါ်နွယ်နွယ်စန်း ဖုန်း-၀၉-၂၀၁၂၄၉၇(မန္တလေး)၊ ဒေါ်ပပခင် ဖုန်း-၀၉-၇၃၁၅၇၁၀၃၊ ဒေါ်ကျော့ကျော့လှိုင် ဖုန်း-၀၉-၅၀၄၉၆၈၃။

ပြည်တွင်းသတင်း

❁ ရှေ့မှ

နှစ်နိုင်ငံတွေ့ဆုံပွဲတွင် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေး တိုးမြှင့်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး၊ စိုက်ပျိုးရေးနှင့်သစ်တောကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံလေကြောင်း တိုက်ရိုက်ဆက်သွယ်ရေး၊ ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု အတွေ့အကြုံများ၊ အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့်ဒေသတွင်းဆက်ဆံရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နှစ်နိုင်ငံသဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် ဖိလစ်ပိုင်သမ္မတတို့၏ ရှေ့မှောက်၌ မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံအကြား သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအား ဗီဇာကင်းလွတ်ခွင့်ပြုရေး သဘောတူစာချုပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် Secretary Albert F.Del Rosario (Department of Foreign Affairs) တို့က လည်းကောင်း၊ မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဌာနတို့အကြား စားနပ်ရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် Secretary Proceso Alcala (Department of Agriculture) တို့က လည်းကောင်း၊ မြန်မာနိုင်ငံစွမ်းအင်ဝန်ကြီးဌာနနှင့် ဖိလစ်ပိုင်နိုင်ငံ စွမ်းအင်ဝန်ကြီးဌာနတို့အကြား ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးသဘောတူစာချုပ်ကို စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဇေယျာအောင်နှင့် Secretary Carlos Jericho L. Petilla (Department of Energy) တို့က လည်းကောင်း၊ မြန်မာနိုင်ငံပြန်ကြားရေးဝန်ကြီးဌာနနှင့်ဖိလစ်ပိုင်အစိုးရဆက်သွယ်ရေးလုပ်ငန်းတို့အကြား ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် Secretary Herminio B. Coloma (Presidential Communication Operations Office) တို့က လည်းကောင်း လက်မှတ်ရေးထိုးကြသည်။

ထို့အတူ မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို မြန်မာသံအမတ်ကြီး ဦးရဲမြင့်အောင်နှင့် Undersecretary Ponciano C.Manalo (Department of Trade and Industry) တို့က လည်းကောင်း၊ မြန်မာ- ဖိလစ်ပိုင် နှစ်နိုင်ငံကုန်သည်ကြီးများအကြား သဘောတူညီချက် စာချုပ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် Mr. Miguel B. Varela (President, Philippine Chamber of Commerce and Industry) တို့ကလည်းကောင်း လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က မုန်တိုင်းဒဏ်သင့်ဒေသများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲအပြီးတွင် နှစ်နိုင်ငံပူးတွဲသတင်းစာရှင်းလင်းပွဲကို ကျင်းပရာ ဖိလစ်ပိုင်သမ္မတက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအား ထောက်ခံသွားမည်ဖြစ်ကြောင်းကို တပ်မံအတည်ပြုပြောကြားလိုပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးနှင့် စိုက်ပျိုးရေးအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဖိလစ်ပိုင် လျှော်ဒဏ်နှင့် မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကူညီထောက်ပံ့ပေးမှု၊ ကိုယ်တိုင်သွားရောက်အားပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြောကြားရာတွင် ဒီမိုကရေစီနိုင်ငံ ထူထောင်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများကို ထောက်ခံအားပေးသည့်အတွက် ဖိလစ်ပိုင်အစိုးရနှင့်ပြည်သူများအား ကျေးဇူးတင်ရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ပြုလုပ်သွားရန်ဆုံးဖြတ်ထားကြောင်းကိုထပ်မံ၍ အလေးအနက်ပြောကြားလိုပါကြောင်း၊ နှစ်နိုင်ငံအကြား လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ၊ စွမ်းအင်၊ ခရီးသွားလာရေးလုပ်ငန်းနှင့်ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေး၊ ပို့ဆောင်ရေးနည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် ငြိမ်းချမ်းစွာ ဖြေရှင်းရန် မြန်မာက အမြဲထောက်ခံအားပေးပါကြောင်း၊ အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ချိန်တွင် တောင်တရုတ်ပင်လယ်တွင်းနိုင်ငံများ လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံး လုပ်နည်းဆိုင်ရာ ကြေညာစာတမ်းကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေးအတွက် တက်ကြွစွာပါဝင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မုန်တိုင်းဒဏ်သင့် ဖိလစ်ပိုင်ပြည်သူများအတွက် မြန်မာအစိုးရနှင့် ပြည်သူများက ထပ်တူစာနာမိပါကြောင်းဖြင့် ပြောကြားသည်၊

ဆက်လက်၍ နိုင်ငံတော်သမ္မတအား ဖိလစ်ပိုင်နိုင်ငံသမ္မတက မာလာကန်ညင်နန်းတော် Aguinaldo ခန်းမ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ရေးဦးစွာ နိုင်ငံတော်သမ္မတနှင့် ဖိလစ်ပိုင်သမ္မတတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဖိလစ်ပိုင်နိုင်ငံရှိ နိုင်ငံခြားသံရုံးများမှသံအမတ်ကြီးများနှင့် သံတမန်များနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖိလစ်ပိုင်နိုင်ငံသမ္မတ တည်ခင်းသော ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် နိုင်ငံတော်သမ္မတနှင့် ဖိလစ်ပိုင်သမ္မတတို့သည် နှုတ်ခွန်းဆက်စကားများပြောကြားကြပြီး ဆုတောင်းပတ္ထနာပြုကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် နံနက် ၉ နာရီခွဲတွင် ခေတ္တတည်းခိုသည့် မနီလာဟိုတယ်မှ Rizal ပန်းခြံသို့သွားရောက်ပြီး ပန်းခြံအတွင်းရှိ ဒေါက်တာရီဇော် အထိမ်းအမှတ် အဆောက်အအုံ၌ လွမ်းသူ့ပန်းခွေချခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် သံတမန်ဆက်ဆံမှုကို ၁၉၅၆ ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံသည့်နိုင်ငံ ၃၂ နိုင်ငံအနက် ဖိလစ်ပိုင်နိုင်ငံသည် အဆင့် ၁၅ နေရာတွင်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကင်ဆာဝေဒနာရှင် အမျိုးသမီးများ၏ ၂၂ ရာခိုင်နှုန်းသည် ရင်သားကင်ဆာခံစားရသူများဖြစ်

နေပြည်တော် ဒီဇင်ဘာ ၅

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ဒီဇင်ဘာ ၂ ရက် ညနေပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် (၁၉၀)၊ (၁၅၄)၊ (၈၄)နှင့် (၄၀)တို့ ဖွင့်လှစ်ထားသည့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုစခန်းများသို့ သွားရောက်ပြီး တာဝန်ကျ ဆရာဝန်၊ သူနာပြုနှင့် ကြက်ခြေနီတို့အား တွေ့ဆုံကာ အရေးပေါ်လူနာတင်ယာဉ်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ကျန်းမာရေးဦးစီးဌာန ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)သို့ ဂျပန်- မြန်မာရင်သားကင်ဆာတိုက်ဖျက်ရေးစီမံချက်အရ ဂျပန်နိုင်ငံ Mediva Inc မှ လှူဒါန်းသော ရင်သားကင်ဆာရောဂါရှာဖွေရေး ပုံရိပ်ဖော်စက် (Mammogram) လှူဒါန်းပွဲနှင့် Japan-Myanmar Breast Cancer Project ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီတွင် အဆိုပါဆေးရုံကြီး ဓာတ်မှန်ဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဂျပန်နိုင်ငံ Mediva Inc မှ Ms.Oishi နှင့် Okayama University Hospital မှ Prof Dr. Okada တို့က Cancer Project ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** Mammogram စက်အား ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယခုအခါ ကင်ဆာရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်လာပြီး ကင်ဆာရောဂါကြောင့် လူတစ်ဦးချင်းသာမက ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုရေးဆုံးရှုံးမှုများဖြစ်ပေါ်စေလျက်ရှိကြောင်း၊ နှစ်စဉ် အာဆီယံနိုင်ငံများအတွင်း လူပေါင်း ခုနစ်သိန်းခန့် ရောဂါခံစားရလျက်ရှိပြီး ရောဂါဖြစ်ပွားမှုများလည်း ထိုးတက်လျက်ရှိကြောင်း၊ အထူးသဖြင့် ရင်သားကင်ဆာရောဂါသည် အမျိုးသမီးထုအတွင်း သေဆုံးမှုအများဆုံးဖြစ်ကာ ၂၀၀၈ ခုနှစ် စာရင်းဇယားများအရ ကင်ဆာဝေဒနာရှင် အမျိုးသမီးများ၏ ၂၂ ရာခိုင်နှုန်းသည် ရင်သားကင်ဆာရောဂါခံစားရသူများဖြစ်ကြောင်း။

ရောဂါရှာဖွေခြင်း နည်းလမ်းမျိုးစုံရှိသည့်အနက် ရင်သားကင်ဆာရောဂါရှာဖွေခြင်း ပုံရိပ်ဖော်စက် (Mammogram) နည်းပညာဖြင့် ပြည်သူလူထုအခြေပြု ဆောင်ရွက်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း၊ ရင်သားကင်ဆာရောဂါကို စောစီးစွာ ကုသနိုင်ခြင်းဖြင့် နီးနှယ်ဖြစ်ပေါ်စေနိုင်သော သားအိမ်ခေါင်းကင်ဆာဖြစ်ပွားစေမှုကိုလည်း အောင်မြင်စွာ ကုသနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဂျပန်နိုင်ငံ Okayama University Hospital မှ Prof., Dr.Okada နှင့် Mediva Inc မှ Ms.Oishi တို့က Mammogram စက်ဖြင့် ရောဂါရှာဖွေခြင်းအကြောင်းနှင့် စက်လှူဒါန်းရခြင်းအကြောင်းတို့ကို ရှင်းလင်းပြောကြားကာ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဆွေထံ Mammogram စက်ကို ပေးအပ်လှူဒါန်းသည်။

ဂျပန်-မြန်မာ ရင်သားကင်ဆာ တိုက်ဖျက်ရေးစီမံချက်တွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်းတို့နှင့်အတူ ဗဟိုအမျိုးသမီး ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ဆောင်ရွက်လျက်ရှိပြီး ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) မှလည်း သုတေသန လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။ ၎င်းစီမံချက်မှ လေ့လာတွေ့ရှိချက်များမှာ ရင်သားကင်ဆာရောဂါ ရှာဖွေကုသရေး လုပ်ငန်းများကို များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ လှူဒါန်းသော ရင်သားကင်ဆာ ရောဂါရှာဖွေရေး ပုံရိပ်ဖော်စက် (Mammogram) မှာ အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ တန်ဖိုးရှိကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

နှစ်နိုင်ငံပူးတွဲ သတင်းစာရှင်းလင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဖိလစ်ပိုင်နိုင်ငံသမ္မတ မစ္စတာ ဘီနင်နို အက်ကွီနို(၃)တို့ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲအပြီးတွင် နှစ်နိုင်ငံပူးတွဲ သတင်းစာရှင်းလင်းစဉ်။

(သတင်းစဉ်)

ကနဦး စီမံကိန်းလုပ်ငန်းများအတွက် အပြည်ပြည်ဆိုင်ရာ တင်ဒါများအား ၂၀-၁၂-၂၀၁၃ ရက်တွင် ခေါ်ယူ၍ ၃၁-၃-၂၀၁၄ ရက်တွင် ရွေးချယ်မည်

ရန်ကုန် ဒီဇင်ဘာ ၅

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်၌ ကျင်းပသည်။ (အောက်ပုံ)

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ ရပ်ရွာဒေသလူ့အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ညှိနှိုင်းရေးဆွဲရေးကဏ္ဍဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော သတင်းမီဒီယာများ တက်ရောက်ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းဆွေးနွေးချက်များအရ ယခုသတင်းစာရှင်းလင်းပွဲသည် ၂၇-၇-၂၀၁၃ ရက်တွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာ လမ်းသစ်ရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၌ သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့ပြီးနောက် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းနှင့် ပတ်သက်၍ တိုးတက်ဖြစ်ပေါ်မှုများကို ရှင်းလင်းဆွေးနွေးခြင်း ဖြစ်ကြောင်း၊ နိုဝင်ဘာ ၂၀ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ပြုလုပ်ခဲ့သော ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ စတုတ္ထအကြိမ် မြန်မာ-ထိုင်းပူးတွဲလုပ်ငန်း ညှိနှိုင်းရေးကော်မတီအစည်းအဝေး၏ ရလဒ်များအား ရှင်းလင်းဆွေးနွေးခြင်းဖြစ်ကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းတွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ရှာဖွေခြင်း၊ ရင်းနှီးမြှုပ်နှံသူများအကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လိုအပ်သောအကြံပေးခြင်းများအား ဆောင်ရွက်မည့် အထူးလုပ်ငန်းကုမ္ပဏီ (Special Purpose Vehicle-SPV)ကို ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်ဟု ခေါ်ဝေါ်၍ မြန်မာဘက်မှ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံဘက်မှ အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့မှ ပူးပေါင်းဖွဲ့စည်း ထူထောင်ပြီး တစ်ဖက်လျှင် ဒါရိုက်တာအဖွဲ့ဝင် သုံးဦးစီပါဝင်ကာ ဒါရိုက်တာ အဖွဲ့အစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာ ၂၀ ရက်က ပြုလုပ်ခဲ့ကြောင်း။

နိုဝင်ဘာ ၂၀ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ပြုလုပ်ခဲ့သော မြန်မာ-ထိုင်း ပူးတွဲလုပ်ငန်းညှိနှိုင်းရေးကော်မတီ အစည်းအဝေးတွင် ထားဝယ် အထူးစီးပွားရေးဇုန်အတွင်း ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်၊ သံမဏိစက်ရုံ၊ ဓာတ်မြေဩဇာစက်ရုံ၊ ကျောက်မီးသွေး/သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ရေပေးဝေရေးစနစ်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ၊ ထားဝယ် အထူးစီးပွားရေးဇုန်မှ မြန်မာ-ထိုင်းနယ်စပ် ကန်ချနာဘူရီမြည် ဖူနာရွှန်သို့ ဆက်သွယ်သော ကားလမ်း၊ မီးရထားလမ်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်း၊ မြို့ပြနှင့် စီးပွားရေးအချက်အချာ အဆောက်အအုံများ၊ ခရီးသွားလုပ်ငန်းများ၊ အပန်းဖြေနေရာ စခန်းများပါဝင်မည်ဖြစ်ပြီး ကနဦးအကောင်အထည်ဖော်မည့် စီမံကိန်းများမှာ နှစ်လမ်းသွားကားလမ်း၊ ဆိပ်ကမ်းငယ်၊ ကနဦးစက်မှုဇုန်၊ ကနဦး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကနဦး လူနေ အဆောက်အအုံများနှင့် မြို့ပြစီမံကိန်း၊ ကနဦးရေပေးဝေရေး စီမံကိန်း၊ ဆက်သွယ်ရေးလိုင်းများ ဖြစ်ကြောင်း။

အဆိုပါ အစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီမှ ထားဝယ်အထူး စီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီသို့ လုပ်ပိုင်ခွင့် တာဝန်ပေးအပ်သည့် မူဘောင်သဘောတူစာချုပ်၊ ထားဝယ်အထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ထားဝယ် အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်နှင့် အီတာလျံ-ထိုင်း ကုမ္ပဏီတို့အကြား ညှိနှိုင်းသည့် သုံးပွင့်ဆိုင် စာချုန်လွှာနှင့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်နှင့် အီတာလျံ-ထိုင်း ကုမ္ပဏီတို့အကြား ၁၂-၆-၂၀၀၈ ရက်က ချုပ်ဆိုခဲ့သော နားလည်မှုစာချွန်လွှာနှင့် ၂-၁၁-၂၀၁၁ ရက်က ချုပ်ဆိုခဲ့သော မူဘောင်သဘောတူစာချုပ်များအား ရပ်ဆိုင်းသည့် သဘောတူစာချုပ်များအား တစ်ပါတည်းလက်မှတ်ရေးထိုးခဲ့ကြောင်း၊ အီတာလျံ-ထိုင်း ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ရပ်ဆိုင်းရခြင်းမှာ ရှေ့ဆက်ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများအား International Investor and Developer များက ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်နိုင်ရေးအတွက် ဖြစ်ကြောင်း။

အီတာလျံ-ထိုင်း ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ရပ်ဆိုင်းပြီး ဆောင်ရွက်ထားသည့်လုပ်ငန်းများအား တန်ဖိုးတွက်ချက်ခြင်း (Due Diligence Assessment) လုပ်ငန်းဆောင်ရွက်နိုင်ရန် International Consulting Firm ရွေးချယ်ရေးအတွက် ဖိတ်ခေါ်ထားပြီး ယင်းလုပ်ငန်းကို ၁၅-၄-၂၀၁၄ ရက်အပြီး ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အလားတူပင် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်၏ လုပ်ငန်းများကို ထောက်ကူဆောင်ရွက်ပေးမည့် Project Management Officer အား ၂၀-၁၂-၂၀၁၃ ရက်တွင် ခေါ်ယူ၍ ရွေးချယ်ခြင်းကို ၃၀-၄-၂၀၁၄ ရက်တွင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ကနဦး စီမံကိန်းလုပ်ငန်းများအတွက်အပြည်ပြည်ဆိုင်ရာ တင်ဒါများအား ၂၀-၁၂-၂၀၁၃ ရက်တွင် ခေါ်ယူ၍ ၃၁-၃-၂၀၁၄ ရက်တွင် ရွေးချယ်ပြီး ရွေးချယ်ခံရသော အထူးကုမ္ပဏီ (SPC) မှ လုပ်ငန်းအား ၁၅-၅-၂၀၁၄ ရက်တွင် စတင်ဆောင်ရွက်ရန်ဖြစ်ကြောင်း။

အီတာလျံ-ထိုင်းကုမ္ပဏီအနေဖြင့် ကနဦးစီမံကိန်းလုပ်ငန်းများအတွက် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူချိန်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး တင်ဒါအောင်မြင်ပါက ဆောင်ရွက်ဆဲ လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နိုင်ပြီး အခြားကုမ္ပဏီတစ်ခုက လုပ်ကိုင်ခွင့်ရရှိသွားပါက (Due Diligence Assessment) တွက်ချက်ထားသည့် ပမာဏအား အီတာလျံ-ထိုင်း ကုမ္ပဏီသို့ပြန်ပေးရမည်ဖြစ်ကြောင်း။

ထားဝယ် အထူးစီးပွားရေးဇုန် မူလနယ်နိမိတ်သည် မြေဧရိယာ ၂၀၄ ဒသမ ၅ စတုရန်းကီလိုမီတာနှင့် ပြောင်းရွှေ့ပေးရမည့် ကျေးရွာ ၁၆ ရွာပါဝင်သော်လည်း ပြင်ဆင်သတ်မှတ်ခဲ့သည့် ထားဝယ်အထူးစီးပွားရေးဇုန်နယ်နိမိတ်သည် မြေဧရိယာ ၁၉၆ စတုရန်းကီလိုမီတာနှင့် ပြောင်းရွှေ့ပေးရမည့် ကျေးရွာခြောက်ရွာသာ ပါဝင်တော့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

Cessna Grand Caravan 208 B လေယာဉ်များ စတင်ပြေးဆွဲမည်

နေပြည်တော် ဒီဇင်ဘာ ၅

မြန်မာ့လေကြောင်းမှ ဝယ်ယူထားသည့် အမေရိကန်နိုင်ငံထုတ် Cessna Grand Caravan 208 B လေယာဉ်ငယ်များဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး(ချမ်းမြသာစည်) လေဆိပ်များမှ စင်းလုံးငှားခရီးစဉ် Business Charter, Sight Seeing Charter,Package Tour Charter များ ပျံသန်းပေးတော့မည်ဖြစ်ကြောင်း။

အဆိုပါ လေယာဉ်ငယ်များသည် ခရီးသည် ၁၁ ဦးတင်ဆောင်နိုင်ပြီး အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကာလအတွင်း အထူးနှုန်းအဖြစ် ပျံသန်းချိန် တစ်နာရီလျှင် ငွေကျပ်ရှစ်သိန်း (သို့) အမေရိကန်ဒေါ်လာ ၈၀၀ နှုန်းဖြင့်ပျံသန်းပေးသွားမည်ဖြစ်ကြောင်း၊ ပုံမှန်ခရီးစဉ်များကိုလည်း ဒီဇင်ဘာလအတွင်း ပြေးဆွဲနိုင်ရေးအတွက် စီစဉ်လျက်ရှိကြောင်း၊ စင်းလုံးငှားခရီးစဉ်များနှင့်ပတ်သက်၍ စုံစမ်းလိုပါလျှင် ရန်ကုန်ဖုန်း-၀၁-၃၇၄၈၇၄၊ ၀၁-၃၇၁၁၃၁၊ ၀၉-၅၃၇၃၅၈၉၊ ၀၉-၄၃၀၃၉၁၅၈၊ ၀၉-၄၃၀၃၉၀၆၂၊ နေပြည်တော်- ၀၆၇-၄၁၁၄၃၃၊ ၀၉-၈၃၀၃၇၀၈၊ မန္တလေး-၀၂-၃၆၂၂၂၊ ၀၉-၂၀၂၂၉၈၉ နှင့် ၀၂-၃၆၂၂၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ခြင်းလုံးအတွဲလိုက် အခြေခံမျိုးတူပြိုင်ပွဲ ထိုင်းအသင်းရွှေနှစ်ခု ဆွတ်ခူးရရှိ

နေပြည်တော် ဒီဇင်ဘာ ၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ခြင်းလုံးအတွဲလိုက်အခြေခံမျိုးတူပြိုင်ပွဲကို ယနေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာခြင်းလုံးပြိုင်ပွဲ လေးမျိုး၌ ပါဝင်ယှဉ်ပြိုင်ခွင့်သုံးမျိုးသာရရှိသည့်အလျောက် မြန်မာအသင်းမပါဝင်ဘဲ ထိုင်းနိုင်ငံကိုယ်စားပြုအမျိုးသား အမျိုးသမီးအတွဲလိုက် အခြေခံမျိုးတူပြိုင်ပွဲဝင်အသင်းများက ပထမဆုရွှေများရရှိကာ ဆီးဂိမ်းဆုတံဆိပ်ရရှိမှုတွင် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။

အမျိုးသားအတွဲလိုက်အခြေခံမျိုးတူပြိုင်ပွဲတွင် ထိုင်းအမျိုးသားအသင်းသည် အုပ်စုပွဲစဉ်တွင် အမှတ် ၂၅၆ မှတ်ရရှိကာ လာအိုအမျိုးသားအသင်းက ၂၁၅ မှတ်ရရှိပြီး မလေးရှားအသင်းမှာ ၁၈၈ မှတ်နှင့် ကမ္ဘောဒီးယားအမျိုးသားအသင်းက ရမှတ် ၂၄၆ မှတ်ရရှိသည်။

ထို့ကြောင့် နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ထိုင်းအမျိုးသားအသင်းက ၂၅၆ မှတ်ရရှိကာ ပထမဆုကို ရရှိခဲ့ပြီး ရမှတ် ၂၃၆ မှတ်ရရှိခဲ့သည့် ကမ္ဘောဒီးယားအသင်းက ဒုတိယဆုရရှိခဲ့သည်။

အမျိုးသမီးအခြေခံမျိုးတူပြိုင်ပွဲတွင် ထိုင်း၊ လာအိုနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ထိုင်းအမျိုးသမီးအသင်းက ရမှတ် ၂၀၂ မှတ်ဖြင့် ပထမဆုရရှိခဲ့ပြီး လာအိုအမျိုးသမီးအသင်းမှာ ၁၉၂ မှတ်ဖြင့် ဒုတိယဆုရရှိခဲ့သည်။

ထို့ကြောင့် ထိုင်းအသင်းသည် လက်ရှိတွင် အတွဲလိုက်အခြေခံမျိုးတူပြိုင်ပွဲတွင် ရွှေနှစ်ခု၊ အခြေခံအဆင့်အထိ ခြောက်ချက်အတွဲပြိုင်ပွဲတွင် ငွေနှစ်ခုရရှိကာ ဆီးဂိမ်းဆုတံဆိပ်ရရှိမှုတွင် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

(သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးသို့ သမဝါယမလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၅

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး ခရီးစဉ်တွင် သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ ပင်မသုံးထပ်ဆောင်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စစ်ကိုင်းပညာရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင်ကျင်းပသော သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ ပထမအကြိမ်ဘွဲ့နှင်းသဘင်အကြိုအခမ်းအနားတွင် အမှာစကားပြောကြားသည်။

ထို့နောက် သမဝါယမတက္ကသိုလ်(စစ်ကိုင်း)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူး ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် သမဝါယမကောလိပ် (မန္တလေး)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ 'ရွှေယမုံ'လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းလီမိတက်၏ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည်ပြင်ဦးလွင်မြို့ ဧရာဝတီခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ သမဝါယမဦးစီးဌာနဝန်ထမ်းများ၊ သမဝါယမအသင်းအဆင့်ဆင့်မှ အမှုဆောင်အဖွဲ့များ၊ အခြေခံသမဝါယမအသင်းသားများ စုစုပေါင်းအင်အား ၂၀၀ ခန့်နှင့်တွေ့ဆုံသည်။ထို့နောက်ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် 'စိုးစံ'သစ်သီးယိုစုံလုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ပုသိမ်ကြီးမြို့နယ် နေရဥယျာကျေးရွာရှိ 'မြနှာ' စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းအမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းသားများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ) (သတင်းစဉ်)

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ မန္တလေး၌ကျင်းပ

မန္တလေး ဒီဇင်ဘာ ၅

၂၀၁၃ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ၂၀၁၃ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာ(အထက်တန်း/အလယ်တန်း) အဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲများ၌ ဆုရရှိကြသည့်ကျောင်းသား ကျောင်းသူ ၂၄ ဦးတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးအဖွဲ့၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအသင်း၊ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ၊ AIDS တိုက်ဖျက်ရေးအသင်းနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ ရောဂါပိုးရှိရှင်သန်သူများ ပူးပေါင်းကပြသည့် "ထရောင်ဆမ်းတဲ့ကုမ္ပဏီ" တစ်ခန်းရပ်ပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် ကပြဖျော်ဖြေသောပြဇာတ်အဖွဲ့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းငွေကျပ်ရစ်သိန်းအပါအဝင် အလှူရှင်များက စုပေါင်းအလှူငွေကျပ် ၁၅ သိန်းကို ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခမ်းမအနားတွင်ပြသထားသော တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ခဲ့သည့် ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ရှားမှုပြခန်းများကိုလည်းကောင်း၊ မန္တလေးမြို့အတွင်းပညာပေး လှည့်လည်ဖျော်ဖြေမည့် မော်တော်ယာဉ်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ တင်မောင်(မန္တလေး)

မိတ္ထီလာမြို့နယ် နန်းတော်ကုန်းရပ်ကွက် ချမ်းအေးသာယာနယ်မြေ မီးဘေးသင့်အိမ်ထောင်စုများအား ပြန်လည်နေရာချထားရေးစီစဉ်

မိတ္ထီလာ ဒီဇင်ဘာ ၅

မိတ္ထီလာမြို့နယ် နန်းတော်ကုန်းရပ်ကွက် ချမ်းအေးသာယာနယ်မြေ မီးဘေးသင့် အိမ်ထောင်စုများအား ပြန်လည်နေရာချထားရေးလုပ်ငန်းကို ဒီဇင်ဘာလအတွင်း စတင်ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိသည်ဟု ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၏ ပြောကြားချက်အရ သိရသည်။

ချမ်းအေးသာယာနယ်မြေ မီးဘေးသင့်မြေသူများအား ပြန်လည်နေရာချထားရေးကို အဆင့်နှစ်ဆင့်ခွဲခြားဆောင်ရွက်သွားမည်ဖြစ်သည်။ ပထမအဆင့်အနေဖြင့် မြေနေရာပိုင်ဆိုင်မှု ခိုင်မာသူများနှင့် ကျူးကျော်နေထိုင်သူများအား လုံးချင်းလူနေအိမ်များ နှစ်ထပ်မြင့်တိုက်ခန်းတွဲများ တည်ဆောက်ပေးသွားမည်ဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် မြေနေရာများအား အရပ်ကတိဖြင့် အဆင့်ဆင့်လွှဲပြောင်းရောင်းချဝယ်ယူထားသူများ၏ မြေနေရာ ပိုင်ဆိုင်မှုအထောက်အထား ခိုင်မာစေရေးအတွက် စိစစ်ဆောင်ရွက်ကာ ပြန်လည်နေရာချထားရေးကို ဆက်လက်ပြုလုပ်ပေးမည်ဖြစ်သည်။

လုံးချင်းလူနေအိမ်များ တည်ဆောက်ပေးရာတွင် မြေနေရာပိုင်ဆိုင်မှုခိုင်မာသည့် အိမ်ထောင်စုများကိုသာ ပေ(၄၀×၃၀)မြေနေရာကွက်များတွင် သွပ်မိုး၊ ပျဉ်ကာအဆောက်အအုံများ တည်ဆောက်ပေးမည်ဖြစ်သည်ဟု ဆိုသည်။

ချမ်းအေးသာယာနယ်မြေတွင် ယခင်မူလနေရာထားရေးစဉ်က အိမ်ထောင်စု ၆၅၇ စုသာရှိခဲ့ပြီး ယခုအခါ မြေနေရာများကို ခွဲခြမ်းစိတ်ဖြာရောင်းချဝယ်ယူသူများ၊ ကျူးကျော်နေထိုင်သူများအပါအဝင် စုစုပေါင်းအိမ်ထောင်စု ၈၀၀ ခန့်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ် ပြန်လည်နေရာချထားရေးအဖွဲ့များ၊ အလှူရှင်များ ပေါင်းစပ်ညှိနှိုင်း၍ ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ဒီဇင်ဘာလအတွင်း စတင်ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိသည်။ မြေနေရာများပြန်လည်နေရာချထားရာတွင် ချမ်းအေးသာယာနယ်မြေကို မြို့ပြအင်ဂျင်နီယာနှင့်အညီ လမ်းများ၊ ရေနုတ်မြောင်းများစသည်တို့ကို ပြန်လည် ဖောက်လုပ်တည်ဆောက်ပေးသွားမည်ဖြစ်သည်။

ချမ်းအေးသာယာနယ်မြေတွင် မီးဘေးသင့်အိမ်ထောင်စုများအား ပြန်လည်နေရာချထားရေးအတွက် စီစဉ်ဆောင်ရွက်နေသကဲ့သို့ သီရိမင်္ဂလာ၊ ရန်မျိုးအောင်၊ အောင်ဇေယျာ စသည့်ရပ်ကွက်၊ နယ်မြေများတွင်လည်း ပြန်လည်နေရာချထားနိုင်ရေး၊ မြေနေရာပိုင်ဆိုင်မှုအထောက်အထားများ ခိုင်မာစေရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပြီး မကြာမီ မီးဘေးသင့်အိမ်ထောင်စုများနေရာချထားနိုင်ရေးကို ပြုလုပ်သွားမည်ဟု သိရသည်။ ချမ်းသာ(မိတ္ထီလာ)

ထရန်စဖော်မာ (100- KVA)တိုးချဲ့တပ်ဆင်

ဒီပဲယင်း ဒီဇင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့တွင် လက်ရှိအသုံးပြုလျက်ရှိသော ထရန်စဖော်မာ (300-KVA) သည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုတွင် မြို့နေ မိတ်ဘသုံးစွဲသူပမာဏနှင့်ကိုက်ညီနိုင်မှုမရှိသဖြင့် မြို့နယ်လျှပ်စစ်မှူး ဦးပြင့်နိုင်ဦးသည် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာသို့ တင်ပြ၍ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ၏ခွင့်ပြုချက်ဖြင့် မြို့မ မြို့ဌာနဆိုင်ရာများ၊ မြို့နေပြည်သူများကိုစည်းရုံးကာ ထရန်စဖော်မာ (100-KVA)ကို ဒီဇင်ဘာ ၄ ရက်က တိုးချဲ့တပ်ဆင်နိုင်ခဲ့၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သည်။ ထရန်စဖော် (100-KVA)တိုးချဲ့တပ်ဆင်နိုင်ခဲ့သဖြင့် လျှပ်စစ်ဓာတ်အားများကို အပြည့်အဝဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။ ကေကေ(ဒီပဲယင်း)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ (၂၀၁၃) ပိတ်ပွဲကျင်းပ

မန္တလေး ဒီဇင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး ပထမအကြိမ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးပြပွဲ (၂၀၁၃)ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် ညနေ ၅ နာရီက မန္တလေး ချမ်းမြသာစည်မြို့နယ် ထေယာဉ်တွင်းဟောင်း၌ ကျင်းပသည်။ ရေးဦးစွာ မန္တလေးစည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဦးအောင်မောင်၊ မန္တလေးတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့ ရဲမင်းကြီး ဦးဇော်ဝင်းအောင်၊ မန္တလေးတိုင်းအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလွတ်တန်းဆောင်းပါးပြိုင်ပွဲ၊ အထွက်တန်းကဗျာပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့်နှစ်သိမ့်ဆုရသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ ဆက်လက်၍ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပြပွဲတွင် ပါဝင်ပြသခဲ့သည့်ဌာနဆိုင်ရာပြခန်းများ ကုမ္ပဏီပြခန်းတွင် ကူညီပါဝင်ပြသပေးခဲ့သည်။ တာဝန်များ၊ ပြပွဲဖြစ်မြောက်အောင် ဝိုင်းဝန်းကူညီကြသူများ၊ ပြိုင်ပွဲအကဲဖြတ်ဒိုင်အဖွဲ့ဝင်များနှင့်စာရေးဆရာများအား တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ ခင်ခင်ပင်(ပညာရေး)

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ရှောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ရှောင်းသာ (နေ့စဉ်)
Ph: 209077, 09-731 67000

ဆိုင်ခန်းရောင်းမည်
နေပြည်တော်မြို့မဈေး၊ အနောက်မြောက်ထောင့်၊ ဝင်ရှောင်တန်း(၁)(ယ-၅)၊ (ရ-က) အောင်မြင်နှင့်ညီများ ကားအထွေထွေပြုပြင်ရေး။
ဆက်သွယ်ရန်ဖုန်း-၀၉-၄၅၈၀၂၅၉၁၃

အထက စီးကုန်းမြို့
(၃၅)ကြိမ်မြောက် ကျောက်စိမ်းရတု
အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ပဲခူးတိုင်းဒေသကြီး၊ စီးကုန်းမြို့နယ်အတွင်းရှိ အထက၊ အလက၊ အမကကျောင်းများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၇၅)နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီးများနှင့် အထက(စီးကုန်း)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)နှင့်အထက် ဆရာကြီး ဆရာမကြီးများအား ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့) နံနက် ၉း၃၀ နာရီတွင် အထကခန်းမဆောင်၌ ပူဇော်ကန်တော့ကြမည်ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်မှ ဆရာကြီး ဆရာမကြီးများနှင့် အလှူထည့်ဝင်လိုသောတပည့်ဟောင်းများမှ အောက်ပါကော်မတီဝင်များထံသို့ ဆက်သွယ်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

စီးကုန်းမြို့
ဦးကံညွန့် ဖုန်း-၀၉-၂၅၀၂၀၈၈၁၈
ဦးစန်းအောင် ဖုန်း-၀၉-၅၂၄၆၇၁၈၀၀
ဦးလှမြင့် ဖုန်း-၀၉-၅၃၆၃၁၇၇
ဦးကျော်မိုးဦး ဖုန်း-၀၉-၅၃၆၃၆၁၈
ဒေါ်တင်တင်ခိုင် ဖုန်း-၀၉-၅၃၆၃၂၉၈

နေပြည်တော်
ဦးသက်နိုင်ဦး ဖုန်း-၀၉-၄၄၈၅၃၅၇၀၆
ဦးမြင့်ဦး ဖုန်း-၀၉-၈၃၀၂၄၄၅

ရန်ကုန်
ဦးသန်းအောင် ဖုန်း-၀၉-၅၁၁၂၅၃၃
ဦးဝမ်းကြည် ဖုန်း-၀၉-၅၀၀၅၁၅၈
ဦးလှငွေ ဖုန်း-၀၉-၅၃၂၂၇၄၄
ဦးထွန်းအောင် ဖုန်း-၀၉-၅၀၇၄၅၅၀
ဦးမြင့်စိုး ဖုန်း-၀၉-၄၉၂၄၁၁၃၃

KBZ Bank Account
M - 0861120000338

ပူဇော်ပွဲကျင်းပရေးကော်မတီ
စီးကုန်းမြို့

ဒေါက်တာ နီလာသိန်း (လင်းရောင်သစ်)
၏
အလင်းစေတမန်တို့၏အောင်ပွဲ ပွဲတင်သံများ
နှင့်
အလင်းကမ္ဘာသစ်ဆီသို့
ဆောင်းပါးများ

ထွက်ပြီ

ဖြန့်ချိရေး
လင်းရောင်သစ်စာပေ၊ ဖုန်း-၀၉-၈၆၂၀၁၆၃၊ ၀၁-၅၀၃၉၅၀
သီရိဆွေစာပေ-ဖုန်း-၀၉-၅၂၁၁၀၃၆၇၁၊ ၀၉-၇၃၁၄၂၇၇၄

ရန်ကုန်စည်ပင်သာယာနယ်နိမိတ် မြို့နယ်ကိုးခုအတွင်း အွန်လိုင်းမှ လုပ်ငန်းလိုင်စင်လျှောက်ထားခွင့်ပြုပြီ

ရန်ကုန် ဒီဇင်ဘာ ၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ လုပ်ငန်းလိုင်စင်များကို အွန်လိုင်းမတစ်ဆင့် လျှောက်ထားမှုအစီအစဉ်ကို မြို့နယ်များ တိုးချဲ့ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

အွန်လိုင်းမှတစ်ဆင့် ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း လုပ်ငန်းလိုင်စင်များဖြစ်ကြသော အစားအသောက်လိုင်စင်၊ စက်မှုလုပ်ငန်း လိုင်စင်၊ စက်မှုဇုန်အတွင်း လုပ်ကိုင်သည့် လိုင်စင်များ၊ ဘော်ဒါဆောင် လိုင်စင်၊ ဘီးတပ်ယာဉ်နှင့် လှည်းလှည်းရောင်းချခွင့် လိုင်စင်များ၊ တည်းခိုလိုင်စင်၊ ကိုယ်ပိုင်ဆိုင် လုပ်ငန်းလိုင်စင်၊ ယာယီဈေးဆိုင်ဖွင့် ပါမစ်များအပါအဝင် လိုင်စင်သက်တမ်းတိုးခြင်း၊ ဖျက်သိမ်းခြင်း၊ အချက်အလက် ပြင်ဆင်ခြင်းများအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အင်တာနက် အေဒီအက်စ်အယ်လ် လိုင်းချိတ်ထားသည့် မြို့နယ် ၁၃ မြို့နယ်ကို ဦးစားပေးလျှောက်ထားခွင့်ပြုမည်ဖြစ်ရာ ယခုအခါ ပုဇွန်တောင်၊ လမ်းမတော်၊ အလုံ၊ ကမာရွတ်၊ ကျောက်တံတား၊ သင်္ဃန်းကျွန်း၊ လှိုင်မြို့နယ်များရှိ လိုင်စင်များ အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်တော့မည် ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လျှောက်ထားနိုင်

နိုဝင်ဘာ ၁ ရက်မှ စတင်ပြီး တာမွေမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့၌ အွန်လိုင်းမှတစ်ဆင့် လုပ်ငန်းလိုင်စင် လျှောက်ထားခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင် မြို့နယ်စုစုပေါင်း ကိုးမြို့နယ်အတွင်း လုပ်ငန်းလိုင်စင်များကို အွန်လိုင်းမှ လျှောက်ထားနိုင်ပြီဖြစ်ပြီး စမ်းချောင်း၊ မြောက်ဥက္ကလာပနှင့် တောင်ဥက္ကလာပမြို့နယ်များအတွင်း လုပ်ငန်းလုပ်ကိုင်လိုသူများ အတွက်လည်း မကြာမီ စတင်လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း လုပ်ငန်းများအတွက် လိုင်စင်လျှောက်ထားမှုအားလုံးကို အွန်လိုင်းမှ ခွင့်မပြုခြင်းမဟုတ်ဘဲ အရက်နှင့်စတိုးဆိုင်၊ ကေတီဗွီဆိုင်များနှင့် ကျူရှင်လုပ်ငန်းလိုင်စင်များ လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းများကို လူကိုယ်တိုင် သွားရောက်လျှောက်ထားရမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၏ ဝက်ဘ်ဆိုက်ဖြစ်သည့် www.ycdc.com.mm ၌ အွန်လိုင်းမှတစ်ဆင့် လုပ်ငန်းလိုင်စင်များလျှောက်ထားရာတွင် လိုအပ်ချက်များကို လေ့လာဖတ်ရှုပြီး ဝင်ရောက်လျှောက်ထားနိုင်ပြီဖြစ်သည့်အပြင် အဆိုပါ အွန်လိုင်းလုပ်ငန်း လိုင်စင်လျှောက်ထားမှုမှာ နှစ်ပတ်ခန့် ကြာမြင့်မည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပြီး ငွေပေးသွင်းရန် အချိန်မှသာ လူကိုယ်တိုင် လာရောက်ပေးသွင်းနိုင်ပြီဖြစ်သည်။

ခင်ရတနာ

အဘိုး ဦးလုံးလိုင်းဆိုင် ဘာကြောင့် အသက် ၁၁၁ ရှည်

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ သမိုင်းဝင်တပ်ကျော်ဘော်ကြို မုဋ္ဌောဘုရားကြီးတွင် မကြာခဏ တွေ့ရှိရသည့် ဘိုးသက်ရှည်အဘိုး ဦးလုံးလိုင်းဆိုင်အား ရှမ်းနှစ်သစ်ကူးနေ့တွင် အမှတ်တရအဖြစ် အများသူငါ သိရှိနိုင်စေရန် အသက် ၁၁၁ နှစ် ရှိ ၎င်း၏ အကြောင်း စေ့စပ်ရသမျှ ဖော်ပြအပ်ပါသည်။

အဘိုး ဦးလုံးလိုင်းဆိုင်ကို အဘ ဦးပုကျောင်းနှင့်အမိ ဒေါ်နိုင်းစိန်းမွန်တို့က ၁၂၆၄ ခုနှစ် ဝါဆိုလဆန်း ၃ရက်တွင် မွေးဖွားပြီး မွေးချင်းလေးဦးအနက် အဘိုးသည် တတိယမြောက်သား ဖြစ်ကြောင်း အဘိုး ဦးလုံးလိုင်းဆိုင်အား လားရှိုးခရိုင် တန့်ယန်းမြို့တွင် မွေးဖွားပြီး အသက် ၄၀ နှစ်အရွယ်တွင် သီပေါမြို့နယ် ကျောက်မဲမြို့နယ်ဘက်သို့ ပြောင်းရွှေ့လာပြီး လက်ဖက်ခြံ၊ လက်ဖက်တောင်တန်းများပေါ်တွင် နေထိုင်ပြီး လက်ဖက်စိုက်ပျိုးမြင်း လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းခဲ့ပြီး ကျောက်မဲမြို့နယ် လက်ဖက်တွက်ရာ ဟူးတွက်ဒေသကျေးရွာတွင် ပြည်သူ့စစ်ခေါင်းဆောင်အဖြစ် ကျေးရွာလုံခြုံရေးတာဝန်များကို တမ်းဆောင်ခဲ့ကြောင်း သိရသည်။ အဘိုးဦးလုံးလိုင်းဆိုင်သည် ကျန်းမာရေး အတွက်ကောင်းမွန်သူဖြစ်ပြီး ၂၁ မိုင် ဝေးကွာသော သီပေါမြို့နှင့် ကျောက်မဲမြို့သို့ သုံးနာရီကြာမျှ ခြေကျင်လျှောက်ကာ သွားလာလျက်ရှိသည်။ မျက်စိနှင့် နားများမှာလည်း သာမန်လူငယ်များကဲ့သို့ မြင်နိုင်ကြားနိုင်စွမ်းရှိသည်။ မှတ်ဉာဏ်ကောင်းမွန်ပြီး မွေးနေ့မှစ၍ ယနေ့အထိ လုပ်ကိုင်ဆောင်ရွက်ခဲ့သမျှကို ခရေစေ့တွင်းကျ ပြောပြနိုင်ပါသေးသည်။

အဘိုး ဦးလုံးလိုင်းဆိုင်သည် နေ့စဉ်နေ့တိုင်း အရဟံဂုဏ်တော်ကို ပွားများကြောင်း၊ တရားထိုင်သည့်အခါ မိုးတုတိဝိပဿနာကို ကျင့်ကြံအားထုတ်ကြောင်း၊ အစိကကောက်ညင်းကိုပဲစားပြီး သားကြီး ငါးကြီးမစားကြောင်း၊ လတ်ဆတ်သည့် ဟင်းသီး ဟင်းရွက်နှင့် ငါးသေးသေးလေးများကိုသာ စားသုံးကြောင်း၊ ရေအေးကိုသောက်သုံးခြင်းမပြုဘဲ လက်ဖက်ခြောက်ခတ်ထားသော ရေနွေးကြမ်းကိုသာ အမြဲသောက်သုံးသောကြောင့် ယခုကဲ့သို့ အသက်ရှည်တာ ဖြစ်နိုင်ကြောင်း ပြောမြ၍ သိရှိရသည်။

ထူးခြားချက်မှာ အဘိုး ဦးလုံးလိုင်းဆိုင်သည် မျက်စိ၊ နားတို့သည် ကောင်းစွာမြင်နိုင်ကြားနိုင်ခြင်း၊ ယခင်ရင်းနှီးသူများ၏ မိတ်ဆွေများ၊ သားသမီး၊ မြေးများ လာရောက်သည့်အခါ ဦးဘယ်သူ နေကောင်းလား၊ ရှိသေးလားဟု မေးတတ်ခြင်း၊ မှတ်ဉာဏ်ကောင်းမွန်ပြီး မေးသမျှတို အပြုံးမပျက် ရယ်ရယ်မောမော ပြောဆိုတတ်ခြင်း၊ သွားလိုသည့် နေရာများသို့ အများအယွင်းမရှိ မြေကျင်သွားလာတတ်ခြင်း၊ အခါကြီး ရက်ကြီး ဥပုသ်နေ့နှင့် အဘိုးလာချင်သည့် ရက်များတွင် လူအကူမလိုဘဲ မိမိအိမ်မည် အိမ်ရာလိပ်ကိုတမ်းတာ ဘော်ကြို မုဋ္ဌောဘုရားကြီးသို့ လာရောက်တတ်ကြောင်း မျက်မြင်တွေ့ သိရှိသူတစ်ဦးက ရှမ်းနှစ်သစ်ကူးနေ့နှင့်အသက် ၁၁၁နှစ်ရှိ အဘိုး ဦးလုံးလိုင်းဆိုင်အား ဂုဏ်ပြုရေးသားလိုက်ရပါသည်။ **စိုင်းဝင်းဇော်**

အမှုပိုင်းဒေသ စိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြို ဓာတ်ပုံ၊ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတို့ ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဓာတ်ပုံ၊ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲနှင့် စာပေရေချမ်းစင်အိတ်များလှူဒါန်းပွဲကို ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ရေးဦးစွာ ဓာတ်ပုံ၊ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် သာသနာ့ရိပ်သာအသင်းဥက္ကဋ္ဌက စာပေရေချမ်းစင် ငါးအိတ်နှင့် နှစ်လစာ စာအုပ်ဖိုး ၆၅၀၀၀၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်အခွန်ဦးစီးဌာနမှူးနှင့် ကမ္ဘောဇဘဏ်(သန်လျင်)မန်နေဂျာတို့က စာပေရေချမ်းစင် တစ်အိတ်စီနှင့် စာအုပ်ဖိုး နှစ်လစာ ၁၃၀၀၀ ကျပ်စီ ပေးအပ်လှူဒါန်းကြသည်။

ရန်တုန်တောင်ပိုင်းခရိုင်အနေဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ပြင်ဆင်မှုမှတ်တမ်းများ၊ ကျင်းပမည့်အချိန် နေ့ရက်၊ နေရာများကို ယနေ့ပြပွဲတွင် ပြသထားလျက်ရှိပြီး ခရိုင်အတွင်းရှိ တွံတေး၊ ခရမ်း၊ သန်လျင်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်များတွင် ပြပွဲများ ကျင်းပခဲ့ပြီး ဆက်လက်၍ ကျောက်တန်း၊ သုံးခွ၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များတွင် ပြပွဲများ ဆက်လက်ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ဘျောင်မိသားစုများအား ကူညီထောက်ပံ့ရန်ပုံငွေအတွက် ဖျော်ဖြေပွဲကျင်းပ

ဗန်းမော် ဒီဇင်ဘာ ၅

ကချင်ပြည်နယ် ဗန်းမော်မြို့ နှစ်မိုင်အောင်သာတက်သလစ်အသင်းတော် "ဘက်စုံဖွံ့ဖြိုးရေး သင်ကြားဆောင် သုံးထပ်မွှာရုံဆောက်လုပ်ရေး" အလှူတော်ငွေအတွက် ဗီဒီယို/ရုပ်ရှင်သရုပ်ဆောင် ခင်လှိုင်နှင့် ဒီန်းဒေါင်အဖွဲ့တို့၏ ဖျော်ဖြေပွဲတို့ နိုဝင်ဘာ ၃၀ ရက်နှင့် ဒီဇင်ဘာ ၁ ရက် ည ၇ နာရီတ တချင်တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှု မနောတင်း၌ ကျင်းပခဲ့သည်။

ဆက်လက်၍ ဗန်းမော်မြို့နယ်လုံးဆိုင်ရာ တိုင်းရင်းသားများ ပါဝင်သော သွေးချင်းညီအစ်ကိုများ ဦးစီး၍**(အောက်ပုံ)** နယ်ပြေလုံခြုံရေးအရ စစ်ဘေးတိမ်းရောင်မိသားစုများအား ကူညီထောက်ပံ့ရန်ပုံငွေအတွက် ဗီဒီယို / ရုပ်ရှင်သရုပ်ဆောင် ခင်လှိုင်၊ ဒီန်းဒေါင်အဖွဲ့တို့သည် ဒီဇင်ဘာ ၂ ရက် ည ၇ နာရီတ အဆိုပါ မနောကွင်း၌ ဖျော်ဖြေပေးကြရာ ရန်ပုံငွေကျပ် ၁၈ သိန်းကျော်ရရှိခဲ့သည်။

သွေးချင်းညီအစ်ကိုများ ကူညီရေးအဖွဲ့သည် မန်စီမြို့နယ် စီခန်းကြီးစခန်း စစ်ဘေးရောင်မိသားစု ၃၆၄ ဦးနှင့် မန်ဝိန်းကြီးကျေးရွာစခန်း စစ်ဘေးရောင်မိသားစု ၅၀၀၀ ကျော်တို့ထံသို့ အဆိုပါ ရန်ပုံငွေကို ဒီဇင်ဘာ ၃ ရက်တ ကူညီထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ဆီမီးခုံ-နန်းရီ**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ကြီးခရိုင်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၁၄၂

မြန်မာနိုင်ငံသားများဘဏ်လီမိတက် နှင့် ဦးနိုင်းအုံးဆွေ ပါ-၂
(ဘဏ်ကိုယ်စား မန်နေဂျာဦးကြည်စိန်)

တရားလို — တရားပြိုင်များ

တောင်ကြီးမြို့၊ ကန်သာရပ်၊ ပြည်တော်အေးလမ်း၊ အမှတ် ၈၀နေ ဦးနိုင်းအုံးဆွေ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေ ၈၆၀၈၇၉၆၅ကျပ် ၃၉ပြား ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၀ရက်(၁၃၇၅ခုနှစ် နတ်တော်လဆန်း ၈ရက်)စွဲနံမတည့်မီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဟန်သိန်း)
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

KHINE PROPERTY Real Estate Service နှင့်
Asia Tours Myanmar မှ

ဒေါ်ဝင်းဝင်းခိုင် ၁၂/ဥကမ(နိုင်)၁၀၃၆၂၆ နှင့် အများသိစေရန်

ကျွန်မပိုင်ဆိုင်သော မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ အလံပြဘုရားလမ်း၊ အမှတ် ၃၄၊ အခန်းအမှတ်(H)ကို ၁-၆-၂၀၁၃ ရက်မှ ၁-၁၂-၂၀၁၃ ရက်အထိ ဒေါ်ဝင်းဝင်းခိုင်မှ ရုံးခန်းအဖြစ်အသုံးပြုရန် ငှားရမ်းခဲ့ပါသည်။

ယခုအခါသတ်မှတ်ကာလပြည့်ပြီဖြစ်၍ အခန်းရှင်မှ ပြန်ထည့်လွှဲအပ်ရန်ဆက်သွယ်သော်လည်း အပ်နှံခြင်းမရှိဘဲ တိမ်းရှောင်နေသဖြင့် ခုနစ်ရက်အတွင်း ဒေါ်ဝင်းဝင်းခိုင်မှ အခန်းပိုင်ရှင်ထံ လာရောက်ဆက်သွယ်ရန်နှင့် အခန်းပြန်လည်အပ်နှံရန် အကြောင်းကြားပါသည်။ ၂-၁၂-၂၀၁၃ ရက်မှစ၍ ရုံးခန်းထပ်မံဖွင့်လှစ်ခွင့်မရှိကြောင်း အသိပေးအပ်ပါသည်။ အခန်းလက်ရောက်အပ်နှံခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးတြေညာအပ်ပါသည်။

မဥမ္မာတင်
၁၂/ကမတ(နိုင်)၀၄၁၉၆၈

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၆၄၄/က၊ မြေကွက်တည်နေရာအမှတ် ၆၄၄/က၊ ဝရဇာလမ်း၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ် ဒေါ်သန်းရီ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းရီနှင့် ခင်ပွန်း ဦးတင်ရွှေ ကွယ်လွန်သဖြင့် ဦးဝင်းမြင့် ၁၃/လခတ(နိုင်)၀၀၂၀၈၉၊ ဒေါ်သန်းသန်းမြင့် ၁၂/ဥကတ(နိုင်)၀၆၈၈၃၇ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၇၅၃ (၁၄-၁၀-၁၃)ဖြင့် လွှဲအပ်ခံရသူအထွေထွေကိုယ်စားလှယ် ဦးစိုးဝင်း ၁၂/လမန(နိုင်)၀၅၅၄၈၆ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကိန်လွှာ ၃-၄၂၄ (၂၁-၁၀-၁၃)ကို တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် ဦးကျော်မြင့်၏ သား မောင်ကျော်စောလှိုင် MTNT-၀၃၆၃၈၄ အသက်(၁၄)နှစ် အရပ် ၅ပေ ၁၀ လက်မသည် နေအိမ်မှပျောက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၆၈၀၄၉၁၊
၀၉-၈၅၀၀၅၃၂

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုနတိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ လယ်ယာ ၁ လမ်း၊ (၁၀မြောက်)ရပ်ကွက်၊ အမှတ် ၂၃ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ လူနေရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ်၂၃၊ မြေဧရိယာ ၁၄၄၀၀၊ စတုရန်းပေ (အလျား၁၂၀×အနံ၁၂၀)ရှိ နှစ် ၆၀မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးဘဘ ဗီ/အီး-၀၄၅၉၁၄ ကွယ်လွန်သည့်အတွက် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၃၅၉၁/၂၀၁၂အရ အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်ဦး၊ ဒေါ်မူမူသန်း၊ ဒေါ်နီလာ၊ ဒေါ်တင်တင်ရီတို့ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင်ပြုလုပ်သည့် ပြန်လည်မရုပ်သိမ်းနိုင်သော အထူးကိုယ်စားလှယ် လွှဲစာအမှတ် ၁၂၆၈၇/၂၀၁၂ရယူပြီး လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးအောင်မြင့် ၁၂/လမတ(နိုင်)၁၀၇၄၃၅မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ LL.B — ဒေါ်လှလှခိုင် LL.B
တရားလွှတ်တော်ရှေ့နေ (၄၃၇၃) — တရားလွှတ်တော်ရှေ့နေ (၅၄၁၀)

အမှတ် ၉/၁၁၊ အခန်းအမှတ် (၂၀၁ A)၊ ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပြည်တွင်းသတင်း

ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆပ်ကော်မတီနှင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့ အစည်းများမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

ရန်ကုန်　ဒီဇင်ဘာ　၅

ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆပ်ကော်မတီဥက္ကဋ္ဌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေသည် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ အစိုးရအဖွဲ့ဆပ်ကော်မတီများ ဖွဲ့စည်းရသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီ ဖွဲ့စည်းထားရှိမှုနှင့် ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့် အခြေအနေများကို အကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆန်ကော၊ ဆန်ခါရက်လုပ်၍ မိသားစုဝင်ငွေရ

ဂန့်ဂေါ　ဒီဇင်ဘာ　၅

ဝါးဖြင့်ရက်လုပ်သည့် ဆန်ကော၊ ဆန်ခါများကို မြန်မာနိုင်ငံ နေရာဒေသအနှံ့အပြား၌ တွင်ကျယ်စွာအသုံးပြုနေကြဆဲပင်ဖြစ်၍ ဆန်ကော၊ ဆန်ခါများ ရက်လုပ်ရောင်းချသူများမှာ ဤလုပ်ငန်းဖြင့် မိသားစုဝင်ငွေတိုးလျက်ရှိသည်။ မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက်ရှိ နေအိမ်တစ်အိမ်တွင် မိသားစုတစ်စုက ဆန်ကော၊ ဆန်ခါများရက်လုပ်ကာ **(ယာပုံ)** ဂန့်ဂေါမြို့နယ်အတွင်း ကျေးလက်တောရွာများ၌ ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည်။ ယင်းမိသားစုသည် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကံကြီးကျေးရွာမှ ဂန့်ဂေါမြို့သို့ ပြောင်းရွှေ့လာကာ ဆန်ကာ၊ ဆန်ခါ ရက်လုပ်ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေပြင်း ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကံကြီး၊ မကျည်းခွဲ၊ ညောင်ကန်၊ ညောင်ကန်း၊ ရွာသာအစရှိသည့် ကျေးရွာများတွင် နေထိုင်သူအများစုသည် ဆန်ကော၊ ဆန်ခါရက်လုပ်ခြင်း လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်ဟု အထက်ဖော်ပြပါ မိသားစုကပြောသည်။ အဆိုပါကျေးရွာများမှ ထုတ်လုပ်သော ဆန်ကော၊ ဆန်ခါများကို မြန်မာနိုင်ငံ နေရာဒေသအနှံ့အပြားရှိ ဘုရားပွဲများ၊ ရိုးရာပွဲများ၊ အထိမ်းအမှတ်ပွဲများတွင် လှည့်လည်ရောင်းချသည်ကများသည်ဟုဆိုသည်။ ဆန်ကော၊ ဆန်ခါရက်လုပ်သူ အများစုသည် လက်လုပ်လက်စားများဖြစ်၍ ငွေကြေးအရင်းအနှီးပြည့်စုံမှု မရှိကြသဖြင့် ရက်လုပ်သော ဆန်ကော၊ ဆန်ခါများကို ဆန်ကော၊ ဆန်ခါကုန်သည်များမှ တစ်ဆင့် ဖြန့်ဖြူးရောင်းချကြရသည်။

ဆန်ကော၊ ဆန်ခါတစ်ချပ် ရက်လုပ် ပြီးမြောက်ရန်မှာ တစ်ဦးတည်း ဖြင့်ဆောင်ရွက်၍မပြီးဘဲ ဝါးပြတ်သူ၊ ဝါးစိပ်သူ၊ နီးထိုးသူ၊ နီးသပ်သူ၊ ရက်လုပ်သူ၊ ကြိမ်တင်သူ၊ ကြိမ်ကွပ်သူ အစရှိသဖြင့် ကျွမ်းကျင်မှုအလိုက် လူ ၁၂ ဦးခန့်ဖြင့် ဝိုင်းဝန်းဆောင်ရွက်မှအထုပ်ပြီးမြောက်သည်။ ဆောင်ရွက်မှုလုပ်ငန်းအလိုက် ဆောင်ရွက်ခခံစားရသည်။ မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်အတွင်း ကျေးရွာများ၌ ဆန်ကော၊ ဆန်ခါ ထုတ်လုပ်သူကိုယ်တိုင် လှည့်လည်ရောင်းချရာတွင် သီးနှံပေါ်ပေးအဖြစ် အကြွေးစနစ်ဖြင့် ရောင်းချရသည်။ သီးနှံပေါ်ပေးအကြွေးစနစ်ဖြင့် ရောင်းချလိုက်သော ဆန်ကော၊ ဆန်ခါဖိုး အကြွေးငွေ ပြန်လည်ရရှိရန် ငါးလခန့် စောင့်ဆိုင်းရသည်။ ဆန်ကော၊ ဆန်ခါ တစ်ချပ်လျှင် ငွေကျပ် ၁၅၀၀ ဝန်းကျင်ဖြင့်ရောင်းရသည်။ "တောင်သူတွေလိုအပ်တဲ့ပစ္စည်း ကိရိယာတွေကို ထုတ်လုပ်ဖြည့်ဆည်းပေးနေရလို့ ပျော်ပါတယ်။ မိမိရဲ့လုပ်အားနဲ့ သမာအာဇီဝကျကျရတဲ့ငွေနဲ့ ထမင်းစားနေရလို့ ထမင်းမြိန်ပြီး စိတ်ချမ်းသာပါတယ်" ဟုအထက်ဖော်ပြပါ မိသားစုဝင်တစ်ဦးဖြစ်သူ မနုနုဝင်းက ပြုံးလျက်ပြောသည်။ **ကြီးမြင့်နိုင်(လှိုင်ကော်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၅-၁၂-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၅၃၀၀၀-၆၁၅၀၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၅၂၇၀၀-၆၁၄၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၉-၉၈၉	ကျပ်
ဥရောပ	တစ်ယူရို	၁၃၂၀-၁၃၄၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၆-၇၈၉	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၃-၃၀.၈	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅.၈	ကျပ်
တရုတ်	တစ်ယွမ်	၁၆၀-၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၃-၃၀၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၁၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၄၅၀၀	ကျပ်
၂။ ငါးဖြစ်ချင်း	တစ်ပိဿာ	၃၂၀၀-၄၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၃၀၀-၇၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၇၀၀-၆၈၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၈၀၀-၁၄၃၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နှမ်းဆန်	တစ်အိတ်	၁၈၅၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၂၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၂၀၀၀-၂၄၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၈၅
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၀၀-၉၂၅
၇။ ရမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၂၀၀-၁၂၂၅
၉။ အာလူး (ဟဲဟိုး)	တစ်ပိဿာ	၄၇၀-၇၀၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၅၀၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၃၅၀၀-၃၈၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၀၀-၁၀၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲ ရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ကျန်းမာရေးစောင့်ရှောက်မှုကွင်းဆင်းဆောင်ရွက်

မြိတ်　ဒီဇင်ဘာ　၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အင်မော်ကျေးရွာ ကျန်းမာရေးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအဖွဲ့လိုက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသော အင်မော်ကျန်းမာရေးမှူး ဒေါ်သီဂီဦး၊ သားဖွားဆရာမ ဒေါ်စန်းစန်းမော်၊ ဒေါ်စုစုထွေး၊ ဒေါ်ဇင်မာယုနှင့် ဒေါ်စိုးစိုးယုတိ ပါဝင်သော ကွင်းဆင်းအဖွဲ့သည် ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီက မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ရွှေဒူးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ငါးနှစ်အောက် ကလေးငယ်များအား လိုအပ်သည် ကျန်းမာရေးစောင့်ရှောက်မှု အထွေထွေရောဂါအခမဲ့ကုသပေးခြင်းနှင့် ကိုယ်အလေးချိန်တိုင်းတာခြင်း၊ တစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ်ပုံမှန် ယူစီအိုင်ကာကွယ်ဆေးထိုးနှံခြင်းစသည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါကွင်းဆင်းအဖွဲ့မှ ကျေးရွာအတွင်းရှိ ငါးနှစ်အောက်ကလေးငယ်၊ တစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လိုအပ်သည် ကျန်းမာရေးစောင့်ရှောက်မှု အထွေထွေရောဂါ အခမဲ့ကုသပေးခြင်း၊ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပြီး ငါးမျိုးစပ်ကာကွယ်ဆေးများဖြစ်သော ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုး၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် ကာကွယ်ဆေးများရောစပ်၍ ရပ်ကွက်အတွင်းမှ မိခင်နှင့်ကလေး စုစုပေါင်း ၁၁၅ ဦးအား ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ ကျန်းမာရေး စောင့်ရှောက်ခဲ့ကြကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

ဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုရှေ့နေချုပ် ဝဏ္ဏကျော်ထင်ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ ညီလာခံတွင် ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင် ဂုဏ်ထူးဆောင်ဆု (International Jurists Award-2013) ကို ချီးမြှင့်ခံရသည်အတွက် ဂုဏ်ယူဝမ်းမြောက်လျက်ရှိပါကြောင်း။

ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့်ဇနီး ဒေါ်တင်တင်ဝင်း

၁၁-၁၁-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာ-၂၀တွင်ပါရှိသော တရားလွှတ်တော်ရှေ့နေ ဦးသန့်ဇော်၏ ကန့်ကွက်နိုင်ကြောင်းကြေညာချက်အပေါ် ကန့်ကွက်တားမြစ်ခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် 14-E၊ မြေကွက်အမှတ် 2nd Northern Division of I-9၊ 2nd Southern Division of I-9၊ ဧရိယာ ၀ ဒသမ ၁၆၆ ဧက၊ ဝေ(၆၃×၁၁၅)၊ မြေအမျိုးအစား နှစ် ၆၀ မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ် ၃၆ ဟုခေါ်တွင်သော လေးထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ဦးရဲဝင်းအောင် အမည်ဖြင့် လေလံဆွဲဝယ်ယူထားခြင်းဖြစ်သော်လည်း သီအရင်းတော်စပ်သူ ဦးထွန်းအောင်နှင့် မိသားစုဝင် ညီအစ်ကိုများက ကုမ္ပဏီလုပ်ငန်း ဘဏ်စာရင်းရှိ ငွေများထည့်ဝင်ပြီး ပူးတွဲဝယ်ယူပိုင်ဆိုင်ထားသော ပစ္စည်းဖြစ်ပါသည်။ ဦးရဲဝင်းအောင် တစ်ဦးတည်းက ဦးထွန်းအောင် အပါအဝင် ကျန်ညီအစ်ကိုများ၏ အတိအလင်းသဘောတူညီချက်ရယူခြင်းမရှိဘဲ လွှဲပြောင်းရောင်းချခွင့်၊ တစ်နည်းနည်း စီမံခန့်ခွဲခွင့်မရှိပါ။ အကယ်၍ ဦးရဲဝင်းအောင် တစ်ဦးတည်းနှင့် လွှဲပြောင်းရောင်းဝယ်မှုပြုလုပ်မှုသည် တရားမဝင်ပျက်ပြယ်မည်ဖြစ်ကြောင်း၊ ပစ္စည်းအပေါ် ကျန်သူများက ပူးတွဲပိုင်ဆိုင်မှုဝေစုခွဲဝေရရှိရေးအတွက် တရားစွဲဆိုသွားရန်စီစဉ်ဆောင်ရွက်ပြီးဖြစ်ကြောင်း ကန့်ကွက်ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးသန်းစိုး(ထွန်း)　B.A(Eco),H.G.P,R.L,D.B.L　**တရားလွှတ်တော်ရှေ့နေ (၅၄၉၃)**

ဒေါ်မူယာ　LL.B, Dip in Bussiness Law　**တရားလွှတ်တော်ရှေ့နေ (၆၆၆၀)**

ဦးဇော်ဇော်နိုင်အောင် LL.B　**အထက်တန်းရှေ့နေ (၂၅၄၇၄)**

အမှတ် ၁၅၈/ဘီ၊ သုံးလွှာ၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

၂၄-၁၁-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ တရားလွှတ်တော်ရှေ့နေကြီး ဦးချစ်ကိုကိုနှင့် တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများ၏ကန့်ကွက်နိုင်ကြောင်း သက်ဆိုင်သူများသိစေရန် ကြေညာချက်အပေါ်ကန့်ကွက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ လူနေရပ်ကွက်အမှတ်(သမိုင်း)၊ မြေကွက်အမှတ် ၃/ဘီ၊ အကျယ်အဝန်း ၂ ဒသမ ၅ ဧကရှိ မြေကွက်ကြီးတစ်ကွက်လုံးအား ကျွန်ုပ်တို့၏မိတ်ဆွေက ၇-၃-၂၀၀၈ ရက်စွဲပါစာချုပ်ဖြင့် ဒေါ်ကြည်(ခ) ဆအိဒ္ဒန်ဘေဂွန် HLG-၀၃၈၅၀၈ နှင့် ဒေါ်ကြည်၏ ၁-၃-၂၀၀၇ ရက်စွဲပါ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးအထွေထွေကိုယ်စားလှယ်စာချုပ်အမှတ် ၁၉၁၀ ရရှိသူ ဦးသိန်းထွန်း ၁၂/ဗဟန(နိုင်)၀၇၄၃၉၄ တို့ထံမှ ဝယ်ယူထားပြီးဖြစ်ပါသည်။ ဒေါ်ကြည်နှင့် ဦးသိန်းထွန်းတို့ ကိုယ်တိုင် လက်မှတ်ရေးထိုးလက်ဗွေနှိပ် ရောင်းချခဲ့ပြီး တရားရုံး၏ အမွေထိန်းလက်မှတ်၊ စီရင်ချက် အမိန့်များ၊ ဆက်စပ်စာရွက်စာတမ်းများ လွှဲအပ်ပေးခဲ့ပါသည်။ အထက်ခေါင်းစဉ်ပါကြေညာချက်အား ပြင်းထန်စွာကန့်ကွက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးလွင်(မိုးဟိန်းကျော်)　**ဦးစိုးဝင်း**　**ဒေါ်သရဖီတင်ညွန့်**

တရားလွှတ်တော်ရှေ့နေများ

အမှတ် ၁၁/၁၂၊ ပထမထပ်၊ အခန်း ၁၀၄/F၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ အမှတ် ၁၁/၆ နေ ဦးဇော်ဝင်းထွန်း ၁၃/တကန(နိုင်)၀၉၇၁၂၁၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်ရှိ အကွက်အမှတ် ၈၁၊ အကွက်အမည် (စောစီရွာရပ်)၊ မြေကွက်အမှတ် ၃၀/၁၁၄၊ ဦးပိုင်အမှတ် ၇၆၊ ဧရိယာ ၀ ဒသမ ၁၇၂ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဦးကျော်ထွန်း (ခ) ဦးခင်ဇော်အမည်ဖြင့် ဂရန်အမှတ်တွဲအမှတ် ၄၅/၂၀၀၆အရ အမည်ပေါက်ပိုင်ဆိုင်သည်ဟုသိရပြီး အဆိုပါဥပစာကို ဦးကျော်ထွန်း (ခ) ဦးခင်ဇော်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဝင်းထွန်းက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါဥပစာနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း စာရွက်စာတမ်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်အတွင်း လာရောက်မကန့်ကွက်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ထွေး LL.B

တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၂၂/၁၉၉၈)

၁၁၇၈/ဖ၊ သရေခေတ္တရာလမ်း၊ ညောင်ဖြူစခန်းရပ်၊ တောင်ကြီးမြို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပြည်သူများမျှော်မှန်းသည့်အောင်မြင်မှုပန်း လှမ်းကိုင်နိုင်မည်ဟု ယုံကြည်

မေး၊ ရေး
ရိရိမြင့်၊ ဥမ္မာသန့်

ကျက်သရေမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံသည့် မြန်မာ့ယဉ်ကျေးမှုအငွေ့အသက်တို့နှင့်အတူ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကား မြန်မာ့မြေပေါ်ဝယ်ဝင့်ဝင့်ထည်ထည်ကျင်းပတော့မည်ဖြစ်သည်။ သည်လိုကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အပိုင်း၊ အားကစားဝန်ကြီးဌာနအပိုင်း၊ အားကစားအဖွဲ့ချုပ်များအပိုင်း၊ ပြိုင်ပွဲပင်အားကစားသမားများအပိုင်းနှင့် ပြည်သူများအပိုင်းက သူ့အပိုင်းနှင့်သူ ကဏ္ဍအလိုက် တာဝန်ကျေပွန်စွာ လစ်ဟာမှုမရှိအောင် အားကြိုးမာန်တက် ဦးထမ်းပဲ့ထမ်းတာဝန်ကိုယ်စီဖြင့် ဆောင်ရွက်နေကြသည်မှာ နိုင်ငံအနှံ့တဝင်ည်းမျှ ထင်ထင်ရှားရှားတွေ့မြင် သိရှိနေရသည်။

မြန်မာ့မြေပေါ်ဝယ်ကျင်းပသည် အားကစားပြိုင်ပွဲများအနက် ရန်ကုန်တိုင်းဒေသကြီးဇုန်အတွင်း ကျင်းပမည့်အားကစားနည်းများအနက် နည်းလမ်းစည်းကမ်းတကျ အောင်မြင်မှုပန်း ဆွတ်လှမ်းနိုင်ရေးအတွက် ကဏ္ဍအလိုက် ကြိုးစားနေမှုပုံရိပ်အချို့ကို မြန်မာ့သတင်းစဉ်သတင်းအဖွဲ့က သွားရောက်မေးမြန်းမှတ်တမ်းတင်ချက်ကို ဖော်ပြလိုက်ပါသည်။

ကျော်ဝင်းဦး (၉၆ ကီလိုတန်း Free Style) နပန်းအားကစားသမား

ကျော်ဝင်းဦး(၉၆ ကီလိုတန်း Free Style)နပန်းအားကစားသမား

မေး ။ ။ ပြိုင်ပွဲအတွက် ဘယ်လိုကြိုတင်ပြင်ဆင်မှုတွေလုပ်ထားပါသလဲ။

ဖြေ ။ ။ ပြိုင်ပွဲအတွက် နပန်းအားကစားကို အားလုံးပြင်ဆင်ပြီးပါပြီ၊ ဆရာတွေက စနစ်တကျသင်ပြတာရော၊ ကျွန်တော်တို့ကြိုးစားတာရောဆိုတော့ အသင့်ပါပဲ။

မေး ။ ။ ဆုအတွက် ရည်မှန်းထားတာတွေရှိပါသလား၊ လေ့ကျင့်မှုအပိုင်းလေးတွေ ပြောပြပါ။

ဖြေ ။ ။ မျှော်မှန်းထားပါတယ်။ ယှဉ်ပြိုင်ရမယ့်အသင်းတွေကို နိုင်အောင်ကစားသွားမှာပါ။ ပရိသတ်ကို အားပေးပါလို့ပြောချင်ပါတယ်။ လေ့ကျင့်မှုအပိုင်းကတော့ နည်းပြတွေသင်ပြတဲ့အတိုင်း သတ်မှတ်သင်ဆုံးမတဲ့အတိုင်းပဲ ကျွန်တော်တို့ကလည်း လေ့ကျင့်ထားပါတယ်။

မေး ။ ။ နိုင်ငံခြားအတွေ့အကြုံနဲ့ ဘယ်နိုင်ငံတွေနဲ့ ယှဉ်ပြိုင်မှာလဲဆိုတာ ပြောပြပေးပါ။

ဖြေ ။ ။ နိုင်ငံခြားအတွေ့အကြုံအနေနဲ့ပြီးခဲ့တဲ့(၂၆)ကြိမ်မြောက် SEA Games မှာ တစ်ကြိမ်ပြိုင်ဖူးပါတယ်။ ဆုတော့မရခဲ့ပါဘူး။ ဒီနှစ်ခြောက်လပိုင်းထဲမှာ တူရကီကို သုံးလလေ့ကျင့်ဖို့သွားခဲ့ပါတယ်။ တူရကီမှာ အတွေ့အကြုံအများကြီးရခဲ့ပါတယ်။ နိုင်ငံခြားသားတွေနဲ့ လေ့ကျင့်ခဲ့တာဆိုတော့ အများကြီးအတွေ့အကြုံရခဲ့ပါတယ်။ (၉၆)ကီလိုဝိတ်တန်းမှာ ယှဉ်ပြိုင်မှာပါ။ သုံးဦးယှဉ်ပြိုင်မှာပါ။ လာအို၊ ကမ္ဘောဒီးယားနဲ့မြန်မာ သုံးနိုင်ငံပဲ နပန်းကစားမှာပါ။ (၉၆)ကီလိုဝိတ်တန်းက တစ်ယောက်ချင်းယှဉ်ပြိုင်ရတာပါ။ Free Style ယှဉ်ပြိုင်ရမှာပါ။

ဇော်မိုးအောင် (၉၆ ကီလိုတန်း Greco) နပန်းအားကစားသမား

ဇော်မိုးအောင်(၉၆ ကီလိုတန်း Greco)နပန်းအားကစားသမား

မေး ။ ။ ယှဉ်ပြိုင်မှုအတွက် ဘာတွေလေ့ကျင့်ထားရပါသလဲ၊ နိုင်ငံခြားအတွေ့အကြုံရှိပါသလား။

ဖြေ ။ ။ (၉၆)ကီလိုတန်း ဝင်ရောက်ယှဉ်ပြိုင်မှာပါ။ ကမ္ဘောဒီးယားနဲ့လာအိုက အဓိကပြိုင်ဘက်ပါ။ ကျွန်တော်တို့ကြိုတင်ပြင်ဆင်မှုအပိုင်းကတော့ တူရကီနည်းပြနဲ့ ငါးလလောက်လေ့ကျင့်ထားဝါတယ်။ Camp ဝင်တာကတော့တစ်နှစ်ကျော်သွားပါပြီ။

မေး ။ ။ ဆုရော မှန်းထားလား။

ဖြေ ။ ။ ကျွန်တော်ကတော့ ရွှေတံဆိပ်မှန်းထားပါတယ်။ (၂၆)ကြိမ်မြောက် အင်ဒိုနီးရှား SEA Games ပြိုင်ပွဲမှာ အနှတ် ၈၄ ကီလိုတန်းမှာ တတိယဆုရခဲ့ပါတယ်။ ကျွန်တော်က အခုဝိတ်တင်ပြီး အပေါ်တန်းကိုတက်ပြီး ကစားတာပါ။ အားလုံးအဆင်သင့်ပါပဲ၊ တူရကီနိုင်ငံမှာ နှစ်လ၊ အဇာဘိုင်ဂျန်မှာ တစ်လ အားလုံးပြည်ပမှာ သုံးလ လေ့ကျင့်ခဲ့ပါတယ်။ ကျွန်တော်တို့ကို တူရကီနည်းပြက လေ့ကျင့်ပေးထားပါတယ်။ မနှစ်ကထက် အခုနှစ်မှာ ပိုပြီးပြင်းထန်စွာ လေ့ကျင့်ခဲ့ပါတယ်။

မြတ်ဇော် (ကမ်ပို)

မြတ်ဇော်(ကမ်ပို)

မေး ။ ။ ဘယ်လိုယှဉ်ပြိုင်မှာပါလဲ။ ဘယ်လိုလေ့ကျင့်ထားပါသလဲ။

ဖြေ ။ ။ အနံ့ဗရှစ်ယောက်တွဲရယ်၊ အနံ့ဗယူဒန်ရှာနှစ်ယောက်တွဲရယ်၊ ကျွန်တော်တို့အနေနဲ့ပြိုင်ပွဲနီးကပ်ပြီဆိုတော့ ပြိုင်ပွဲအတွက် ပြင်ဆင်နေပါပြီ။ အချိန်နဲ့နည်းပြများက တိုင်မင်တွေလုပ်ပေးပါတယ်။ လုပ်တဲ့နေရာမှာလည်း အနီးကပ်လိုအပ်တဲ့နေရာလေးတွေ အသေးစိတ်လိုတာတွေကို ဆရာက အခုနောက်ပိုင်းသင်ပေးပါတယ်။ အင်ဒိုနီးရှားက နည်းပြလေးယောက်နဲ့လေ့ကျင့်ပါတယ်။

မေး ။ ။ နိုင်ငံခြားအတွေ့အကြုံရောရှိပါသလား။

ဖြေ ။ ။ ကျွန်တော်တို့ပြီးခဲ့တဲ့နှစ် အင်ဒိုနီးရှားနိုင်ငံမှာလုပ်တဲ့ ဗိုကော Open မှာသွားရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲဒီမှာ နံပါတ်(၄)ရခဲ့ပါတယ်။ ပြိုင်ပွဲအတွေ့အကြုံအနေနဲ့တော့ အဲဒီတစ်နိုင်ငံပဲသွားဖူးပါတယ်။

စိုးမိုးလွင် (ကမ်ပို)

စိုးမိုးလွင်(ကမ်ပို)

မေး ။ ။ ပြိုင်ပွဲအတွက် ဘာတွေလေ့ကျင့်ပြီးပြီလဲ။

ဖြေ ။ ။ ကျွန်တော်က ရန်ဒိုရီရယ်၊ အနံ့ဗလေးယောက်တွဲရယ်အထွက် ပြင်ဆင်ထားပါတယ်။ အင်ဒိုနီးရှားနည်းပြများက စနစ်တကျလေ့ကျင့်ပေးထားတဲ့အတွက် အားလုံးအဆင်သင့်ဖြစ်ပါပြီ။

မေး ။ ။ နိုင်ငံတကာအတွေ့အကြုံလေးပြောပြပါ။

ဖြေ ။ ။ ပြီးခဲ့တဲ့နှစ် SEA Games မှာပြိုင်ဖူးပါတယ်။ ဗိုကောအင်ဒိုနီးရှားပြိုင်ပွဲမှာ တတိယရခဲ့ပါတယ်။ Pre ပွဲတွေမှာတော့ ရွှေတစ်ခု၊ ငွေတစ်ခုရခဲ့ပါတယ်။ လေးယောက်အသင်းလိုက်အတွဲမှာတော့ ရွှေတံဆိပ်ရမယ်လို့ မျှော်လင့်ပါတယ်။ ကြိုးလည်းကြိုးစားထားပါတယ်။

ဒေါ်မိမိမော်(လ/ထ ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ကမ်ပိုတာဝန်ခံ)

မေး ။ ။ ကမ်ပိုအားကစားတာဝန်ခံအနေနဲ့ အသင်းကို ဘယ်လိုပြင်ဆင်ဆောင်ရွက်ထားပါသလဲ။

ဖြေ ။ ။ မြန်မာကမ်ပိုအနေနဲ့ ဒီနှစ်မှာပထမဆုံးအကြိမ်စပြီးပြိုင်မှာပါ။ ကျွန်မတို့အနေနဲ့ ပြိုင်ပွဲအတွေ့အကြုံရရှိရေးအတွက် ဇွန် ၂၈ ရက်မှ ၃၀ ရက် အထိ ကျင်းပတဲ့ အင်ဒိုနီးရှားနိုင်ငံ ဗိုကောမှာ ဖိတ်ခေါ်ကမ်ပိုပြိုင်ပွဲသွားရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံကကျင်းပတဲ့ Pre SEA Games ပြိုင်ပွဲကို စက်တင်ဘာ ၃ ရက်ကနေ ၅

ဒေါ်မိမိမော် (လ/ထညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန၊ ကမ်ပိုတာဝန်ခံ)

ရက်အထိ မြန်မာနိုင်ငံမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အကုန်လုံး ခုနစ်နိုင်ငံပါဝင် ယှဉ်ပြိုင်ခဲ့ပါတယ်။ ကျွန်မတို့က ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေးသုံးခုရရှိခဲ့ပါ တယ်။ အခု လာမယ့် SEA Games မှာဆုရရှိအောင် ပြင်ဆင်ဆောင်ရွက်ထားပါတယ်။ ရွှေတံဆိပ်ဆုတွေလည်း ရမှာပါ။ နိုင်ငံရဲ့ဂုဏ်ကိုလည်းဆောင်နိုင်မှာပါ။

မေး ။ ။ အားကစားသမားများကိုလည်း ဘယ်လိုလေ့ကျင့်ပေးထားပါသလဲ။

ဖြေ ။ ။ ဒီနှစ်မှာ ပထမဆုံးအကြိမ် ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက်ကြောင့် စစည်းထားတဲ့အားကစားသမားများကိုလည်း Camp သွင်းပြီး လေ့ကျင့်ထားပါတယ်။ အားကစားသမားက အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၄ ဦးပါဝင်ပါတယ်။ အားလုံးစုစုပေါင်း ၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အင်ပြည့်အားပြည်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အားကစားသမားတွေ လေ့ကျင့်မှုအပိုင်းကတော့အားကစားပွဲကြီးနီးလာပြီဆိုတော့ စိတ်အပန်းဖြေမှုတွေပေးပါတယ်။ Training ပိုင်းအနေနဲ့ကတော့ နည်းစနစ်ပိုင်းကိုပဲ အဓိကထားပြီးတော့ လေ့ကျင့်ပေးပါတယ်။

ဦးဇော်ဇော်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ)

မေး ။ ။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲအတွက် ဘာတွေများ ပြင်ဆင်ထားပါသလဲ။

ဖြေ ။ ။ ဒီအားကစားပြိုင်ပွဲကြီးက ၄၄ နှစ်ကြာမှ တစ်ကြိမ်ပြန်လုပ်တာ၊ ပြီးတော့ ပြည်သူလူထုအနေနဲ့ ဘောလုံးကို အတော်လေးလည်း ချစ်မြတ်နိုးတယ်။ ကျွန်တော့်အနေနဲ့ လွန်ခဲ့တဲ့ နှစ်နှစ်ကတည်းက အိမ်ရှင်လုပ်ရမှာပဲဆိုတော့ အသင်းကိုပြင်ဆင်တာပေါ့။ အမျိုးသားဘောလုံးရော၊ အမျိုးသမီးဘောလုံးရော၊ အမျိုးသား အမျိုးသမီးရော ကျွန်တော်တို့နှစ်နှစ်တာကာလမှာ အတတ်နိုင်ဆုံးပြင်ဆင်ထားပါတယ်။

ဦးဇော်ဇော် (မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ)

(ဆက်လက်ဖော်ပြပါမည်)

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ လူနေရပ်ကွက်အမှတ်(သမိုင်း)၊ မင်းဓမ္မလမ်း၊ မြေကွက်အမှတ် ၃/ဘီ၊ ဧရိယာ ၂ဒသမ၅ ဧကရှိ မြေကွက်အနက်မှ အကျယ်ဝေ ၀ ဒသမ ၅ ဧကနှင့်ဝတ်သက်၍ ၂၄-၁၁-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ တရားလွှတ်တော်ရှေ့နေ ဦးချစ်ကိုကို၏ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်အား

ပြန်လည်ကန့်ကွက်ကြောင်း အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးလင်းလင်း ၁/မညန(နိုင်)၀၈၇၅၇၅ သည့် အထက်ဖော်ပြပါ ဧရိယာ ၂ ဒသမ ၅ ဧကရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ကြည်(ခ)ဒေါ်ဆအိဒွန်ဘေဂွန် (ဘ)မိုဟာမက်ဟာနစ်နှင့် ၄င်း၏အခွင့်ရကိုယ်စားလှယ်ဖြစ်သူ ဦးသိန်းထွန်း(ခ)မိုဟာမက်အီစွပ် (ဘ)မိုဟာမက်ဟာနစ်တို့ထံမှ ၂၀၁၀ ခုနှစ်မှစတင်၍ ပထမအကြိမ် စရန်ငွေပေးအပ်ဝယ်ယူခဲ့ပြီး နောက်ပိုင်း ရစ်ကြိမ်တိုင်တိုင် စာချုပ်များချုပ်ဆို၍ အကြိမ်ကြိမ်စရန်ငွေများ ပေးအပ်ဝယ်ယူခဲ့သူ ဖြစ်ပါသည်။

အထက်ပါမြေကွက်အား စရန်ငွေများ အကြိမ်ကြိမ်လက်ခံရယူခဲ့သူ ဦးသိန်းထွန်း(ခ)မိုဟာမက်အီစွပ်သည် ကျွန်ုပ်၏မိတ်ဆွေထံမှ ကျန်ငွေအား လက်ခံရယူပြီး မြေကွက်ကို လွှဲအပ်ရောင်းချရမည်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးပြ၍ အရောင်းအဝယ်အား ဖျက်သိမ်းပေးရန်တောင်းပန်ပြောဆိုခဲ့ခြင်းအပေါ် ကျွန်ုပ်မိတ်ဆွေမှ ရိုးသားစွာဖြင့် နားလည်လက်ခံပေးခဲ့ပြီး ဦးသိန်းထွန်း၏ တောင်းဆိုချက်အတိုင်း ၁၈-၁၁-၂၀၁၃ ရက်စွဲပါ သဘောတူကတိစာချုပ်အား ချုပ်ဆိုပေးခဲ့ရခြင်းဖြစ်ကြောင်းနှင့် အဆိုပါစာချုပ်နှင့် ပတ်သက်၍လည်း မြေကွက်ရောင်းချသူ ဦးသိန်းထွန်း(ခ)မိုဟာမက်အီစွပ်မှ ကျွန်ုပ်၏မိတ်ဆွေအား ပြန်လည်ပေးအပ်ရမည့်ငွေများကို အပြီးအပြတ် ရှင်းလင်းပေးချေရခြင်း မရှိသေးပါ။

ထို့ကြောင့် ဦးသိန်းထွန်း(ခ) မိုဟာမက်အီစွပ်မှ ပြန်လည်ရှင်းလင်းပေးရန် ကတိပြုထားသည့်ငွေကြေးများအား အကုန်အစင်ပေးလျော်ရှင်းလင်းခြင်း မပြုသေးသည့်အတွက် အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေသည် အကျိုးခံစားခွင့်ရှိသူ တစ်ဦးအဖြစ်ယနေ့တိုင် ရှိနေပါသေးသည်။ ကျွန်ုပ်မိတ်ဆွေအား ရှင်းလင်းရမည့်ငွေကြေးများ အကုန်အစင် ရှင်းလင်းပေးချေခြင်း မပြုမီကာလအတွင်း အထက်ဖော်ပြပါမြေကွက်အား ရောင်းဝယ်ခြင်းမပြုရန် ကန့်ကွက်ကြောင်းနှင့် ကန့်ကွက်ချက်အား မလိုက်နာဘဲ အရောင်းအဝယ်အား ဆက်လက် ပြုလုပ်မည်ဆိုပါက ဖြစ်ပေါ်လာသည် ပြဿနာအရပ်ရပ်နှင့် ဆုံးရှုံးနစ်နာမှုအရပ်ရပ်များသည် ရောင်းချသူ ဦးသိန်းထွန်း(ခ) မိုဟာမက်အီစွပ်နှင့်သာ သက်ဆိုင်မည်ဖြစ်ကြောင်း ကန့်ကွက် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးလင်းလင်း	**ဦးထွန်းနေဝင်း LL.B**
၁/မညန(နိုင်)၀၈၇၅၇၅	**အထက်တန်းရှေ့နေ (စဉ်-၂၈၃၉၂)**
အမှတ် ၅၊အေးရိပ်မွန်	**အမှတ် (A-9)၊**
လမ်းမကြီး၊ (၃)ရပ်ကွက်၊	**အမှတ် ၅၀၊ ပထမထပ်၊**
လှိုင်မြို့နယ်၊	**ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်၊**
ဖုန်း-၀၉-၅၀၁၁၆၆၃	**ဖုန်း-၀၉-၇၃၀၆၂၀၈၇**

ဦးအောင်ကျော် (Tu Tu - Su Su)
"အောင်" အလုပ်/ဝင်ခွင့်သင်တန်းကျောင်း
အချိန်မီဆက်သွယ်
ထွေအုပ်/စီမံခန့်ခွဲရေးအဆင့်(၁)ဒုဦးစီးမှူး
၂၂/ ၂၃-၃-၂၀၁၄တွင်ဖြေဆိုမည့်သူ/ သူနာပြုသိပ္ပံ
အင်္ဂလိပ်ဘာသာ၌ "ချွင်" ဖြစ်လိုသူများအတွက်
English Speaking/Phonetics/Grammar
၁၀၆၊စဉ့်အိုးတန်းလမ်း၊လသာ။ဖုန်း-၂၅၀၇၂၇၊၀၉၅၁၆၃၈၈၄

ပြင်ဆင်ဖတ်ရှုပါရန်
၂-၁၁-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၇)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်နော်သောင်းတင်၏ ပိုင်ဆိုင်နှင့် အရောင်းမြေပုံကူးတွင် ဒေါ်နော်သောင်းတင် ၇/သဝက(နိုင်)၀၁၀၄၀၅ (အစား) ၇/သဝတ(နိုင်) ၀၁၀၄၀၅ဟု ပြင်ဆင်ဖတ်ရှုပါရန်။

နိုင်ငံတကာအားကစားသတင်း

ဘာစီလိုနာတို့အတွက် မျှော်လင့်ချက်ပြည့်ဝမယ့်ပွဲ

နိုးမြင့်လင်းလက်

စပိန်ဘုရင့်ဖလား ၃၂ သင်းအဆင့် ပထမအကျော့ဘောလုံးပွဲစဉ်တွေကို ဒီဇင်ဘာ ၆ ရက်မှာ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ ဘာစီလိုနာတို့က ကာတာဂျီးနားနဲ့ ဆုံတွေ့ရမှာဖြစ်သလို ရီးရဲမက်ဒရစ်တို့က ဇာတီဗာကွင်းမှာ သွားရောက်ကစားရမှာ ဖြစ်ပါတယ်။

ကာတာဂျီးနားနှင့် ဘာစီလိုနာ

အသင်းငယ်ဖြစ်တဲ့ ကာတာဂျီးနားဟာ ဘာစီလိုနာအသင်းကို အိမ်ကွင်းဖြစ်ပေမယ့် မလွယ်ပါဘူး၊ ကာတာဂျီးနားတို့ ဘာစီလိုနာနဲ့ဆုံတိုင်း ဂိုးပြတ်သွင်း အရေးနိမ့်ခဲ့ရတာချည်းဖြစ်လို အခုပွဲမှာလည်း အမှတ်ရဖို့ မဖြစ်နိုင်ပါဘူး။ စပိန်ဖလားတွေကို သိမ်းကျုံးရယူဖို့ ကြိုးစားနေတဲ့ ဘာစီလိုနာအတွက် အနိုင်ဆိုတာ သေချာရလဒ်လို့ သတ်မှတ်ရမှာပါ။

ဇာတီဗာနှင့် ရီးရဲမက်ဒရစ်

ရီးရဲမက်ဒရစ်အတွက် ပြိုင်ဘက်ကောင်းမဟုတ်တာမို့ ဒီပွဲမှာ အရန်ကစားသမားတွေ ထုတ်သုံးဖို့ ရှိနေပါတယ်။ အိမ်ရှင်ဇာတီဗာဟာ ရလဒ်ကောင်းအောင် ကြိုးစားနေရတဲ့ အသင်းဖြစ်တာမို့ ရီးရဲမက်ဒရစ်ကို ခြေရည်တူကစားဖို့ ခက်ခဲပါလိမ့်မယ်။ ရီးရဲမက်ဒရစ်ဟာ အရန်လူတွေနဲ့ ထုတ်သုံးဖို့ရှိပေမယ့် ဂိုးပြတ် မပြတ် စောင့်ကြည့်ရမယ့်ပွဲပါပဲ။

စိန့်အန်ဒရူးနှင့် အက်သလက်တီကို

ဆီဂန်ဒါ ဘီတန်း အသင်းဖြစ်တဲ့ စိန့်အန်ဒရူးအသင်းက တိုက်စစ်ခြေစွမ်းထက်မြက်တဲ့ အသင်းဖြစ်ပါတယ်။

ဒါပေမယ့် လာလီဂါမှာ အက်သလက်တီကိုတို့က အကောင်းဆုံးခြေစွမ်းရရှိနေတာမို့ စိန့်အန်ဒရူးတို့ မျှော်လင့်ချက်တွေ ပြည့်ဝဖို့ဆိုတာ ဖြစ်နိုင်စရာ အကြောင်းမရှိပါဘူး။

ဗီလာရီးရဲနှင့် အယ်လ်ချီ

အယ်လ်ချီဟာ ခြေစွမ်းမာကျောတဲ့ အသင်းဖြစ်ပြီး အိမ်ကွင်း၊ အဝေးကွင်းတွေမှာ ရလဒ်ကောင်းအောင် ကြိုးစားနိုင်တဲ့ အသင်းဖြစ်ပါတယ်။ ဒီနှစ်သင်းဆုံတွေ့မှုကို ပြန်ကြည့်ရင် ပွဲတိုင်းအကြိတ်အနယ် ရှိခဲ့တာချည်းပါပဲ။ ဒါကြောင့် ဗီလာရီးရဲအတွက် ပွဲကျပ်ဖြစ်ပါတယ်။

ရေဆင်းနှင့် ဆီဗီလာ

ဆီဗီလာနဲ့ရေဆင်းတို့က ပြိုင်ဘက်ကောင်းတွေဖြစ်တာမို့ ဒီပွဲဟာ နှစ်သင်းစလုံးအတွက် ခက်ခဲမယ့်ပွဲပါပဲ။

ရေဆင်းဟာ အိမ်ရှင်ဖြစ်ပေမယ့် အသာစီးမရနိုင်ပါဘူး။ ဆီဗီလာအတွက် မျှော်လင့်နိုင်တဲ့ပွဲ ဖြစ်ပါတယ်။

မန်ယူအိမ်ကွင်း အဲဗာတန်ကို ရှုံးနိမ့်

ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် အဲဗာတန်က မန်ယူအိမ်ကွင်းတွင် တစ်ဂိုး -ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ ၂၁ နှစ်တာအတွင်း အဲဗာတန်က မန်ယူကို ပထမဆုံးအကြိမ်အဖြစ် အနိုင်လိုက်ရခြင်းဖြစ်သည်။ အဲဗာတန်အတွက် တစ်လုံးတည်းသောဂိုးကို ကော့စတာရီကာ နောက်တန်းကစားသမား ဘရိုင်ယန်အိုဗီဒိုက ပွဲပြီးရန် လေးမိနစ်အလိုတွင် သွင်းယူသွားခြင်းဖြစ်သည်။ အဲဗာတန်ကစားသမားများက နည်းပြဟောင်း ဒေးဗစ်မိုယက်စ်ကို ခြေစွမ်းပြဂိုးသွင်းပြီး နှုတ်ဆက်လိုက်ခြင်းဖြစ်သည်။ ယင်းအနိုင်ရမှုသည် အဲဗာတန်နည်းပြ မာတီနက်ဇ်၏ နည်းပြသက်တမ်းတစ်လျှောက် အအောင်မြင်ဆုံးပွဲဟုဆိုသည်။

❖ ကောင်းမြတ်သူ-ရေးသည် ❖

ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

အီတလီစီးရီးအေ ပွဲစဉ်-၁၅			**ဒီဇင်ဘာ ၇**
ဘိုလော့ဂ်နာ	-	ဂျူဗင်တပ်စ်	နံနက် ၂း၁၅
ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၁၅			**ဒီဇင်ဘာ ၇**
နူရင်ဘတ်	-	မိန့်စ်	နံနက် ၂း၀၀
ပြင်သစ်လီဂူးပွဲစဉ်-၁၇			**ဒီဇင်ဘာ ၇**
မာဆေး	-	နန့်တက်စ်	နံနက် ၂း၀၀

ဒီဇင်ဘာ ၄/၅ ဘောလုံးပွဲရလဒ်များ

အာဆင်နယ်	၂-၀	ဟားလ်စီးတီး
လီဗာပူး	၅-၁	နော့ဝစ်ချ်
ဆောက်သမ်တန်	၂-၃	အက်စ်တွန်ဗီလာ
စတုတ်	၀-၀	ကာဒစ်ဖ်
ဆန်းဒါးလန်း	၃-၄	ချယ်လ်ဆီး
ဆွမ်ဆီး	၃-၀	နယူးကာဆယ်
ဝက်စ်ဘရွန်း	၂-၃	မန်စီးတီး
ဖူလ်ဟမ်	၁-၂	စပါး
ဒါဘီ	၂-၁	မစ်ဒယ်ဘရော့
လိဒ်	၂-၀	ဝီဂန်
အဂျာစီယို	၁-၁	ဘတ်စတီယာ
ဂူအင်ဂမ့်	၀-၁	ဘော်ဒိုး
မောင့်ပယ်လီယာ	၀-၂	လော်ရီယန့်
ရန်းနက်စ်	၃-၁	စိန့်အက်တီယန်
ဆိုးချော့စ်	၀-၂	ရိမ်းစ်

ယှဉ်ကျေးမှုဝန်ကြီးဌာနက လှိုက်လှဲစွာကျေးဇူးတင်ရှိခြင်း

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပနိုင်ရေးအတွက် စေတနာရှင်များက လှူဒါန်းလျက်ရှိရာ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် ပါဝင်ဆောင်ရွက်မည့် ဖျော်ဖြေရေးအဖွဲ့ဝင်များ အသုံးပြုရန် လှူဒါန်းမှုတွင် ငွေကျပ်သိန်း ၁၂၀၀ တန်ဖိုးရှိ Cheer Girls ဝတ်စုံ ၃၀၀၊ Count Down ဝတ်စုံ ၁၅၀၀၊ လေ့ကျင့်ရေးအင်္ကျီအထည် ၈၀၀၀၊ မီးရှူးတိုင် လက်ဆင့်ကမ်းသယ်ယူမည့် အားကစားသမားများနှင့် ဘေးအရံလိုက်ပါမည့်သူများအတွက် အားကစားဝတ်စုံ ၅၂၈ စုံ၊ အလံတင်အခမ်းအနားတွင် အားကစားသမားများဝတ်ဆင်မည့်ဝတ်စုံ ၁၁၈ စုံ၊ လုံခြုံရေးဝတ်စုံ အစုံ၂၀တို့ကို လှူဒါန်းပါသော Royal Golden Owls Co.,Ltd. (RGO and 47 Collections) မှ ဒေါက်တာဝင်းနန္ဒာသိုက်အားလည်းကောင်း၊ ဖျော်ဖြေရေးအဖွဲ့ဝင်များ မုန့်ဖိုးသုံးစွဲရန် လှူဒါန်းမှုတွင် ငွေကျပ်သိန်း ၄၀၀ ကို လှူဒါန်းပါသော Elite အားလည်းကောင်း၊ ငွေကျပ်သိန်း ၂၀၀ ကို လှူဒါန်းပါသော ရွှေဗိုလ်မှူးဖြူကုမ္ပဏီလီမိတက်အားလည်းကောင်း၊ ဖျော်ဖြေရေးအဖွဲ့ဝင် ၈၅၀၀ ကို လိမ်းခြယ်ပေးရန်အတွက် ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ မိတ်ကပ်များကို လှူဒါန်းပါသော 12 Plus Cosmetics Products Distributed by Mega Life Sciences Ltd. အားလည်းကောင်း၊ ငွေကျပ်သိန်း ၉၀ တန်ဖိုးရှိ လေ့ကျင့်ရေးအင်္ကျီအထည်၂၀၀၀ကို လှူဒါန်းပါသော ဒေါက်တာဝေလင်းထွန်း Frontiir အားလည်းကောင်း၊ ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ Ferrovit (သံဓာတ်အားတိုးဆေးများ)ကို လှူဒါန်းပါသော Medicap Co.,Ltd. အားလည်းကောင်း၊ ငွေကျပ် ၃၅ သိန်းတန်ဖိုးရှိ မန္တလေးရွှေနဂါးဖိနပ်အရန် ၁၀၀ကို လှူဒါန်းပါသော ဦးတင်မောင်ဝင်း-ဒေါ်ခင်တိုးတိုးလှိုင်အားလည်းကောင်း၊ ငွေကျပ် ၃၂သိန်းတန်ဖိုးရှိ Holick အထုပ်၂၄၀၀၀ကို လှူဒါန်းပါသော ဒေါ်ခင်သက်ဦးအားလည်းကောင်း၊ ငွေကျပ် ၂၇ သိန်းတန်ဖိုးရှိ ကြည့်မှန် အချပ်၃၀၀ကို လှူဒါန်းပါသော ဒေါက်တာမျိုးသန့်-ဒေါ်ယုဇော် Zar & Zar Co.,Ltd. အားလည်းကောင်း၊ T-Shirt အထည် ၁၀၀၀၀ကို လှူဒါန်းခဲ့သော မြန်မာမင်္ဂလာအားလည်းကောင်း၊ စားမတ်ခွက် အလုံး ၁၀၀၀ကို လှူဒါန်းပါသော မုံရွာဘုတ်ဆုံစက်လုပ်ငန်းအားလည်းကောင်း၊ လျှာထိုးဦးထုပ် အလုံး ၄၄၅၀ကို လှူဒါန်းပါသော Eye Crop Co.,Ltd. အားလည်းကောင်း၊ အားကစားဝတ်စုံ အစုံ၂၀၀ကို လှူဒါန်းပါသော ရောဝတီ FC ဘောလုံးအသင်းအုပ်ချုပ်ရေးအဖွဲ့အားလည်းကောင်း၊ ပုသိမ်ထီး အလက်၅၀၀ကို လှူဒါန်းပါသော ဒေါ်စန်းစန်းဦး(ဘုတ်ဆုံမ ငရုတ်သီးမှုန့်)အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ယှဉ်ကျေးမှုဝန်ကြီးဌာန
ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား
အောင်မြင်စွာကျင်းပရေးကော်မတီ

အလုပ်လျှောက်လွှာခေါ်ယူခြင်း (ပြည်တွင်းရှုသာခန့်ထားရန်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးချုပ် (နေပြည်တော်)တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ လစ်လပ်ရာထူးများကို စိတ်ပါဝင်စားသူများ လျှောက်ထားနိုင်ပါသည်-

၁။ **အုပ်ချုပ်ရေးမှူး** **လစာနှုန်း(၁၅၀၀၀၀/-)**

လိုအပ်သောအရည်အချင်းများ

(က) အသက်(၃၅)နှစ်အထက် အမျိုးသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုမှ အသိအမှတ်ပြုဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုတွင် လုပ်သက်အနည်းဆုံး(၅)နှစ်ရှိသူဖြစ်ရပါမည်။
(ဃ) အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ပြီး ဝန်ထမ်းအိမ်ရာတွင် နေထိုင်ရမည်။

၂။ **စီမံချက်မန်နေဂျာ** **လစာနှုန်း(၅၀၀၀၀၀/-)**

(Seven Things This Year Initiative Project in Collaboration with UNICEF)

လိုအပ်သောအရည်အချင်းများ

(က) ဆေးပညာ(သို့မဟုတ်)ဆေးပညာနှင့်နီးနွယ်သော ဘွဲ့ရရှိရမည်။
(ခ) အင်္ဂလိပ်စာအရည်အသွေးရှိပြီး Microsoft Office Package ကျွမ်းကျင်ရမည်။
(ဂ) ဌာနဆိုင်ရာများ၊ ရပ်ရွာလူထုများနှင့် ချောမွေ့စွာဆက်ဆံနိုင်ရမည်။
(ဃ) စီမံချက်လုပ်ငန်းများကို ကျွမ်းကျင်စွာလုပ်ဆောင်နိုင်ရမည်။
(င) လုပ်ငန်းအတွေ့အကြုံ (၂)နှစ်အနည်းဆုံးရှိရမည်။

၃။ **လက်ထောက်ဆရာဝန်** **လစာနှုန်း(၃၀၀၀၀၀/-)**

(နေပြည်တော်၊မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်း)

လိုအပ်သောအရည်အချင်းများ

(က) ဆေးပညာဘွဲ့ရရှိပြီး ဆရာဝန်မှတ်ပုံတင် (ဆမ)ရှိသူဖြစ်ရပါမည်။
(ခ) လုပ်ငန်းလိုအပ်ချက်ရှိပါက ရုံးလုပ်ငန်းကိုလည်း ဆောင်ရွက်နိုင်ရပါမည်။

၄။ စိတ်ပါဝင်စားသူများသည် ကိုယ်ရေးအချက်အလက် ပြည့်စုံစွာရေးသားထားသော ကိုယ်ရေးလျှောက်လွှာ၊ လိုင်စင်ဓာတ်ပုံ၊ နိုင်ငံရေး/ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းနှင့် ရပ်ကွက်ရုံးထောက်ခံချက်၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးချုပ်၊ သုခမလမ်း၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်သို့ ၂၀-၁၂-၂၀၁၃ရက် နောက်ဆုံးထား၍ ပေးပို့ရပါမည်။

၅။ လုပ်ငန်းပိုင်းဆိုင်ရာ တာဝန်ဝတ္တရားများနှင့် တာဝန်ခံထားရမှုအသေးစိတ်ကို အောက်ဖော်ပြပါ ဖုန်းနံပါတ်များတွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။ (ဖုန်း-၀၆၇-၄၁၉၀၁၁၊ ၀၆၇-၄၁၉၀၁၂)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင် သင်ကြားသော အမှန်တကယ်တွေးတတ်၊ လက်တန်းရေးတတ်စေတဲ့ သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ (၅)လ တက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို၊ ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
ဒီဇင်ဘာလ (၄/၇) ရက်နေ့ (ပ/ဒ)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ခံတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 0950 47516

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မာလာမြိုင် (၄)လမ်း၊ (၁၆) ရပ်ကွက်၊ အမှတ် (၂၈)၊ ပထမထပ် (ခြေရင်းခန်း)၊ အလျား × အနံ (၁၂'၆"×၅၀') ကိုက်ခန်းကို လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်တင်တင်မြင့် (၁၁/သတန(နိုင်)၀၂၂၆၇၆) ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ မ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်တင်ဇာနည်နေဝင်း (LL.B., D.I.L., D.L 101 WIPo Geneva)
အထက်တန်းရှေ့နေ (စဉ်-၂၇၁၈၇)
ရုံး- အမှတ်- ၇၅ (ဘ)၊ ၁၅-လမ်း (လယ)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
Ph : 09 43051694 , 09 254064063

လက်ထပ်မင်္ဂလာပြီးစီးခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့၊ ကန်တော်ရပ်ကွက်၊ ဦးပုညလမ်း၊ အမှတ် (၆၃)နေ
ဦးကျော်ထွေး (ပြည်တွင်းအခွန်ဦးစီးမှူး-ငြိမ်း)-ဒေါ်ခင်မြ တို့၏သား

မောင်ကျော်ထွန်းလင်း [A.G.T.I (EP), B.Sc (Physics)]

[စီမံကိန်းမန်နေဂျာ၊ ရတနာပုံဖိုင်ဘာ ကုမ္ပဏီလီမိတက်]

နှင့်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့၊ အရှေ့ဘက်ကမ်း၊ အလင်းရောင်ရပ်ကွက်၊
အောင်မြေလမ်း၊ အမှတ် (၂၇)နေ
ဦးမြင့်ရွှေ [ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်]-ဒေါ်စိန်မှုံ တို့၏သမီး

မဇင်မာရွှေ [B.Sc (Zool;), P.G.D.T (6)]

(လယ်/ပြ၊ မူလွန်၊ အောင်သုခ)

တို့သည် ၁-၁၂-၂၀၁၃ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့်ဂုဏ်သရေရှိ လူကြီးမင်းများ၏ရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

မောင်ကျော်ထွန်းလင်း-မဇင်မာရွှေ

ပျောက်ဆုံးကြောင်း

Aung Chantha Trading Co., Ltd. မှ Import လိုင်စင်နံပါတ် IL 5 13-14 1900 (30/10/2013) မူရင်းတစ်စောင်သည် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဦးသန်းလွင် ဖုန်း-၀၉-၅၀၉၈၆၄၁၊ ၀၁-၃၇၇၇၁၉ တို့သို့ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အိန္ဒိယနှင့်ဘုရားဖူးများ
ပုဂံ - အာလိုတော်ပြည့်ဘုရားပွဲ [15-12-13 နေ့ထွက်မည်]
▲ မုံရွာ၊ ပုဂံ (ရွှေစည်းခုံ)၊ ပခုက္ကူ (၄)ရက်။
▲ မုံရွာ၊ ပုဂံ (ရွှေစည်းခုံ)၊ မန္တလေး၊ ပြင်ဦးလွင် (၆)ရက်။
▲ ပဲခူး၊ ကျိုက်ထီးရိုး (၇)ရက်။ ▲ ... (၇)ရက်။
▲ မန္တလေး ... လွင်၊ စစ်ကိုင်း၊ မုံရွာ (၅)ရက်။
▲ မန္တလေး ... လွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ (၇)ရက်။
▲ ... ကလော၊ ... (၃)ရက်။
▲ ... (၅)ရက်။
အပတ်စဉ် သောကြာ
ကျိုက်ထီးရိုး (နေ့စဉ်) ချောင်းသာ
ငွေဆောင် (သောကြာ)
ဇလွန် နေပြည်တော် (တနင်္ဂနွေ)
၂၂၉၊ ပန်းဆိုးတန်းလမ်း(အပေါ်လမ်း) 249871, 255553, 389611, 09-5137245

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မင်္ဂလာလမ်း၊ မြေကွက်အမှတ်(၇၈၄) ဟုခေါ်တွင်သော အတိုင်းအတာအားဖြင့် ၂၄၀၀ စတုရန်းပေရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် (ရေ၊ မီးအစုံ) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေစာရင်းအမည်ပေါက်သူ ဒေါ်ကြည် AC-၀၁၂၂၀၅ (ကွယ်လွန်)၏ တရားဝင်အမွေဆက်ခံသော သမီးဖြစ်သူ ဒေါ်စန်းစန်းမော် ၁၂/ဥကတ(နိုင်)၀၃၁၆၃၆ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၃၁၉/၁၃)အရ မြေအကျယ်အဝန်း(ပေ ၃၀×ပေ ၆၀)အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းဇော်ဦး ၁၀/မလမ(နိုင်)၀၀၁၉၀၇နှင့် မြေအကျယ်အဝန်း (၁၀ပေ× ပေ၆၀)အား အရပ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်သူ ဒေါ်တင်တင်ဝင်း ၁၂/ဥကတ(နိုင်)၁၃၂၇၇၆ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်ဝယ်ယူခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများသည် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူဖြူဇော် (စဉ်-၃၀၉၃၈)
LL.B,D.I.L,WIPO(Switzerland)
အထက်တန်းရှေ့နေ
ZAW FAMILY
ဥပဒေအကြံပေးနှင့် အိမ်ခြံမြေစာချုပ်စာတမ်းဝန်ဆောင်မှုလုပ်ငန်း
အမှတ် ၁၄၃၊ လေးလွှာ(A)၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၂၂၉၆၆၊ ၀၉-၇၃၂၀၀၆၄၆၊ ၀၉-၇၃၂၅၁၂၃၊ ၀၉-၇၃၂၀၈၀၁၇

စုပေါင်းဒါန သွေးလှူဒါန်းပွဲကျင်းပ

မြင်းမူ ဒီဇင်ဘာ ၅

မြင်းမူမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာခင်မောင်ကြီး၊ ကြက်ခြေနီတပ်ရင်းမှူး ရဲမှူးကျော်စိုးတို့၏ ဦးဆောင်မှုဖြင့် ဒုတိယတပ်ရင်းမှူး ဦးစိုးမင်းအောင်နှင့်တပ်ဖွဲ့ဝင်များဦးဆောင်၍ ဒီဇင်ဘာ ၁၂ ရက်တွင် ကျရောက်မည့် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၃ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ရွှေပြည်သစ်ခန်းမ၌ (၈)ကြိမ်မြောက် စုပေါင်းဒါန သွေးလှူဒါန်းပွဲကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မန္တလေးသွေးလှူဘဏ် တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာခင်မြမွန်က သွေးလှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ ဒုတပ်ရင်းမှူး ဦးစိုးမင်းအောင်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် စေတနာ သွေးသန့်သွေးလှူရှင်ပေါင်း ၁၅၀ ၏ စေတနာသွေးသန့်များကို မန္တလေးမြို့ ဗဟိုသွေးလှူဘဏ်မှ သွေးများလာရောက်ယူယူပြီး **(အောက်ပုံ)** (၁၀)ကြိမ်အထက် သွေးလှူရှင်များအား ဗဟိုသွေးလှူဘဏ်မှ ရင်ထိုးတံဆိပ်များ ပေးအပ်သည်။ ဒုတပ်ရင်းမှူးက သွေးအိတ် ၁၅၀ ကို တာဝန်ခံဆရာဝန်ကြီးထံ ပေးအပ်လှူဒါန်းကာ တာဝန်ခံဆရာဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုကိုနိုင်(မြင်းမူ)

မြန်ဂုဏ်ဆောင် စာပေဆုချီးမြှင့်ရေးညှိနှိုင်း

ကောထောင်း ဒီဇင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီးကောလင်းမြို့နယ် စာရေးဆရာအသင်းက ကြီးမှူး၍ ကျေးလက်ဒေသစာပေအရည်အသွေးမြင့်မားရေး"မြန်ဂုဏ်ဆောင်" စာပေဆုချီးမြှင့်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂ ရက်က အသင်းရုံးခန်းမ၌ကျင်းပရာမြန်မာနိုင်ငံစာရေးဆရာအသင်းဗဟိုအမှုဆောင်ကော်မတီ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)၊ မြို့နယ်စာရေး ဆရာ ဥက္ကဋ္ဌ ဒေါ်မြင့်(မြင့်မြင့်ယွေး-ကောလင်း) နှင့်အဖွဲ့ဝင်များတက်ရောက်ကြသည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က အမှာစကားပြောကြားသည်။ ယင်းနောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်မြင့်(မြင့်မြင့်ယွေး-ကောလင်း) က ကျေးလက်ဒေသ စာပေ အရည်အသွေးမြင့်မားရေး၊ မြန်ဂုဏ်ဆောင် စာပေဆုချီးမြှင့်ရေး၊ စာဖတ်ဝိုင်း၊ ကျပန်း၊ စကားရည်လုပွဲ၊ ပုံပြော ပြိုင်ပွဲ၊ စာပေရေးရာသင်တန်း၊ စာတမ်းဖတ်ပွဲများ ပြုလုပ်ရေးတို့ကို ဆွေးနွေးသည်။

ကျေးလက်စာပေပြန့်ပွားရေးကို ဖလဲ၊ ကျောက်ပြင်သာ၊ ဥမင်တန်း၊ တောင်ပုတ်စ၊ တောင်ကြီး၊ အိမ်တိုင်ပံ၊ ဝါးရုံတုံး၊ ရွာရှည် ကျေးရွာများတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၀၉၂)

လောကဟာရ်အောင် ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဓမ္မသဘင်ပွဲဆင်ယင်ကျင်းပမည်

ပန်းတနော် ဒီဇင်ဘာ ၅

ပြည်တွင်းသတင်း

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ အရှေ့ပိုင်းရပ်ကွက်ရှိ သာသနာ့ဟိတာရာမပုခမ်းကျောင်းတိုက်၌ တည်ထားကိုးကွယ်လျက်ရှိသော လောကမာရ်အောင် ဆုတောင်းပြည့်စေတီတော်ကြီး၏ (၄၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဓမ္မသဘင်ပွဲကြီးတွင် မြို့ပေါ်ကျောင်းများမှ သံဃာတော်များ၊ သီလရှင်များ စုစုပေါင်း ၇၀၀ ကျော်ကို အရုဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၅ နာရီတွင် လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓ ပူဇနီယပွဲတော်ကြီးတွင် ဓမ္မသဘင်ပွဲတော်ကို သုံးညတိုင်တိုင် ပူဇော်ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၃ ရက်မှ ၁၅ ရက်ထိ တရားပွဲများ ဟောကြားမည်ဖြစ်သည်။

ဓမ္မသဘင်ပွဲတော်ကျင်းပရာ သုံးညတွင် တရားဟောဓမ္မကထိက ဆရာတော်များအား ဓမ္မပူဇာလှူဒါန်း ပူဇော်နိုင်ရန်နှင့် လှူဒါန်းလိုပါက ပုခမ်းကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပညာသာမိထံတွင် လည်းကောင်း၊ ဦးမောင်မောင်ဆွေ ဖုန်း ၀၉-၈၅၄၃၁၅၂၊ ဦးမြင့်အောင် ဖုန်း ၀၉-၈၅၄၃၄၆၂ ဦးအုန်းမင်း ဖုန်း ၀၉-၈၅၄၃၄၁၇၊ ဦးဝီဆန်း ဖုန်း-၀၉-၈၅၄၃၁၀၆ ဦးယွန်းလွင် ဖုန်း-၀၉-၈၅၄၃၃၁၆ တို့ထံလည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ခင်မောင်ဇော်မြင့်

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြော

တာချီလိတ် ဒီဇင်ဘာ ၅

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ အုပ်စု သန်းခေါင်စာရင်းကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ပြည်သူများအား အသိပညာပေးဟောပြောပွဲကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက် သီရိမင်္ဂလာ ဘုန်းကြီးကျောင်း၌ ဒီဇင်ဘာ ၂ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် လဝက(မကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာလွင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်ကြည်နှင့် တိုက်နယ်တာဝန်ခံ ဒုတိယလဝကမှူး ဦးစိန်လွင်တို့က ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူမည့် ရည်ရွယ်ချက်၊ သန်းခေါင်စာရင်း ယည်ကောက်ရမည့်သူများ၊ ယည်မကောက်ရမည့်သူများ၊ မေးခွန်းများကို မှန်ကန်စွာဖြေဆိုခြင်း၊ လူဦးရေစာရင်းများမှန်ကန်မှ အနာဂတ်လူနေမှုဘဝတိုးတက်မြင့်မားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

၄င်းဟောပြောပွဲသို့ ခရိုင်၊မြို့နယ်၊ ရပ်ကွက်၊ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီများ၊ NGO အဖွဲ့အစည်းများနှင့် ပြည်သူစုစုပေါင်း ၁၅၀ခန့်တက်ရောက်ကြသည်။

မြင့်မိုရ်(တာချီလိတ်)

မြန်အောင်မြို့နယ် နေခြည်ဈေး၌မီးလောင်မှုဖြစ်ပွား

မြန်အောင် ဒီဇင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် နေခြည်ဈေး၌ ဒီဇင်ဘာ ၃ ရက် ညနေ ၅ နာရီ ၂၅ မိနစ်မှ ၅ နာရီ ၂၈ မိနစ်အထိ သုံးမိနစ်ကြာ မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့သည်။

အချိန်မီရောက်ရှိ

မြန်အောင်မြို့ နေခြည်ဈေးဆိုင်ခန်းအမှတ် င/၄ တွင် ဆိုင်ရှင်ဖြစ်သူ ဦးဝင်းလှဦး (၆၀နှစ်) ပိုင်ဆိုင်သော ရွှေကရဝိက်စာအုပ်ဆိုင်သည် ဆိုင်ပိတ်အပြီး ဆိုင်အပြင်ဘက်သို့ မီးခိုးများအူယွက်လာသည်ကို အနီးအနားရှိ ဆိုင်များရှိ လူများက သိရှိရသဖြင့် ဆိုင်သော့ကို ဖျက်ကာ မီးသတ်ဆေးဘူးနှစ်ဘူးဖြင့် မီးငြိမ်းသတ်လိုက်ပြီး မီးသတ်ဦးစီးဌာနသို့ သတင်းပို့ရာ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်သုံးစီးနှင့်ဒေသပိုင် မီးသတ်ယာဉ်တစ်စီးစုစုပေါင်း မီးသတ်ယာဉ်လေးစီး အချိန်မီ ရောက်ရှိလာသည်။

အရေးယူထား

မီးသတ်ဆေးဘူးဖြင့်မီးငြိမ်းသတ်လိုက်သဖြင့် မီးမှာ ဆက်လက်လောင်ကျွမ်းမှုမရှိတော့ကြောင်း၊ မီးလောင်မှုဖြစ်စဉ်မှာ တစ်နေကုန်ထွန်းထားသည် လေးပေမီးချောင်းမှ အပူလွန်ကဲပြီး စက္ကူယှပ်နှစ်ယှပ်မီးလောင်ကျွမ်းခဲ့ကြောင်း၊ အဆိုပါ မီးလောင်မှုဖြစ်စဉ်သို့ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်ရှစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့ဖြင့် မီးငြိမ်းသတ်ခဲ့ရကြောင်း မီးလောင်မှုဖြစ်ပွားခဲ့သော ဆိုင်ရှင်ဦးဝင်းလှဦးအား မြန်အောင်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူထားကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

နေဝင်းဇော်(မြန်အောင်)

ကြည့်မြင်တိုင်၌ ဝတ်ဝန်းကျင်ထိန်းသိမ်းရေးဟောပြော

ရန်ကုန် ဒီဇင်ဘာ ၅

အလုံမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီးဦးခင်မောင်ရွှေနှင့် သစ်တောဝန်ထမ်းများသည် ကြည့်မြင်တိုင်မြို့နယ် မြို့မိမြို့ဖ ဦးမြင့်ကြည်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကြည်စိုးတို့နှင့်အတူ ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ ဘလုတိညွှန့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ နိုဝင်ဘာ ၃၀ ရက် နံနက်က ရပ်ကွက်ပြည်သူများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍအကြောင်းသိကောင်းစရာများကို ဟောပြောခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ကိုကြီးထင်

အထက(၁) ဖို့မြေ မင်္ဂလာတောင်ညွန့်ကျောင်း၏ ကျောင်းသူကျောင်းသားဟောင်းများအား အစည်းအဝေးဖိတ်ကြားခြင်း

အလက (၁) ဖို့မြေ (မင်္ဂလာတောင်ညွန့်) ကျောင်း၏ နှစ် (၅၀)ပြည့်ရွှေရတုသဘင်နှင့် ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနား ကျင်းပရေးအတွက် ကျောင်းသူကျောင်းသားဟောင်းများအားလုံး ဆွေးနွေးတိုင်ပင်လိုဝါ၍ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖြင့် မိတ်ကြားအပ်ပါသည်။

နေ့ရက်	-၈-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)
အချိန်	-မွန်းလွဲ ၂း၀၀နာရီ
နေရာ	-အလက (၁) ဖို့မြေ၊ မင်္ဂလာတောင်ညွန့်ကျောင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
မြေတိုင်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာန(ရန်ကုန်)တွင် CTP (Computer To Plate Machine) နေရာချထားရန်အတွက် အခန်းပြင်ဆင်ဖွဲ့စည်းခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို ၁၁-၁၂-၂၀၁၃ရက် ညနေ ၁၅း၀၀နာရီနောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်ဆောင်ရွက်ရမည့် လုပ်ငန်းအသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်း စိစစ်မှုကော်မတီ၊
မြေတိုင်း ဦးစီးဌာန ပြည်တော်အေးရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊
(၇)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။
ဖုန်း-၀၁-၆၆၂၉၃၀၊ ၀၁-၆၆၂၅၅၈

အိတ်ဖွင့်တင်ဒါ(Open Tender)လျှောက်လွှာခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လေယာဉ်ကွင်းအထူးအဖွဲ့(၄)လက်အောက်ရှိ မိုင်းဆတ်လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကတ္တရာ (၈၃)တန်အား အိတ်ဖွင့်တင်ဒါ (Open Tender)စနစ်ဖြင့် ပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ လျှောက်လွှာပုံစံအား ၆-၁၂-၂၀၁၃ ရက်မှ ၁၅-၁၂-၂၀၁၃ ရက်အတွင်း ဒုအင်ဂျင်နီယာမှူးကြီးရုံး၊ လေယာဉ်ကွင်းအထူးအဖွဲ့(၄)၊ ကျိုင်းတုံမြို့တွင် စတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည့်ရက်မှာ ၁၆-၁၂-၂၀၁၃ရက် မွန်းလွဲ ၂း၀၀ နာရီတွင် တွဲဖက်ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ကျိုင်းတုံမြို့တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ သတ်မှတ်ချိန်ထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဒုတိယအင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ လေယာဉ်ကွင်းအထူးအဖွဲ့(၄) ကျိုင်းတုံမြို့ ဖုန်း-၀၈၄-၂၁၆၂၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
လေယာဉ်ကွင်းအထူးအဖွဲ့(၄)
ကျိုင်းတုံမြို့

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း(မကွေးတိုင်းဒေသကြီး) ဆဋ္ဌမအကြိမ်မြောက် သင်းလုံးကျွတ်တွေ့ဆုံပွဲနှင့် စာတမ်းဖတ်ပွဲကျင်းပမည်

ကျင်းပမည့်ရက်	-	၂၄-၁၂-၂၀၁၃ရက် နှင့် ၂၅-၁၂-၂၀၁၃ ရက်
ကျင်းပမည့်နေရာ	-	နန်းထိုက်သူဟိုတယ်၊ ကမ်းနားလမ်း၊ မကွေးမြို့
ဆက်သွယ်ရန်	-	ဒေါက်တာဒေါ်ခင်စောမွန် ဖုန်း-၀၉-၅၃၄၀၆၄၇ ဒေါက်တာအောင်ခိုင်မော် ဖုန်း-၀၉-၅၃၄၁၄၀၇၊ ၀၉-၃၃၀၇၅၅၁၂

Ministry of Transport
Myanma Shipyards
Invitation of Tender for Evaluation of Fixed Assets

Myanma Shipyards under the Ministry of Transport would like to invite interested parties to submit the proposal for the evaluation of fixed Assets.

All interested parties individual or group(s) can submit the proposal to Myanma Shipyards.

Close of Business(COB) - 20-12-2013
Time - 14:00 hours
Place - Myanma Shipyards

Details and the criteria of the tender could be purchased at Myanma Shipyards from 6-12-2013 to 12-12-2013 during office hours.

For further information please contact:

Myanma Shipyards
Bayintnaung Road, Sinmalike
Kamayut Township
Yangon 11041
Myanmar
Tel: +951513024, +951512319, +951512320
E-mail: mdpmm@myanmaship.com.mm

အမည်ပြောင်း

ဦးဇော်ဝင်း၏သမီး အထက-၃ မင်္ဂလာတောင်ညွန့်မြို့နယ် ပဋ္ဌမတန်း(D)တွင် ပညာသင်ကြားနေသော မခိုင်စုမြတ်သော်အစား မခိုင်စုမြတ်ဟု ပြောင်းလဲခေါ်ဆိုပါ။

မခိုင်စုမြတ်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ရန်ကုန်၊ ဘားအံ၊ ဟားခါးနှင့် ထားဝယ်မြို့ များ၌ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက်၁၀ နာရီတွင် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေက ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဦးတည်ချက်မှာ "Break barriers,open Doos,or an inclusive society for all " လတ်တလောအကျုံးဝင်ပါဝင်ဖို့ အတားအဆီးရပ်လို တံခါးဖွင့်စိဖြစ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသည့် မသန်စွမ်းသူများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် လူသားတိုင်းခံစားခွင့်ရှိသည့် အခြေခံအခွင့်အရေးများက မသန်စွမ်းမှု အကြောင်းပြုပြီး ခွဲခြားဆက်ဆံမှုမရှိစေရန်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွင် မသန်စွမ်းသူများကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏ ဘဝဖွံ့ဖြိုးတိုးတက်စေရန်ဟူသော မွန်မြတ်သည့် ရည်မှန်းချက်များထား၍ ဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းသူများ အပေါ်ထားရှိသည့် မသင့်လျော်သော ခံယူချက်၊ အယူအဆဟောင်းများကို ဖယ်ရှားပြီး မသန်စွမ်းသူများအတွက် အဟန့်အတားများဖြစ်သော အတားအဆီးများကို ဝိုင်းဝန်းကြိုးပမ်းဖယ်ရှားပေးကြရန်နှင့် မသန်စွမ်းသူများအား လူ့အသိုက်အဝန်းအတွင်း တန်းတူရည်တူပါဝင်ခွင့်ပေးပြီး နိုင်ငံတော်တည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်နိုင်သူများဖြစ်အောင် ဝန်းဝိုင်းဆောင်ရွက်ပေးကြရန်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မစ္စတာ ဘန်ကီမွန်း၏ သဝဏ်လွှာကိုဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလူမှုရေး ဝန်ကြီးနှင့်လူမှုဝန်ထမ်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးတို့က အလှူရှင် ၃၄ ဦးတို့၏ အလှူငွေကျပ် ၇၂၀၇၉၀၀ ကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြပြီး အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အကြုလုပ်ရားမပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ခဲ့ကြသည်။

အလားတူ ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ကရင်[illegible]နယ် ဘားအံမြို့ ကသာဦးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ သဝဏ်လွှာကို ပြည်နယ်လူမှုရေး ဝန်ကြီးဦးချစ်လှိုင်က ဖတ်ကြားသည်။

ထို့အတူ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကိုချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာဘမောင်က အမှာစကားပြောကြားခဲ့သည်။

အလားတူ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်အန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၅

တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် ဒီဇင်ဘာ ၂ ရက်က နံနက် ၉ နာရီခွဲက မူးယစ်ဆေးဝါးနှင့်အိမ်သုံးဆေးဝါးများ [illegible] ကာကွယ်တားဆီးရေးဟောပြောပွဲကို မြပန်းသဇင်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိင်္ဂီဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ တာမွေမြို့နယ် စခန်းမှူး ဒုရဲမှူးခင်စိုးက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပုဒ်မများ၊ အပြစ်ပေးအရေးယူမှုများ အကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးဒေါ်လှလှမြင့်က အမျိုးသားရေး စိတ်ဓာတ်ခေါင်းစဉ်၊ မူးယစ်တပ်ဖွဲ့ ရဲအုပ်နေလင်းဦးက မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ဆိုးကျိုးများ ရရှိပုံများခဲ့ကြောင်း၊ မြို့နယ်ရဲမှူးခင်မောင်မြက မြန်မာနိုင်ငံရဲတပ်ဖွဲ့အကြောင်းနှင့်လက်နက်ကားမှု အသိပညာပေးများကို ဟောပြောပြီး မြို့နယ်ရဲတပ်ဖွဲ့မှ မှုခင်းကျဆင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်တံခါးမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံပေးအပ်

ကျောက်တံခါး ဒီဇင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် ၇၂၅ ဦးကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ထောက်ပံ့ခဲ့သော တူညီဝတ်စုံများပေးအပ်ပွဲ အခမ်းအနားက နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ကျောက်တံခါးမြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးထက်အောင်ဖြိုးက နိုင်ငံတော်၏ စေထနာက တံပြန်သောအားဖြင့် မိမိတို့လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို ယခင်ကထက် ပိုမိုထမ်းဆောင်သွားကြရန် ပြောကြားခဲ့ပြီး ကျောက်တံခါးမြို့နယ် ဒေသလေးခုမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၇၂၅ ဦးအား တူညီဝတ်စုံများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

သမိုင်းဝင်ဘော်ကြိုဘုရား သန့်ရှင်းသာယာရေးပူးပေါင်းဆောင်ရွက်

သီပေါ ဒီဇင်ဘာ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်မှ ရှေးဟောင်းသမိုင်းဝင် ဘော်ကြို(မုဋ္ဌော)စေတီတော်မြတ်ကြီးသို့ **(အပေါ်ပုံ)** ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည်များ နေ့စဉ် များပြားစွာ လာရောက်လျက်ရှိကြသည်။

ဘော်ကြိုဘုရားကြီး ဂေါပကအဖွဲ့က စေတီတော်မြတ်ကြီးနှင့်သာသနိကအဆောက်အအုံများ ပိုမိုကြည်ညိုသပ္ပာယ်စွာဖြစ်စေရေး၊ စေတီရင်ပြင်တော်သန့်ရှင်းသာယာရေး၊ ဘုရားဖူးဧည့်သည်များ စိတ်ချမ်းမြေ့စွာ ကုသိုလ်ယူနိုင်ရေးတို့အတွက် ဂေါပကအဖွဲ့ဝင်များ၊ ဘော်ကြိုဘုရားရဲကင်းမှူးနှင့် တပ်ဖွဲ့ဝင်မိသားစုများ၊ ဘုရားကြီးဝန်ထမ်းများဖြင့် နေ့စဉ် အပတ်စဉ်ကုသိုလ်ယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုလတ်(သီပေါ)**

ရွှေကူမြို့နယ် စည်ပင်သာယာရေးကော်မတီ ရွေးချယ်ပြီးစီး

ရွှေကူ ဒီဇင်ဘာ ၅

ကချင်[illegible]ယ် ရွှေကူမြို့နယ် စည်ပင်သာယာရေးကော်မတီ ရွေးချယ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက်၉နာရီက မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် [illegible] ဦး[illegible] [illegible] ဦး[illegible] ၄[illegible]ယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အထောက်အကူပြု ကော်မတီဝင်များ၊ မြို့မိမြို့ဖ[illegible]၊ ပါတီအဖွဲ့အစည်းများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဂွန်စယ်က စည်ပင်သာယာရေးကော်မတီရွေးချယ်ရေးဆိုင်ရာ စည်းကမ်းချက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့မိမြို့ဖ၊ ရပ်ကွက် ကျေးရွာအုပ်စုများမှ ကိုယ်စားလှယ်လောင်းများကို မြို့မိမြို့ဖများက မဲပေးစနစ်ဖြင့်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌတစ်ဦးနှင့် အဖွဲ့ဝင်တစ်ဦး၊ လူမှုရေး သိမဟုတ် စီးပွားရေးအဖွဲ့အစည်း စာရင်းမှရွေးချယ်သည့် အဖွဲ့ဝင်တစ်ဦး၊ သက်ဆိုင်ရာ လုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင် ပညာအခြေပြု အဖွဲ့အစည်းများမှရွေးချယ်တင်မြှောက်သောအဖွဲ့ဝင်တစ်ဦးတို့က် ရွေးချယ်တင်မြှောက်ကြောင်း သိရသည်။ **(မြို့နယ် [illegible]/ဆက်)**

လူကုန်ကူးသူ တို့ရန်သူ တိုက်ဖျက်ကြမည် တို့ပြည်သူ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ [illegible] (၁၀)၊ ကျောက်တော်မြို့မှ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ်၊ ရခိုင်ပြည်နယ်အစိုးရရန်ပုံငွေဖြင့် တာဝန်ယူတည်ဆောက်မည့် စစ်တွေမြို့နယ်အတွင်းရှိ ဆတ်ရိုးကျတံတားနှင့်ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းပေါ်ရှိ တောဖျားချောင်းတံတား လုပ်ငန်းများအတွက် လိုအပ်သောတည်ဆောက်ရေးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

[illegible]	ပစ္စည်းအမျိုးအစား	တောဖျားချောင်းတံတား	ဆတ်ရိုးကျတံတား
၁။	ဘိလပ်မြေ	၃၃၀တန်	၃၅၀ တန်
၂။	သံချောင်းလုံး(ရှယ်စုံ)	၁၂၀ တန်	၁၂၀ တန်

တင်ဒါပေးသွင်းရမည့်ရက် ၃-၁၂-၂၀၁၃ရက်မှ ၁၇-၁၂-၂၀၁၃ရက်
[illegible] ၉း၃၀နာရီမှ [illegible] ၄း၃၀နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်
[illegible] ၁၈-၁၂-၂၀၁၃ရက် နံနက် ၁၀း၀၀နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ [illegible] အဖွဲ့ (၁၀)၊ ကျောက်တော်မြို့၊ ဖုန်း-၀၄၃-၇၀၂၅၈

၁။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားအထူးအဖွဲ့ (၁၀)၊ ကျောက်တော်မြို့၊ ဒု-အင်ဂျင်နီယာမှူးကြီးရုံးတွင် ၃-၁၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)(ဒုတိယအကြိမ်)

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ကွန်ပျူတာ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ မိတ္တူကူးစက်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၆-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၃-၁၂-၂၀၁၃ရက်၊ ၁၁း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးဌာနခွဲ
ရုံးအမှတ်(၃၆)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၄၇၈၊ ၀၆၇-၄၀၈၄၅၂

[illegible]ပါကြောင်း

မင်္ဂလာဒုံ[illegible]၊ မြေတိုင်းရပ်ကွက်အမှတ် ၅၂၉/B°၊ မြေကွက်အမှတ် ၄၀/က၊ [illegible]မှကွက်တည်နေရာအမှတ် ၄၀/က၊ ဂုံညင်းနတောအရှေ့၊ ရွှေနံ့သာကျေးရွာ ဒေါ်တင်မေ အမည်ပေါက် မ/လ ၃(ခ)ရပြီး မြေအား အမည်ပေါက် ဒေါ်တင်မေထံမှ အရောင်းအဝယ်စာချုပ် ၁၈၉၄/၈-၈-[illegible] ဖြင့်ပိုင်ဆိုင်ခဲ့သူဦးစိန်လှုံ(ခ)ဦးစိန်လွင် ၁၂/ကမရ(နိုင်)၀၅၀၁၁၀ နှင့် ဦးစိုးစိုးလွင် ၁၂/ကမရ(နိုင်)၀၄၉၉၇တို့က အရောင်းအဝယ်စာချုပ်မိတ္တူမှန် တင်ပြ၍ အစားပြင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂ခ/၆၀၀၂ Hino FRG 393 Truck (6x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငုကြို(ခ)ဒေါ်စန်းစန်းအေး ၈/ရနခ(နိုင်) ၀၇၀၂၃၇ က (ကမ-၃)ပျောက်မတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် [illegible]ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)

ကန့်ကွက်နိုင်ပါကြောင်း

[illegible] ၂၉/၁၈၄၉၄ ကန်ဘို ၁၂၅၊ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇော ၅/ဝသန (နိုင်)၀၅၆၉၉၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော [illegible] ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

[illegible] ကယားပြည်နယ်ရုံး (လွိုင်ကော်)

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၅ဃ/၁၈၉၈၅ Kenbo 110၊ ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းအောင်မိုး ၁၃/လလန(နိုင်)၀၀၁၃၅၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် [illegible]ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (လွိုင်လင်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီးတွင် လေးထပ ပင်မဆောင်၏ ပထမထပ် OT Complex ရှိ ခွစိတ်ခန်းများအား စံချိန်စံညွှန်းနှင့်ညီညွှတ်ရန် ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းနှင့် ခွဲစိတ်ခန်းအဆောက်အအုံအတွင်းရှိအခန်းများတွင် ခွဲစိတ်ခန်းစားပွဲများ၊ စင်များနှင့် ရေသန့်လုပ်ငန်းတို့ကို ဖြည့်စွက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါအသေးစိတ်အချက်အလက်များကို ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၅-၁၂-၂၀၁၃ ရက် (ကြာသပတေးနေ့)
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် - ၁၉-၁၂-၂၀၁၃ ရက် (ကြာသပတေးနေ့) ၁၆း၀၀နာရီ

ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး

အာဟာရဖွံ့ဖြိုးရေး နွားနို့တိုက်ကျွေး

ရှောင် ဒီဇင်ဘာ ၅

ရှမ်းပြည်နယ် ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှောင်မြို့နယ် မြသိန်းတန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် အာဟာရဖွံ့ဖြိုးရေး နို့တိုက်ကျွေးရေး အစီအစဉ်အရ ကလေးငယ်များ၏ ဉာဏစွမ်းရည်၊ ကိုယ်ခန္ဓာဖွံ့ဖြိုးရန် ရည်ရွယ်၍ နွားနို့ ပေါင်မုန့်တိုက်ကျွေးခြင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာတင်ကိုကိုက ဆင်းရဲမှုလျော့နည်းရေးနှင့် လုမစီးပွားဘ၀ ဖွံ့ဖြိုးတိုးတက်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးများကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ် မွေးမြူရန်လည်းကောင်း၊ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများ ထုတ်ပေးခြင်းကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်အင်ဂျင်နီယာက ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်သည်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ အာဟာရတိုက်ကျွေးခြင်းကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကျေးရွာအတွင်းရှိ စေတနာရှင် အလှူရှင်များ စုပေါင်း၍ နွားနို့နှင့်ပေါင်မုန့် အာဟာရများကို တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဝင်း

အရိပ်လည်းရ
ဝန်းကျင်လှ
သစ်ပင်
စိုက်ပျိုးကြ

ကျေးလက်ကျန်းမာရေးဌာနအဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲကျင်းပ

ညောင်လေးပင် ဒီဇင်ဘာ ၅

ဂျပန်နိုင်ငံအစိုးရက မြို့နှင့်အလှမ်းဝေးကွာသည့် ရေတွင်းကုန်းကျေးရွာ ဒေသခံပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အ၀ရရှိစေပြီး ဒေသဖွံ့ဖြိုးရေးဘက်ပေါင်းစုံမှ တိုးတက်လာစေရန် ရည်ရွယ်၍ ဆောက်လုပ်လှူဒါန်းသော အရှည်ပေ ၇၀၊ အကျယ် ပေ ၅၀ အကျယ်အဝန်းရှိ တစ်ထပ်တိုက်ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရေတွင်းကုန်းကျေးရွာ အဆိုပါအဆောက်အအုံရှေ့၌ကျင်းပသည်။

အခမ်းအနားတွင် တက်ရောက်လာကြသော ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျူဗလီစံလ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးမြင့်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစောလင်းအောင်၊ ပဲခူးတိုင်းဒေသကြီးကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာနေမျိုးအန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး တတိယအတွင်းဝန် Miss TOKUNAGA (**အပေါ်ပုံ**)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းကျောက်စာကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေမျိုးအန်းက ယခုဖွင့်လှစ်သော ကျန်းမာရေးဌာနနှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တတိယအတွင်းဝန်က ကျန်းမာရေးဌာန အဆောက်အအုံ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက်ကျေးလက်ကျန်းမာရေးအဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို JOHNE Engineering Co.,Ltd. မှ တာဝန်ရှိသူက ပေးအပ်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်ဇော်က လက်ခံရယူသည်။ ဆက်လက်၍ တိုင်းရင်းသားရေးရာဝန်ကြီးက အမှတ်တရလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရာ ဂျပန်နိုင်ငံသံရုံးအတွင်းဝန်က လက်ခံယူပြီး ရေတွင်းကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသည် ကွန်ကရစ် အမျိုးအစားဖြစ်ပြီး အုတ်ခင်း၊ အုတ်ကာ၊ သွပ်မိုးနှင့်ဆက်စပ်ပစ္စည်းများ ပါဝင်ကာ တန်ဖိုးငွေကျပ် သိန်း၉၀၀ကျော်ခန့် အကုန်အကျခံကာ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မိုးကောင်း ဒီဇင်ဘာ ၅

ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်နုနှင့် ပြည်နယ်အင်ဂျင်နီယာ နည်းပညာအဖွဲ့တို့သည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း မိုးညှင်းနှင့် မိုးကောင်းမြို့နယ်တို့၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်းတံတားနှင့်ရေပေးရေးလုပ်ငန်းများ၏ မြေပြင်အခြေအနေများကို နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများမြန်ဆန်စွာ ပြီးမြောက်အောင်မြင်ရေး၊ အရည်အသွေး ပြည့်မီအောင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(၀၆၂)**

ပင်လည်ဘူးမြို့နယ် နောင်မူးကျေးရွာတွင် မူးယစ်ဆေးဝါးများ ၃၀၅ ဂရမ်ကျော် ဖမ်းဆီးရမိ

ပင်လည်ဘူး ဒီဇင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် နောင်မူးကျေးရွာတွင် မူးယစ်ဆေးဝါး ကျပ်သိန်း ၃၀၀ ကျော်ခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီခွဲက ပင်လည်ဘူးမြို့မရဲစခန်းမှ ရဲအုပ်အောင်အောင်၊ ရဲအုပ်ကျော်ထွေးပါဝင်သော တပ်ဖွဲ့ဝင်များသည် သတင်းအရသက်သေများနှင့်အတူ နောင်မူးကျေးရွာနေ သန်းဇော်ဆိုသူ၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ နေအိမ်ဧည့်ခန်းအတွင်းမှ ဘိန်းဖြူဟုယူဆရသော ၁၄ ဂရမ်စီပါ ရောင်စုံဆပ်ပြာခွက် ရှစ်ခွက်၊ စုစုပေါင်း အလေးချိန် ၁၁၂ ဂရမ်၊ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အလေးချိန် ၁၅ ဂရမ်စီပါ ရောင်စုံဆပ်ပြာခွက် ကိုးခွက် စုစုပေါင်းအလေးချိန် ၁၃၅ ဂရမ်၊ ပလတ်စတစ်ဆွဲခြင်းအသေးတစ်လုံး၊ ဘိန်းဖြူ ဟုယူဆရသော အဖြူမှုန့်အလေးချိန် ၀ ဒသမ ၃၅ ဂရမ်ပါ ပင်နီဆီလင် ပုလင်း ငါးလုံး၊ ၁ ဒသမ ၇၅ ဂရမ်၊ ခဲရောင် အနွေးထည်လက်ရှည် အင်္ကျီတစ်ထည်၊ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် အလေးချိန် ၀ ဒသမ ၃၅ ဂရမ်၊ ပင်နီဆီလင်ပုလင်း အလုံး ၂၀ စုစုပေါင်းအလေးချိန် ၇ ဂရမ်၊ WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၂၀၀ ပါ အထုပ်တစ်ထုပ်၊ WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၁၈၅ ပြားပါ အထုပ်တစ်ထုပ်၊ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အလေးချိန် ၂၅ ဂရမ်ပါ ဆပ်ပြာခွက် နှစ်ခွက်၊ စုစုပေါင်း အလေးချိန် ၅၀ ဂရမ်၊ ငွေစက္ကူရောရော ၁၀ သန်းကျပ် စုစုပေါင်း ဘိန်းဖြူ အလေးချိန် ၃၀၅ ဒသမ ၇၅ ဂရမ် (ကာလတန်ဖိုး ၃၀၅၇၅၀၀၀)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၈၅ ပြား (ကာလတန်ဖိုး ၁၉၂၅၀၀၀)စစ်ဆေးရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

သန်းဇော်၏အစစ်ခံထွက်ဆိုချက်အရ သက်သေခံမူးယစ်ဆေးဝါးများကို လွန်ခဲ့သောရက် ၂၀ ခန့်က ကန့်ဘလူမြို့နေသူ မျိုးဝင်း(၃၇နှစ်)က နောင်မူးကျေးရွာသို့လာရောက်ပြီး ရောင်းချခိုင်းသည့်ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် မျိုးဝင်းအား အမြန်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်ထားကြောင်း သိရသည်။ သို့ဖြစ်၍ မူးယစ်ဆေးဝါးလက်ဝယ်ကိုင်ဆောင်သူ သန်းဇော်ဦး(၃၂ နှစ်)နောင်မူးကျေးရွာ ပင်လည်ဘူးမြို့နယ်နေသူအား ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လှအောင်(ကသာ)**

ဒီဇင်ဘာ ၃ ရက်က စာရင်းစစ်၊ စာရင်းကောက် တာဝန်ထမ်းဆောင်မည့် ဆရာ ဆရာမများခန့်အပ်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ တိုင်းပညာရေးမှူးရုံးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်မှ မြို့နယ်ဦးစီးမှူးများအား တိုင်းပညာရေးမှူး ညွှန်ကြားရေးမှူး ဦးမြင့်ဇော်က လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားစဉ်။

ကိုကြီးကျော်(ပျဉ်းမနား)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင် အရောက် တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-
Tender No. 20/21/22/23 HPGE/2013-2014
(က) ဓာတ်အားပေးစက်ရုံသစ်များအတွက်
I. Com TM-800 Mobile Terminal (5) Sets
Hand Set (20) Sets
(ခ) တီကျစ်အတွက် High Pressure Water Jet Pump (1) No
(ဂ) Single Cab (Ford Brand) (5) Nos
(ဃ) SUVs (Ford Brand) (1) No
၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၆ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၃၈)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၁၁၆၈ နှင့် ၄၁၁၀၇၆

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း
ယာဉ်အမှတ် ၈ဏ/၅၇၄၇ Fk mpv (Fk mpv-5) M/B (4×2)L ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုးအောင် ၉/ခအဇ(နိုင်)၀၀၀၉၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း
ယာဉ်အမှတ် ၈ဏ/၅၇၄၄ Fk mpv (Fk mpv-5) M/B (4×2)L ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုးအောင် ၉/ခအဇ(နိုင်)၀၀၀၉၂၈ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ပထမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲ ဖိတ်ကြားလွှာ
၁၉၉၆ခုနှစ်နှင့် ယင်းနှစ်မတိုင်မီ ပုပ္ပား(အထက-တွဲဖက်)နှင့် ပုပ္ပား(အထက) ကျောက်ပန်းတောင်းမြို့နယ်တွင် ပညာသင်ကြားလမ်းညွှန်ဆုံးမခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများမှ ပထမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲအား ၂၀၁၃ခုနှစ်ဒီဇင်ဘာ၁၃၊ ၁၄ရက်များတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာကြီးဆရာမကြီးများမှ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်အပူဇော်ခံယူပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများမှလည်း မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။
မြတ်ဆရာပူဇော်ကန်တော့ပွဲဖြစ်မြောက်ရေးအဖွဲ့
အထက (ပုပ္ပား)
မှတ်ချက်။ ။ မြတ်ဆရာပူဇော်ကန်တော့ပွဲအား စိတ်အားထက်သန်စွာဖြင့်ပါဝင်လှူဒါန်း လိုသော ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဖော်ပြပါ မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဝင်များထံ ၈-၁၂-၂၀၁၃ရက် နောက်ဆုံးထားလှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
စကားဝါမြေမှ သူငယ်ချင်းအပေါင်းတို့ရေ-
မြတ်ဆရာပူဇော်ကန်တော့ပွဲဖြစ်မြောက်ရေးအဖွဲ့ဝင်များ
၁။ ဦးဖြလွင်(ခ)ချိုတူး ဖုန်း-၀၉-၂၂၁၀၂၉၁ ၂။ ဦးဝင်းဇော် ဖုန်း-၀၉-၄၄၄၀၀၄၆၃၉
၃။ ဦးကျော်ဟိန်း ဖုန်း-၀၉-၄၄၄၀၂၃၅၆၈ ၄။ ဦးတင်ကိုမင်းဖုန်း-၀၉-၃၃၁၄၈၁၂၅
၅။ ဦးသီဟညွန့်(ခ)ဝလုံးဖုန်း-၀၉-၃၃၂၇၈၄၁၆

ဒဂုံမြို့သစ်(အရှေ့ပိုင်း) စက်မှုဇုန်အနီးရှိ အရှုပ်အရှင်းကင်းရှင်းသော ဝယ်ယူသူအမည်ပေါက် ပိုင်ဆိုင်မည့် **လယ်မြေများရောင်းရန်ရှိသည်။**
ပယ်သူကိုယ်တိုင်ဆက်သွယ်ရန်
ဖုန်း-၀၉-၂၅၀၂၁၀၇၆၂၊
၀၉-၃၃၃၅၂၂၃၂

ဒါ၀တ်တားမာမတ်၊ ရှကူတားမာမတ်နှင့် ဦးအောင်ရွှေတို့၏
အမွေစားအမွေခံများ ဆက်ခံခွင့်ရှိသူများသိရှိနိုင်ရန်
ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်၁/၁၁ နေ ဦးရက်ကွန်ဦး၏ သမီး ဒေါ်တင်တင်ခိုင် ၉/ပမန(ပြု)၀၀၀၀၄၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ်ပါသည်။
ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အကွက်အမှတ် ၂၄၊ ဦးပိုင်အမှတ် ၆၅ᵃ ဟု အမည်တွင်သည့် ဧရိယာ ၀ ဒသမ ၀၄၃ ဧကရှိ ဘိုးဘွားပိုင်မြေနှင့် အဆိုပါမြေပေါ်ရှိ အမှတ် ၁၃၃/၂ (ယခု ၁/၁၁)ဟု အမည်တွင်သည့် တစ်ထပ်အဆောက်အအုံကို အမည်ပေါက်ပိုင်ရှင် ဒါ၀တ်တားမာမတ်နှင့် ရှကူတားမာမတ်တို့ထံမှ ဦးအင်ကျုံ၏သား ဦးအောင်ရွှေ G/RGN -၀၀၆၉၇၆ မိဘများက အရပ်စာချုပ်ဖြင့်ဝယ်ယူခဲ့ပြီး ကျွန်ုပ်မိတ်ဆွေအား ဦးအောင်ရွှေက ၅-၂-၁၉၉၄ ရက်တွင် အရပ်စာချုပ်ဖြင့် ရောင်းချခဲ့ပါသည်။
ကျွန်ုပ်မိတ်ဆွေအနေဖြင့် အမည်ပေါက်လူကြီးမင်းတို့ထံမှ လက်ရောက်ရယူဝယ်ယူခဲ့သော မြေကွက်ကို တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် စီစဉ်ဆောင်ရွက်လျက်ရှိနေပါသည်။ သို့ဖြစ်ပါ၍ လူကြီးမင်းတို့သည် ၃၁-၁-၂၀၁၄ ရက် နောက်ဆုံးထားပြီး လာရောက်ဆောင်ရွက်ပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ လူကြီးမင်းတို့အနေဖြင့် ဤအကြောင်းကြားစာပါ အတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
၁။ ဦးဝင်းနိုင် (စဉ်-၂၈၅၃၉) ဦးလှဟန် (စဉ်-၃၅၀၈/၈၅)
၂။ ဒေါ်ခိုင်လင်းမူ (စဉ်-၃၂၆၅၅) တရားလွှတ်တော်ရှေ့နေ
၃။ ဦးဇင်ဝင်း (စဉ်-၃၅၅၂၈) အမှတ် ၁၄/၈၅၊ စိုက်ပျိုးသိပ္ပံကျောင်းလမ်း
၄။ ဒေါ်ဝေဝေနှင်း (စဉ်-၃၈၇၁၃) မစိုးရိမ်အရှေ့ရပ်ကွက်၊ ပျဉ်းမနားမြို့
၅။ ဒေါ်မေသူမြင့်ဆွေ (စဉ်-၄၀၆၂၁) ဖုန်း-၀၉-၂၁၇၃၆၄၉၊ ၀၉-၈၃၀၀၆၃၆
၆။ ဒေါ်ရူပါထွန်း (စဉ်-၄၂၈၇၂) ဒေါ်အိန္ဒယ်ကျော်(စဉ်-၈၅၈၃/၁၂)
အထက်တန်းရှေ့နေများ **တရားလွှတ်တော်ရှေ့နေ**

မှုခင်းသတင်းနှင့်ကြော်ငြာ

ပျဉ်းမနားမြို့ ရွှေရတနာဆိုင်ဖောက်ထွင်းခိုးယူသူအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပျဉ်းမနားရဲစခန်းမှ ဖော်ထုတ်ဖမ်းဆီး

ပျဉ်းမနား ဒီဇင်ဘာ ၅

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပန်းခင်း(၁)နယ်မြေ ရွှေစင်ထက် ရွှေရတနာဆိုင်မှ ဩဂုတ် ၁၈ ရက်က ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ် သိန်း ၃၀၀ကျော်ဖိုး ဖောက်ထွင်းခိုးယူခံခဲ့ရသည်။

ရွှေရတနာဆိုင်ပိုင်ရှင် ဒေါ်ခင်ခင်ထွေးက ပျဉ်းမနားရဲစခန်းသို့ တိုင်ကြားခဲ့ရာ ရဲစခန်းမှ (ပ)၄၉၇/၂၀၁၃ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ အရ အမှုဖွင့် ဆောင်ရွက်ခဲ့သည်။

ထပ်မံ၍ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပေါင်းလောင်း(၁)နယ်မြေ ဒေါနလမ်းရှိ ဦးကျင်လ၏နေအိမ်၌ နိုဝင်ဘာ ၉ ရက်က ဖောက်ထွင်းခိုးယူမှုဖြစ်ပွားခဲ့ရာ ရွှေနားကပ်နှစ်ရန်၊ i Phone တစ်လုံး၊ ဟွာဝေးဖုန်းတစ်လုံးနှင့် လက်ပတ်နာရီတစ်လုံး ပျောက်ဆုံးသွားခဲ့သည်။ ဦးကျင်လက ပျဉ်းမနားရဲစခန်း တွင် တိုင်ထန်းရာ (ပ) ၇၃၆/၂၀၁၃ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ အရ အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

ပျဉ်းမနားရဲစခန်းမှ အမှုစစ်အရာရှိ ဒုရဲအုပ်နေလင်းအောင်နှင့် ဒုရဲအုပ်ညီညီလေးတို့သည် တိုင်းရဲတပ်ဖွဲ့မှူး၊ ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးတို့၏ ညွှန်ကြားချက်ကို ရယူကာ ပျောက်ဆုံးသွားသော ဖုန်းကတ်ကို ပိတ်၍ အသစ် ပြန်လည်လျှောက်ထားပေးရာ ဦးကျင်လအနေဖြင့် ဖုန်းကတ်နံပါတ် အသစ် တစ်လုံး ပြန်လည်ရရှိခဲ့သည်။

နိုဝင်ဘာ ၁၉ ရက်တွင် ဦးကျင်လထံသ ၎င်းနှင့်မရင်းနှီးသည့် ဖုန်းတစ်လုံးဖြင့် ဖုန်းခေါ်ဆိုရာမှ မသက်ာ၍ မေးမြန်းရာမှ ရွှေစင်ထက်ရွှေဆိုင် ဖောက်ထွင်းမှုပေါ်ပေါက်ရန် ကင်းဆက်ရလာခြင်းဖြစ် ကြောင်း၊ နိုဝင်ဘာ ၂၂ ရက်တွင် တရားလိုဦးကျင်လ အမှုစစ်ဒုရဲအုပ်နေလင်းအောင်၊ ဒုရဲအုပ်ညီညီလေးတို့မှာ ဖောက်ထွင်းခိုးယူသူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရန် မိတ္ထီလာမြို့သို့ သွားရောက်ပြီး အမှတ် (၃) ရဲစခန်းရှိ တပ်ဖွဲ့ဝင်များ၏ [illegible] ရသောဖုန်းကို ဆက်သွယ်ပြီး ပြောဆိုမေးမြန်းရာ [illegible]နိုင်ရှင်က သိရှိခဲ့သည်။

နိုဝင်ဘာ ၂၃ ရက်ထင် ကျော်ခိုင်ဆိုသူသည် ဦးကျင်လ၏ ခိုးယူ၍ ပျောက်ဆုံးသွားသော ဟန်းဖုန်းအား ကိုင်ဆောင်ထားပြီး ထန်ဖိုးကြီး လက်ပတ်နာရီပတ်ထားကြောင်း၊ ကျော်ခိုင်နှင့်မျိုးအောင် အမည်ပါ သိန်း ၄၀ ထန်ဖိုးရှိ ရွှေဘောက်ချာငါးရွက်ကို သိမ်းဆည်းရမိခဲ့သည်။

အပေါင်ဆိုင်သို့သွားရောက်စုံစမ်းရာ ထိုဆိုင်တွင် ကော်ခိုင်က ရွှေများ ပေါင်နှံခဲ့ကြောင်း ထပ်မံသိရှိခဲ့သည်။ ကျော်ခိုင်၏ ပုံပန်းသွင်ပြင်လက္ခဏာမှာ ဂျင်းဘောင်းဘီအမြတမ်းဝတ်လေ့ရှိကြောင်း၊ ဘေးလွယ်အိတ်ဆောင်လေ့ရှိကြောင်း၊ မြေသလုံးတွင် ဆေးမင်ကြောင်များပါရှိကြောင်းသိရှိရပြီး နေပြည်တော် သို့ ပြန်လာခဲ့သည်။

နိုဝင်ဘာ ၂၅ ရက်ထင် ဒုရဲအုပ် နေလင်းအောင် တာဝန်မှူးတာဝန် ထမ်းဆောင်နေချိန် နနက် ၃ နာရီတွင် ပျဉ်းမနားမြို့ ဝင်းကမ္ဘာစတားဆိုင်တွင် လူထစ်ဦး ခိုးယူရန် ကြံစည်နေစဉ် ပတ်ဝန်းကျင်မှ ဝိုင်းဝန်းဖမ်းဆီးပြီး ရဲစခန်းသို့အကြောင်းကြားရာ ဒုရဲအုပ်နေလင်းအောင်နှင့်အဖွဲ့က သွားရောက်ဖမ်းဆီးပြီး ရဲစခန်းသိုခေါ်ဆောင်လာခဲ့သည်။

အမှုမှန်ပေါ်ပေါက်

၎င်းအား ဥပဒေနှင့်အညီ စစ်ဆေးမေးမြန်းရာ ဝမ်းတွင်းမြို့နယ် ကျောင်းကုန်းအုပ်စု တောင်ပုလကျေးရွာနေထိုင်သူ ကျော်ခိုင်(ခ) မျိုးအောင် (၂၈ နှစ်) ဖြစ်ပြီး ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ဒေါနလမ်းနေ ဦးကျင်လ၏ အိမ်ကို ဖောက်ထွင်းခိုးယူခဲ့သူမှာ ၎င်းကိုယ်တိုင်ဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့ပြီး ဆက်လက်စုံစမ်းစစ်ဆေးဖော်ထုတ်ရာ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပန်းခင်း(၁)နယ်မြေ ရွှေစင်ထက်ရွှေဆိုင်ကို ဖောက်ထွင်းခိုးယူသူမှာလည်း မိမိပင်ဖြစ်ကြောင်း ၎င်းကိုယ်တိုင်ဝန်ခံထွက်ဆိုခဲ့ရာမှ အမှုမှန်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇော်မျိုးနိုင်

တာချီလိတ်၌ မူးယစ်ဆေးဝါးဖမ်းဆီးရမိ

တာချီလိတ် ဒီဇင်ဘာ ၅

[illegible] (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ဒီဇင်ဘာ၂ ရက် နံနက် ၇ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ ရဲအုပ်မြင့်နိုင်ဦး ဦးစီးပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် ဝမ်မိုင်ကျေးရွာ (၅)လမ်း အမှတ် (၁၅၉)ရှိ အိုက်တယ်၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ အိုက်တွယ်အား စိတ်ကြွဆေးပြား ၅၀၃ ပြားနှင့်အထ ဖမ်းဆီးရမိသဖြင့် ကင်းဆက်ဖော်ထုတ်ချက်အရ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက (၅)လမ်း အမှတ်(၆/၄၁) အခန်းအမှတ် (၃)နေ ကင်းဆက ပြစ်မှုကျူးလွန်သူ မြင့်ဌေး(ခ)စိုင်းရဲန်၏နေအိမ်က ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြားနှင့် အတ ထပ်မံဖမ်းဆီးရမိခသဖြင့် တာချီလိတ မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

အလားတ နံနက် ၁၁ နာရီ မိနစ် ၅၀ က အဆိုပါပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက် ဝမ်မိုင်ကျေးရွာ အမှတ်မရှိ လမ်းထွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် လီလောက်ဝ (ခ)အိုက်လာသည် ၆ယ/----နံပါတ်ပါWave-125 အမျိုးအစား အပြာရောင်ဆိုင်ကယ်ဖြင့် လမ်းမပေါ်သို့ရောက်ရှိလာစဉ် ပူးပေါင်းအဖွဲ့မှ ရပ်တန့်စစ်ဆေးရှာဖွေရာ လီလောကဝူ(ခ)အိုကလာ ဝတ်ဆင်ထားသော မီးခိုးရောင်ကထ်အကျီလက်ရှည် ဝဲဘက်အိတ်ကပ်အတင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား၃၉၉ ပြား၊ အလေးချိန် ၃၉ ဒသမ ၉ဂရမ် ကာလထန်ဖိုး ငွေကျပ် ၉၉၇၅၀၀ က ရှာဖွေတွေ့ရှိသဖြင့် လီလောကဝူ(ခ)အိုကလာ (၃၃နှစ်) အမှတ်(၁/၄၀) အခန်း (၄) အာခါ ဈေးလမ်းသွယ် ဝိန်းကျောက်ရပ်ကွက် တာချီလိတ်မြို့ နေသူကို တာချီလိတ်မြို့မရဲစခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

စည်းကမ်းပျက်ယာဉ်ဆိုင်ကယ် အစီး ၄၀ မြို့နယ်တရားရုံးတွင် ဒဏ်ငွေပေးဆောင်

ကျောက်တံခါး ဒီဇင်ဘာ ၅

[illegible]ကြီး ကျောက်တံခါးမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ဥက္ကဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး ဦးစီး၍ ယာဉ်စည်းကမ်းထိန်းသိမ်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃ ရက် နံနက် ၈ နာရီက ကျောက်တံခါးမြို့ ကင်းနောက်ရပ်ကက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ရန်ကုန်-မန္တလေး ကားလမ်းမပေါ်တွင်သွားလာနေသော ဆိုင်ကယ်များက ရပ်တန့်စစ်ဆေး ရာ စည်းကမ်းပျက်ယာဉ်ဆိုင်ကယ် အစီး ၄၀ စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါ စည်းကမ်းပျကယာဉ်ဆိုင်ကယ အစီး ၄၀ က ကျောက်တံခါးမြို့နယ်တရားရုံးတင်ဒဏ်ကြေးငွေဆိုင်ကယ်တစ်စီးလျှင်ငွေကျပ်၁၀၀၀ နှင့် တိုင်းယာဉ်စည်းကမ်းထိန်းသိမ်း[illegible] ဒဏ်ကြေးငွေကျပ် ၅၀၀၀တက် ပေးဆောင်ခဲ့ရကြောင်း သိရသည်။

(အပေါ်ပုံ) ခင်ကို(ကျောက်တံခါး)

ပလေဒါတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ချောင်းသာကမ်းခြေမှာ ဘောကွင်းစီးအပန်းဖြေရေကူးသည့် တက္ကသိုလ်ဝင်တန်းကျောင်းသား ဘောကွင်းကျွတ်ရေနစ်ပျောက်ဆုံး

ချောင်းသာ ဒီဇင်ဘာ ၅

ပုသိမ်မြို့နယ် ရေသောင်ယံမြို့နယ်ခွဲ ချောင်းသာကျေးရွာ အမှတ်(၁) ရပ်ကွက ချောင်းသာကမ်းခြေ၌ တည်ရှိသော မေကိုတည်းခိုခန်း၌ လာရောက်တည်းခိုနေသူ မုံရွာမြို့နယ် ရန်ကင်းရပ်ကွက် (TIP TOP) ဘော်ဒါ ဆောင်မှ တက္ကသိုလ်ဝင်တန်းကျောင်းသား မောင်ကျော်မျိုးခန့် (၁၈ နှစ်) ကွဲရဲကျေးရွာ မံရာမြို့ စစ်ကိုင်းထိုင်းဒေသကြီးနေသူသည် နိုဝင်ဘာ ၃၀ ရက မနက်လ ၁ နာရီခန့်က သူငယ်ချင်းများနှင့်အတူ ဘောကင်းများဖြင့် ရေကူးနေကြစဉ် ပင်လယ်ဒီရေ ထက်ရောက်လာသဖြင့် တရွေ့ရွေ့မျောပါသွားရာမှ ရေနက်ပိုင်းသို့ရောက်ရှိသွားစဉ် ဘောကင်းကျွတ်၍ ရေနစ်ပျောက်ဆုံးသွားသည်။ အဆိုပါ သတင်းရသည်နှင့် ချောင်းသာနယ်မြေရဲစခန်းက ရဲတပ်ဖွဲ့ဝင်များ၊ ကမ်းခြေ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒေသခံကားတိစက်လေများ၊ Sun Light စပိဘုတ်အသင်းများမှ အချိန်နှင့်တစ်ပြေးညီ ဝိုင်းဝန်းကယ်ဆယ်ကြသော်လည်း ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။ **ပုသိမ်-လှကြည်**

မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့၊ ရွာသစ်ရပကွက်၊ အခြေခံပညာအထကတန်းကျောင်း(ခွဲ)၊ အလက(၁)၊ [ယခုအလက(၁)ရွာသစ] ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ မြတ်ဆရာပူဇော်ပွဲကို ၂၉-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နနက် ၉း၀၀နာရီတွင ရွာသစ် အလက(၁)ခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါ၍ အပူဇော်ခံအငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ [illegible] ကြွရောက်အပူဇော်ခံကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများမှလည်း တက်ရောက်ဂါရဝပြုကြပါရန် အသပေးဖိတ်ကြားအပ်ပါသည်။

၂၈-၁၂-၂၀၁၃ ရက် (စနေနေ့) နနက် ၉း၀၀နာရီတွင စဉ့်အိုးတန်းလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ဝါးခယ်မအသင်းတိုက်ရှေ့မှ စုရပ်ပြု၍ ကားထွက်ပါမည်။

ကူသိုလ်ပါဝင်လှူဒါန်းလိုပါက

ဒေါက်တာကြူကြူသင်း(ရန်ကုန်)	ဖုန်း-၀၉-၅၁၆၅၄၅၈
ဦးမြတ်သူ(ရန်ကုန်)	ဖုန်း-၀၉-၅၁၂၅၅၂၉
ဦးသိန်းလွင်(ရန်ကုန်)	[illegible]း-၀၉-၅၁၅၉၇၆၅
ဒေါ်ခင်မို့မို့(ဝါးခယ်မ-အော်တိုအိတ်ချိန်း)	ဖုန်း-၀၉-၄၂၂၅၅၈၉၀၉
ဒေါ်အေးအေးသန့်(ဝါးခယ်မ-စိုးသိပ္ပံ)	ဖုန်း-၀၉-၈၅၇၅၁၅၃

တို့သို့ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2C/9506၊ ပဆူဘီရှီဖူဆု MS 725S, Bus (4×2)Rယာဉ်လက်ဝယ်ရှိသူ ဦးလှထွန်း ၁၂/သကတ(နိုင်)၁၂၇၉၅၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် [illegible] ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွှာသာကြီး)၊ရန်ကုန်မြို့

[illegible]

ယာဉ်အမှတ် ၃၃ယ/၅၂၉၇၁၊ Follow me M/C၊ ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ကျော် ၉/ခအစ(နိုင်)၀၁၃၈၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင [illegible]ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ [illegible]းမြို့

[illegible]

ယာဉ်အမှတ် 3A/7966၊Nissan Atlas Vam (4 × 2)R ယာဉ်လက်ဝယ်ရှိသူ ဦးသက်ဝင်း(ခ)သံလုံး၁၂/ဥကမ(နိုင်)၀၈၃၄၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင [illegible]ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွှာသာကြီး)၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၊ မြေကွက်အမှတ် ၄၈၊ မြေကွက်တည်နေရာအမှတ် ၄၈၊ စုပေါင်းအိမ်ရာ၊ ၁/ထူပါရုံ၊ သာကေတမြို့နယ်၊ ဒေါ်အေးခင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အေးခင်(မိခင်)နှင့် ဦးစံအေး(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီး [illegible]ဖြစ်ကြသော ဦးတင်မောင်အေး ၁၂/သကတ(နိုင်)၀၀၇၆၆၇၊ ဒေါ်ခင်ခင်အေး ၁၂/သကတ(နိုင်)၀၀၃၂၁၆ တို့က သေစာရင်း၊ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန ဖြေပုကူးလျှောကထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမကိန်းနှင့်မြေစီမခန့်ခွဲမှုဌာန

[illegible]

လူပျောက်ကြော်ငြာ

အထထပါခာတ်ပုံရှင် ဦးကပေါ်ထူး၏ သား မျိုးလှိုင်ထွန်း(ခ) အသေးလေး အသက် (၁၇)နှစ် အရပ် ၄ပေ ၈လက်မသည် ၀/မြောက်၊ စမ်းချောင်းမြို့နယ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ကျေးဇူးဆပပါမည်။

ဖုန်း-၀၉-၂၅၀၀၀၈၂၂၁၊ ၅၂၅၄၉၅

[illegible]

ယာဉ်အမှတ် ၁ယ/၄၀၄၅၄ Honda C90 Custom M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲမြင့်စိုး ၉/မဟမ(နိုင်)၀၀၀၇၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင် ကန့်ကွက်လိုပါက ခိုင်လုံသော [illegible] ဖြင် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) [illegible]ပးမြို့

[illegible]လျှောက်ထား[illegible]

ယာဉ်အမှတ် ၃၃ယ/၆၆၄၆၉ Follow me M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ကျော် ၉/ခအစ(နိုင)၀၁၃၈၂၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင် ကန်ကွက်လိုပါက ခိုင်လုံ [illegible] သည်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

[illegible] ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) [illegible]းမြို့

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမှတ် (န/54)၊ နှောင်ယား(ခ)ရပ်ကွက်၊ လှိုင်ကော်မြို့၊ ကယားပြည်နယ်နေ ဦးကျော်ကျော် ၂/လကန(နိုင်)၀၄၀၈၄၀၊ ဒေါ်ခင်မေကျော် ၂/လကန(နိုင်)၀၄၀၈၄၁တို့၏ သမီး မသီရိကျော်(ခ)မရှမ်း ၂/လကန(နိုင်)၀၅၃၇၃၂၊ ခေတ္တ အောင်ပန်းမြို့နေထိုင်သူသည် မိဘ စိတ်ဆင်းရဲအောင်အမျိုးမျိုးပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း နောက်နောင် ၎င်းနှင့်သက်ဆိုင်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

[illegible]

ဒေါ်ခင်မေကျော်

[illegible]

ယာဉ်အမှတ် ၆က/၆၁၆၃ Toyota coronaအမျိုးအစားSL ယာဉ်လက်ဝယ်ရှိသူ ဦးညီညီထွန်း ၁၂/လမတ(နိုင်) ၀၀၂၇၀၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောကအထားများဖြင် ကြော်ငြာသည်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပျောက်ဆုံးကြောင်း ကြေညာခြင်း

ကျွန်တော် ဦးစိုင်းထွန်းအောင် ၁၃/ကတန(နိုင်)၀၅၈၉၂၀ ၏ ပတ်စ်ပို့မှာ ၁-၁၂-၂၀၁၀ရက်တွင ပျောက်ဆုံးသွားပါ[illegible]ဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန် ကြေညာအပ်ပါသည်။

ဦးစိုင်းထွန်းအောင်
အမှတ် ၂၂၆၊ ကျိုက္ကဆံလစ်းမကြီး တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊
ဖုန်း-၀၁-၅၁၄၅၇၇၁

နယ်သတင်းနှင့်ဆောင်းပါး

တပ်ကုန်း၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

တပ်ကုန်း ဒီဇင်ဘာ ၅

နေပြည်တော် တပ်ကုန်းမြို့နယ် ညောင်ဝင်သာကျေးရွာ ရွာဦးတိုက်ကျောင်းနှင့် ရှားတောကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲတို့တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲများကို နိုဝင်ဘာ၂၆ရက် နံနက် ၁၀ နာရီနှင့် ၁၀နာရီခွဲတို့က ကျင်းပသည်။

အဆိုပါ ဟောပြောပွဲများတွင် နေပြည်တော်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ ရဲအုပ်ကျော်နိုင်ဦးနှင့် ရဲအုပ်အေးနိုင်ဦးတို့က လူကုန်ကူးမှုကမ္ဘာ့နောက်ခံသမိုင်းကြောင်း၊ မြန်မာ့နောက်ခံသမိုင်းကြောင်း၊ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာတွင် လမ်းခရီးအစ၊ အလယ်၊ အဆုံးတို့တွင်တွေ့ကြုံနိုင်သည့်အခက်အခဲများ၊ ကြိုတင်ပြင်ဆင်ထားသင့်သည့် သိထားသင့်သည့်အချက်များနှင့်လူကုန်ကူးသူများအသုံးပြုသည့် နည်းလမ်းများအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသူများမှ သိလိုသည်များ မေးမြန်းကြသည်။ ထို့နောက် တက်ရောက်လာသူများသို့ အသိပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့သည်။ဆက်လက်၍ တပ်ကုန်းမြို့နယ် ရွှေမြို့ရဲစခန်း ခေတ္တစခန်းမှူး ရဲအုပ်ကျော်နိုင်ဦးက မူခင်းကျဆင်းရေးအကြောင်း အသိပညာပေးဟောပြောသည်။ **(အောက်ပုံ)**

ဟောပြောပွဲသို့ကျေးရွာအုပ်ချုပ်ရေးမှူး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ရပ်ကွက်နေပြည်သူများ၊ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၀ပကျော်ခန့်စီ တက်ရောက်ကြကြောင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ထံမှ သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲ ပုသိမ်ကြီး၌ကျင်းပ

ပုသိမ်ကြီး ဒီဇင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မနောယျမကျေးရွာအုပ်စု မနောယျမကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် ညနေ ၄ နာရီက အဆိုပါကျေးရွာ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်းနှင့် ဦးကိုကိုလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်စိုး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးစိုးမင်းထွန်း၊ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးအန်းမြင့်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်၊

အစီအစဉ်အရ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်စိုး၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာမှူး ဦးစိုးမင်းထွန်း၊ ကျေးရွာမီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးအန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတို့က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးစိုးမင်းထွန်းက လျှပ်စစ်သုံးစွဲမှုအကြောင်း ပညာပေးဟောပြောခြင်းနှင့် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးအန်းမြင့်က မီးလင်းရေး ဆောင်ရွက်ခဲ့ရခြင်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီအဖွဲ့ အမှတ်တရ အထိမ်းအမှတ်အလံများကို လျှပ်စစ်အင်ဂျင်နီယာမှူးဦးစိုးမင်းထွန်းက ပေးအပ်သည်။ အဆိုပါကျေးရွာမီးလင်းရေးအတွက် မနောယျမ ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တတေဇိန္ဒ(MA-မဟာဓမ္မာစရိယ) ဦးစီး၍ ကျေးရွာသူ ကျေးရွာသားများစုပေါင်းကာသိန်းပေါင်း ၅၅၀ကျော် အကုန်အကျခံ၍ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့ကြောင်း၊ ကျေးရွာအတွင်းရှိ အိမ်ခြေ ၂၇၀ ရှိသည့် အနက် ၁၀၉ ဦးသာ သုံးစွဲလျက်ရှိကြောင်းသိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ကျင်းပ

မြောင် ဒီဇင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့တွင် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၁ပ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစီးဌာန ထီးလှိုင်ရှင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲမှူးမြတ်ဦးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် လူကုန်ကူးခံရခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုတို့ကြောင့် များသောအားဖြင့် ဖြစ်ပွားလျက်ရှိသော ရောဂါမှ ခုခံအားကျဆင်းမှုရောဂါ(HIV-AIDS)ရောဂါများဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်မာညိုက ခွဲခြားနှိမ်ချကင်းစင်ဝေး၊ ကူးစက်သေဆုံးမှုမရှိရေး ART (အေအာတီ)ဖြင့် ထုသပေးခေါင်းစဉ်ဖြင့် ခုခံအားကျဆင်းမှု၊ ကူးစက်ပုံကူးစက်နည်း၊ ကြိုတင်ကာကွယ်နည်းများကို ရှင်းလင်းဟောပြောသည်။

အခမ်းအနားသို့မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြတ်ဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတွဲဘက်အတွင်းရေးမှူး ဦးအောင်လှိုင်မြတ်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းကြည်၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

မိုင်းဆတ်၌ ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်း

မိုင်းဆတ် ဒီဇင်ဘာ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့ မိုးစပါးစံပြကွက်၊ ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ရက် နံနက် ၉နာရီခွဲက မြို့သစ်ရပ်ကွက်၊ ကွင်းအမှတ် (၁၃)၊ ဦးပိုင်အမှတ် (၈၈/၂)၌ ကျင်းပရာ ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ တောင်သူများတက်ရောက်သည်။**(ယာပုံ)**

ရှေးဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးပင်းထိန်က သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်နှင့်ရရှိမည့်အကျိုးကျေးဇူးများရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းက စံပြကွက်ဆောင်ရွက်ထားရှိမှုလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပုလဲသွယ်စပ်မျိုးစပါးစံကွက်ရိတ်သိမ်းရာ တစ်ဧက အစိုအထွက်နှုန်း ၁၆၂တင်း ရှိကြောင်းသိရသည်။

သန်းဇော် (iprd)

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊
ရှေးဟောင်းသမိုင်းဝင် ရွှေနားပန်စေတီတော်မြတ်ကြီး၏
(၉၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးအား

၁၃၇၅ ခုနှစ် ပြာသိုလဆန်း ၁၁ ရက်၊ ၁၁-၁-၂၀၁၄ ရက်မှ (ပြာသိုလပြည့်နေ့) ၁၅-၁-၂၀၁၄ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပျော်ပွဲ၊ ရှင်ပွဲ၊ ဇာတ်၊ အငြိမ့်များ ကျင်းပပြုလုပ်လိုသောကန်ထရိုက်များ ၁၅-၁၂-၂၀၁၃ ရက် နောက်ဆုံးထား ဆက်သွယ်ပါရန် အသိပေးနိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ-

ဦးမြင့်သန်း (ဂေါပက-ဥက္ကဋ္ဌ)	ဖုန်း-၀၉-၃၁၁၁၉၉၈၄
ဦးတင်မောင်လွင် (တွဲဖက်အတွင်းရေးမှူး)	ဖုန်း-၀၉-၄၂၁၀၆၉၈၄၂
ဦးအောင်ရဲနိုင် (ပွဲတော်ကျင်းပရေးကော်မတီ)	ဖုန်း-၀၉-၅၁၄၀၆၇၂
ဂေါပကရုံးခန်း	ဖုန်း-၀၉-၈၆၀၀၅၄၇

အီကို မြို့သူ/မြို့သားများသို့

မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းမှ (MIEGA)ကြီးမှူးပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွှေရတုအကြို) (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို ၂၉-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက်၈း၃၀နာရီတွင် စီးပွားရေးတက္ကသိုလ်မြက်ခင်းပြင်၌ တခမ်းတနားကျင်းပမည်ဖြစ်ပါသည်။ နံနက်၊ နေ့လယ်နိဗ္ဗာန်ဈေးပွဲတော်ကို ဘွဲ့ရနှစ်အလိုက်၊ ရွှေရောင်ညနေခင်းဈေးပွဲတော်ကို အဆောင်အလိုက်၊ နေ့ကျောင်းသားများနှင့်ဒီပလိုမာသင်တန်းများအလိုက် ကုသိုလ်ဒါနပြုကြရန် စည်းဝေးဆုံးဖြတ်ထားကြပါသည်။ ရွှေရတုရန်ပုံငွေမိန်းမလှကျွန်းအလှမ်းပြေဂီတဆည်းဆာတွင် နာမည်ရတေးသံရှင်များပါဝင်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပါသည်။

စီးပွားရေးတက္ကသိုလ်နှင့်ဆက်နွယ်သံယောဇဉ်ရှိကြသူကျောင်းသူ ကျောင်းသားဟောင်းများအားလုံးပါဝင်ဆင်နွှဲကြရန်ဖြစ်ပါ၍ ကျန်ရှိနေသေးသော ၁၉၈၁၊ ၁၉၈၂၊ ၁၉၈၅၊ ၁၉၉၆၊ ၁၉၉၇၊ ၁၉၉၈၊ ၁၉၉၉ခုနှစ်နှင့် ၂၀၀၁မှ ၂၀၁၂ခုနှစ်အထိ ဘွဲ့ရများ၊ နေ့ကျောင်းသူ ကျောင်းသားများ MBA, MPA, MDevs. MPF,စာပေးစာယူ၊ အဝေးသင်များနှင့် အဆောင်နေ ကျောင်းသူကျောင်းသားဟောင်းများ အမြန်ဆုံးဆက်သွယ်ကုသိုလ်ယူကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၂း၀၀ နာရီတိတိတွင် စီးပွားရေးတက္ကသိုလ်အခန်း (၁၀) နီလာရတုခန်းမအစည်းအဝေးကို မပျက်မကွက်တက်ရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။ မိမိတို့ပါဝင်ဒါနပြုလှူဒါန်းကြမည်အစီအစဉ်ကို လက်လွတ်မခံဘဲ ဧည့်ခံကျွေးမွေးရေးကော်မတီ ဖုန်း-၀၉-၅၀၀၆၇၇၆၊ ၀၉-၄၂၅၃၂၁၁၅၉၊ ၀၉-၇၃၀၉၈၄၃၀၊ ၀၉-၅၀၁၉၇၄၃ တို့သို့ အမြန်ဆုံးဆက်သွယ်စာရင်းပေးကြပါရန် နွေးထွေးကြည်သာနိုးဆော်အပ်ပါသည်။

ရွှေရတုအကြိုပူဇော်ပွဲကျင်းပရေးကော်မတီ

တစ်ဦးတည်းဖြစ်ကြောင်း

မကွေးမြို့၊ အထက ၁ လမ်း၊ အမှတ် ၃၄၊ ရန်ကျောရပ်နေ ဦးထက်အောင်ကို ၈/မကန(နိုင်)၁၂၄၇၃၁နှင့် ဦးတေဇာဝင်းထွန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးထက်အောင်ကို(ခ)ဦးတေဇာဝင်းထွန်း**

၂၃-၁၁-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၂ နှင့်
၂၈-၁၁-၂၀၁၃ ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ ၅ ပါ
ဦးခင်မောင်တာနှင့် ထရားလွှတ်တော်ရှေ့နေများဖြစ်သည်
ဒေါ်ခင်ဆွေရီနှင့် ဒေါ်နန့်ခင်ခြတ်အောင်တို့၏
ပြန်လည်ရှင်းလင်းကြေညာခြင်းအပေါ် ထပ်မံရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အုတ်လမ်း၊ မြေတိုင်းအမှတ် ၅၊ မြေကွက်အမှတ် ၂၀၊ အေဘီ ၁၊ အိမ်အမှတ် ၁၂၇နေ ဒေါ်မေသန်း၏ သားသမီးများဖြစ်ကြသော ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်ဘုဏ်၊ ဦးခင်မောင်ကြီး၊ ဒေါ်ခင်ဖုန်းတင့်၊ ဦးခင်မောင်ပိုင်၊ ဦးမင်းဇော် ငါးဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ ထပ်မံရှင်းလင်းကြေညာအပ်ပါသည်။

ယင်းသတင်းစာကြော်ငြာစာအပိုဒ်-၁ ပါ ၂၇-၉-၂၀၀၆ ရက်စွဲပါစာချုပ်မှာ မိခင်ဒေါ်မေသန်း မကွယ်လွန်မီက ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ဒေါ်မေသန်းကွယ်လွန်ပြီးနောက် ဖော်ပြပါမြေနှင့် မြေညီထပ်တိုက်ခန်းမှာ အမွေဆိုင်ပစ္စည်းများအဖြစ် ကျန်ရစ်ခဲ့ပါသည်။

မိခင်ဒေါ်မေသန်းကွယ်လွန်ပြီးနောက်ပိုင်းတွင် သားဖြစ်သူဦးခင်မောင်တာမှာ မိမိတစ်ဦးတည်းအနေဖြင့် အမွေဆိုင်သားသမီးများအား အသိမပေးဘဲ အမွေဆိုင်ပစ္စည်းများအပေါ်တွင် စီမံခန့်ခွဲပိုင်ခွင့်မရှိတော့ပါ။

အဆိုပါမြေညီတိုက်ခန်းအား ဦးခင်မောင်တာမှ ကျွန်ုပ်၏မိတ်ဆွေငါးဦးအား အသိမပေးဘဲ ကိုယ်ကျိုးအတွက်ရယူအသုံးပြုနေကြောင်းသိရှိရသဖြင့် ၈-၁၁-၂၀၁၃ရက် ကြေးမုံသတင်းစာနှင့် ၉-၁၁-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာတို့တွင်ကြေညာခဲ့ပြီးနောက် ၁၁-၁၁-၂၀၁၃ ရက်စွဲဖြင့် ဦးအောင်ဘုဏ် ပါ ၅ဦးတို့မှ ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီးသို့လိပ်မူကာ တိုက်ခန်းပြင်ဆင်ခြင်းအား တားမြစ်ပေးပါရန် တိုင်ကြားစာတင်ထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးခင်မောင်တာအနေဖြင့် မိခင်ဒေါ်မေသန်း၏ အမွေဆိုင်ပစ္စည်းများအပေါ်တွင် ဆက်လက်ဆောင်ရွက်မှုများပြုလုပ်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း အသိပေးရှင်းလင်းအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်ဝင်း LL.B, D.B.L, D.M.L	ဒေါ်ခင်ခင်အေး B.Sc, R.L
စဉ်-၅၁၂၁	စဉ်-၄၂၈၂
ဖုန်း-၀၉-၅၁၈၈၇၉၂	ဖုန်း-၀၉-၅၀၄၇၄၇၉

တရားလွှတ်တော်ရှေ့နေများ

အမှတ် ၉/၀၀၊ အခန်း ၁၀၂/စီ၊ ပထမထပ်၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

နိုင်ငံကူးလက်မှတ်ပျောက်ဆုံးခြင်း

သာကေတမြို့ ရပ်ကွက်(၈)၊ နယ်မြေ(၁၀)၊ သစ္စာလမ်း၊ အိမ်အမှတ်(၁၀/၂၁)နေ ဒေါ်ရန်ရှောက်ချိန်၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါ၍ တွေ့ရှိအပ်နှံပါက ကျေးဇူးဆပ်ပါမည်။

ဒေါ်ရန်ရှောက်ချိန် ၁၃/လရန(နိုင်)၀၅၄၇၄၃

အမည်တစ်ဦးတည်းဖြစ်ကြောင်း

ပျဉ်းမနားမြို့နယ်၊ တံတားဦးကျေးရွာနေ ဦးမြင့်လွင် ၈/စလန(နိုင်)၁၄၉၆၂၉ ၏မိခင် ဒေါ်တင်ညွန့် ၉/ပမန(နိုင်)၀၈၇၁၂၉ (ခ)ဒေါ်ခင်နှင်းရီမှာ အမည်တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့၊ အထက၊ ဆဋ္ဌမတန်း(ခ)မှ မခင်ပြည့်ပြည့်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းစိုး ၅/ကလဝ(နိုင်)၀၄၀၃၉၃ ဖြစ်ပါကြောင်း။ **ဦးထွန်းစိုး ၅/ကလဝ(နိုင်)၀၄၀၃၉၃**

အမည်ပြောင်းခြင်း

ဦးယုံအန်(ခ)ယုံကြူ၏သမီး ရန်ကုန်မြို့ အမေ့အိမ်ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းတွင် ပညာသင်ကြားနေသော မနှင်းဝေဝေဖြိုးအား မပိုင်ဇီဟုပြောင်းလဲခေါ်ပါရန်။ **မပိုင်ဇီ**

ပျောက်ဆုံး

ကျွန်မမျိုးပပလင်း ၁၃/ကမန(နိုင်)၀၆၀၂၄၃ ၏ နိုင်ငံကူးလက်မှတ်-၆၅၀၈၈၆ ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၂၁၀၆၈၈

မိဘအမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အင်ဒိုင်းကြီး အထက၊ အဋ္ဌမတန်းမှ မမွှေးမွှေးထက်၏ မိဘအမည်မှန်မှာ ဦးကျော်စိုးလွင်နှင့် ဒေါ်ငွေးငွေးမြင့်တို့ဖြစ်ပါကြောင်း။

ဦးကျော်စိုးလွင် ၅/ကလထ(နိုင်)၁၃၆၇၇၀
ဒေါ်ငွေးငွေးမြင့် ၅/ကလထ(နိုင်)၁၇၈၆၄၃

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အလက(၃)၊ အဋ္ဌမတန်း(B)မှ မကြည်ပြာလင်းနှင့် ဆဋ္ဌမတန်း(B)မှ မောင်ကောင်းခန့်လင်းတို့၏ ဖခင်အမည်မှန်မှာ ဦးဖာဟွန် ၁၃/ကခန(နိုင်)၀၂၈၂၀၉ ဖြစ်ပါသည်။ **ဦးဖာဟွန်**

ကျော်ငြာ

အထူးကျေးဇူးတင်ရှိခြင်း

ဦးမြင့်လွင်

အသက်(၆၈)နှစ်

၁-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားသော ဦးမြင့်လွင် အသက်(၆၈)နှစ်၏ ၃-၁၂-၂၀၁၃ရက်တွင်ပြုလုပ်သော နာရေးသို့ လိုက်ပါ ပို့ဆောင်ပေးကြသော ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးမှ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း မေးမြန်းအားပေးကြပါသော မိတ်ဆွေများအား လည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမြအေး

ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန

အသက်(၆၅)နှစ်

ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး အသက်(၆၅)နှစ်သည် ၂၉-၁၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တပ်တူတပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်ဇနီး ဒေါ်ရီရီဝင်း မိသားစု
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမြအေး

ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန

အသက်(၆၅)နှစ်

ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး အသက်(၆၅)နှစ်သည် ၂၉-၁၁-၂၀၁၃ရက်(သောကြာနေ့)နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တပ်တူတပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့်ဇနီး ဒေါ်တင်တင်ဝင်း မိသားစု
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမြအေး

ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန

အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊တာမွေမြို့နယ်၊ဇဋ္ဌိလလမ်း၊အမှတ်(၁၆)၊ပထမထပ်(ခြေရင်းခန်း) အကျယ်အဝန်း(၁၃× ၅၅)ခန့်ရှိတိုက်ခန်းအပါအဝင်ကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဒေါ်ဆွေဆွေမြင့်(၁၂/တမန(နိုင်)၀၁၉၆၄၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေပြီးဖြစ်ပါသည်။အရောင်းအဝယ်ကိုကန့်ကွက်မည့်သူရှိပါကဤကြော်ငြာပါပြီး(၇)ရက်အတွင်းကျွန်ုပ်ထံသို့ခိုင်လုံသောအထောက်အထားများဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ပြီးမြောက်သည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ညွှန်ကြားချက်အရ— ဦးခင်မောင်ချို(စဉ် ၈၄၇၈)

LEGAL CONSULTANT

ပြည်တော်သာအိမ်ခြံမြေနှင့်ဥပဒေအကြံပေးလုပ်ငန်း

အမှတ်(၁၂၉/၄)၊ဦးချစ်မောင်လမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း-၄၀၁၂၉၄၊၀၉-၇၃၂၃၆၇၁၇၊၀၉-၇၃၂၄၃၉၈၂၊၀၉-၅၄၀၃၁၄၈

အများသိစေရန်ကြေညာခြင်း

[illegible]

[illegible]

မွန်ပြည်နယ်၊ကျိုက်မရောမြို့နယ်၊(အထက)ညောင်ပင်ဆိပ် ပထမအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

(အထက)ညောင်ပင်ဆိပ် ကျောင်းသား/သူဟောင်းများ၏ပထမအကြိမ်အာစရိယပူဇော်ပွဲကို ၂၀၁၃ခုနှစ် ဒီဇင်ဘာလ ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းစတင်တည်ထောင်ချိန်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)နှစ်ပြည့်ပြီးသည့် ဆရာကြီး၊ဆရာမကြီးများကို ပူဇော်ကန်တော့မည်ဖြစ်ပါ၍ အပူဇော်ခံမည့်ဆရာကြီး၊ဆရာမကြီးများ အမြန်ဆက်သွယ်ကြရန်နှင့်ပူဇော်ကန်တော့ခြင်းအတွက် လှူဒါန်းလိုသည့် ကျောင်းသား/သူများ (မည်သည့်နှစ်မဆို)အနေဖြင့် အောက်ဖော်ပြပါ ကျောင်းသားဟောင်းများထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်ရန်–

၁။ဆရာမဒေါ်ဟန်ရွှေ(၀၉–၅၆၆၀၈၅၁)

၂။ဆရာမဒေါ်ဆင့်ဆင့်သိန်း(၀၉–၈၆၁၄၂၀၇)

၃။ဆရာမဒေါ်နုနုရီ(၀၉–၄၀၁၆၅၂၆၈၀)

၄။ဦးခင်ဇော်ဦး(၀၉–၃၃၃၄၄၂၄၃)

၅။ဦးအောင်စိုးထွန်း(၀၉–၄၂၅၃၆၀၃၆၉)

၆။ဦးမျိုးမင်းသိန်း(၀၉–၄၂၀၀၀၄၅၉)

၇။ဦးသူရကျော်(၀၉–၄၂၅၃၃၅၉၃၅)

၈။ဦးအောင်နိုင်စိုး(၀၉–၅၆၆၁၆၉၀)

ဆက်သွယ်ရန်ကျန်ရှိသည့်ဆရာ/ဆရာမများ–

၁။ဒေါ်မေမေတင်

၂။ဒေါ်မြင့်မြင့်သန်း

၃။ဒေါ်တင်ဦး

၄။ဒေါ်ရွှေယင်းမာ

၅။ဒေါ်ရှုကြည်

၆။ဒေါ်မြင့်မြင့်သိန်း

၇။ဦးမောင်ကြီး

၈။ဒေါ်ခင်နွယ်ဦး

၉။ဦးမိုးညွန့်

ပျောက်ဆုံးကြောင်း

ကျွန်တော်တင်မောင်အေး CDC-၂၅၇၃၈ ၏ Ship Security Officer Certificate No-Cop-05178 သည် ၃၀-၁၁-၂၀၁၃ ရက်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၅၆၉၁၁၇

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်မင်း ၉/ညဥန(နိုင်)၀၄၅၂၀၅ ၏ ပတ်စပို့နံပါတ် မမှတ်မိမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၃၃၄၇၆၉၁၁

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံးကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂) ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌ ၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်–၃၃၈ နှင့်ဆက်သွယ်သည့် ၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်–၁၆၅

ဦးမြင့်သိန်း နှင့် ဦးသက်ဦး

ဒီကရီအနိုင်ရသူ တရားခံ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဦးလွန်းလမ်း၊ အမှတ် ၄၆နေ ဦးသက်ဦး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်–၃၃၈ တွင် ကျရှိသည့် ဒီကရီကိုအတည့်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၇ရက် မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ဝင်း)

ဒုတိယခရိုင်တရားသူကြီး–၂

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အင်းစိန်ဗဟိုလမ်းအနီး ကြို့ကုန်းအနောက်ရပ်ကွက် (အားကစားကွင်းရှေ့) ရှက်လှလမ်းအမှတ် - ၅၀၆ မြေကွက်ဝယ်မည် ကန့်ကွက်နိုင်သည်။

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြို့ကုန်းအနောက်ရပ်ကွက်၊ ရှက်လှလမ်း၊ အမှတ် - ၅၀၆၊ မြေအကျယ် (အလျား ၂၇ပေ × အနံ ၄၅ပေ) (ခန့်မှန်း) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တရားဝင်ပိုင်ဆိုင်နေထိုင်ခဲ့သူ "ဒေါ်နီနီဇ" ထံမှ "ဒေါ်ဝင်းရီ (ခ) ချိုကြီး" ကလည်းကောင်း၊ "ဒေါ်ဝင်းရီ" ထံမှ "ဦးဗိုင်းလိုန်" ကလည်းကောင်း၊ အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ကြောင်း ဝန်ခံကတိပြုပါ သည်။ ယခုအခါ ၎င်းလက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ဦးဗိုင်းလိုန် (၅/ကလထ (နိုင်) ၀၂၅၉၄၆) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ "ဦးမြင့်ဋ္ဌေး" က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တဒေသကို စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

ယင်းမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်း (မူရင်း) များဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။ အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ခေတ္တရာမြင့်အောင် (LL.B, DML) (လွှတ်တော်ရှေ့နေ မောင်ကောင်းဖေ)

[illegible] (LL.B, DIL, DIR, DML)

ဦးတင်မောင်မြင့် LL.B, DIL

တရားလွှတ်တော်ရှေ့နေများ

Emperor Law Firm နှင့် **"မြို့စားကြီးမောင်ကောင်း"** အိမ်ခြံမြေအကျိုးဆောင်

အမှတ် - ၈၃/၁၆ (B)၊ တတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့

ဖုန်း - ၀၉-၇၃၀၁၉၅၀၆, ၀၉-၄၉၃၁၅၆၅၁, ၀၉-၄၃၁၆၄၁၉၁

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

သားငယ်စွမ်းဆောင်ဦး၏ ၆-၁၂-၂၀၁၃ ရက်တွင် ကျရောက်သော (၂၅)နှစ် ပြည့်မြောက်သည့် မွေးနေ့ရက်မြတ်မှ ဘဝတစ်သက်တာလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပြီး အမျိုးဘာသာ သာသနာအကျိုးထမ်းဆောင်နိုင်၍ ဘဝနှင့်ဆန္ဒ တစ်ထပ်တည်းကျကာ အောင်မြင်မှုပန်းတိုင်သို့ အရောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ချစ်သောဖေဖေနှင့်မေမေ ဦးထွန်းထွန်းဦး-ဒေါ်တင်တင်ဝင်း
ကိုကြီး-ဗိုလ်ကြီးဉာဏ်ရဲဦး
ညီမလေး-မြတ်နိုးဦး

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၄၀၀၊ မြေကွက်တည်နေရာအမှတ် ၄၀၀၊ မင်းခေါင်လမ်း၊ ၆ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ခင်မြ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်မြထံမှ ပိုင်ဆိုင်ကြောင်းစာချုပ် ၁၄၇၆ (၂၅-၆-၀၈) ဖြင့် ရရှိသူ ဒေါ်ခင်တင့် ၁၃/တခလ (နိုင်)၀၁၂၉၁၂၊ ဦးစိုးလွင် TKI-၀၃၁၅၂၈၊ ဦးမြင့်ထွေး ၁၂/ဥကတ(နိုင်)၀၅၀၃၄၀၊ ဦးမြအေး ၁၂/ဥကတ(နိုင်)၀၈၉၃၉၉ တို့ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၆၃၂၁ (၂၆-၆-၀၈)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဦးကိုကိုဇော် ၁၂/ဥကတ(နိုင်)၀၀၅၄၉၀က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၁၄၄ (၁၈-၁၁-၁၃)ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၁၄၈၊ ဇရိယာ ၀ ဒသမ ၂၄၈ ဧကခန့်ရှိ အမည်ပေါက် ဧကမ္ဗာကုမ္ပဏီထံမှ အဆင့်ဆင့်ဝယ်ယူထားသူ ဒေါ်စန္ဒာမြင့် ၉/လဝန(နိုင်) ၁၂၃၉၅၈ က မြေငှားစာချုပ်(ဂရန်)ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမှုရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်) ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ၁၀ မိုင်၊ အောင်စေတီလမ်းသွယ်(၃)၊ အမှတ် ၅၃(က)ရှိ အကျယ်အလျားပေ(၅၄×၄၈)× အန်ပေ(၃၀×၃၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးရဲမြင့် ၁၂/အစန(နိုင်)၀၅၅၆၂၃ က ပိုင်ဆိုင်ပြီး ရောင်းချလိုသည်ဟု ကမ်းလှမ်းရာ ကျွန်ုပ်ဒေါ်ကြည်ကြည်လင်းက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ကြည်ကြည်လင်း
DL-၀၁၃၂၉၅
ဖုန်း-၀၉-၅၁၂၉၄၈၂၊ ၀၁-၆၄၇၈၄၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းအမှတ် ၂၈၊ မြေကွက်အမှတ် ၃၃အား အမည်ပေါက်ပိုင်ဆိုင်သူ ဒုတိယဗိုလ်မှူးကြီး စောလျှံထူး(ငြိမ်း)ထံမှတစ်ဆင့် ဝယ်ယူထားသည့် ဒေါ်ခင်ဝင်းကြည် ၁၂/ကတတ(နိုင်)၀၁၇၆၆၃ က နှစ်(၆၀) မြေငှားစာချုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမှုရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးလင်းထွန်းမြင့်-ဒေါ်ခင်ဆွေဝင်းတို့၏ သားကြီး

ဒေါက်တာမျိုးသက်ပိုင်လင်း

M.B.,B.S (Ygn)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဦးညီညီမောင်-ဒေါ်မို့မို့အေးတို့၏ သမီးငယ်

ဒေါက်တာမေပိုင်ဇင်

M.B.,B.S (Ygn)

တို့၏ ၁-၁၂-၂၀၁၃ ရက်တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာညစာခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ဆင်မြန်းပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များနှင့် မင်္ဂလာရွှေဆွဲကြိုးများ ဆင်မြန်းပေးပါသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်ဇနီး ဒေါ်နန္ဒာမွန်း၊ ညွှန်ကြားရေးမှူးချုပ်၊ သမိုင်းသုတေသနဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနတို့အား လည်းကောင်း၊ မင်္ဂလာညစာခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏မိသားစု၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးကိုကို၏ဇနီး ဒေါ်စဝ်နွမ်းခွန်စံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၏ဇနီး ဒေါ်စုညွန့်ဦး၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး(ငြိမ်း) သီရိပျံချီ ဦးကိုလေးနှင့်ဇနီး ဒေါ်ခင်ခင်၊ ပြန်ကြားရေးဝန်ကြီး (ငြိမ်း) ဗိုလ်ချုပ်အေးကျော်၏ဇနီး ဒေါ်လှမူ၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးလှမြင့်နှင့်ဇနီး ဒေါ်ခင်အေးနွယ်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၏ဇနီး ဒေါက်တာခင်သီရိ၊ မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးနှင့်ဇနီး ဒေါ်မြင့်မြင့်ခိုင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့်ဇနီး ဒေါ်ကြူကြူစိုးနှင့် အခြားရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟတို့အားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးကြသော စစ်တက္ကသိုလ်အပတ်စဉ် ၁၉ မှ သူငယ်ချင်းများနှင့်ဇနီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်၊ ဌာနမှူးများနှင့်ဇနီးများ၊ အငြိမ်းစား ကော်မတီဝင်၊ ဌာနမှူးများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး တေးသံရှင် ဒေါ်ရီရီသန့်၊ မင်္ဂလာပန်းများ ကြဲဖြန့်ပေးပါသော မဆုမြတ်စန္ဒီသော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများ ကိုင်ဆောင်ပေးသော ဒေါက်တာငြိမ်းစုထွန်း၊ ဒေါက်တာမေမြတ်ဝေ၊ သတို့သားအရံများဖြစ်သော ဒေါက်တာစည်သူထွန်း၊ မောင်မိုးသက်နိုင်လင်း၊ သတို့သမီးအရံများဖြစ်သော ဒေါက်တာမေမေတာ၊ မဖြိုးအိနိုင်၊ မိတ်ကပ်နှင့်ဆံပင်အလှ လင်းလင်း (Makeup Artist) နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံများ ဆင်မြန်းပေးပါသော Aroma, Designer Ruby နှင့် Cairo Tailoring ၊ လက်ဝတ်ရတနာ ဆင်မြန်းပေးသော "ဆုဆုစံ" (ဗိုလ်ချုပ်ဈေး)၊ မင်္ဂလာဖိနပ်များကို မေတ္တာဖြင့် စီစဉ်ပေးသော ပြေလည်ဖိနပ်တိုက်၊ မင်္ဂလာဖိတ်စာများအား စိတ်တိုင်းကျ ဆောင်ရွက်ပေးသော Dagon Printing & Invitation Cards ၊ မှတ်တမ်းတင်ဗီဒီယိုနှင့်ဓာတ်ပုံများ ရိုက်ကူးပေးသော Forever Studio နှင့် ပတ္တမြားဓာတ်ပုံတိုက်၊ မင်္ဂလာပန်းအလှဆင်ပေးသော Rosana Floral တို့အားလည်းကောင်း၊ မင်္ဂလာပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းမိသားစုများ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းမိသားစုများ၊ မိတ်ဆွေများနှင့် ၁၇-၁၁-၂၀၁၃ ရက်တွင် Sedona Hotel (Mindon Hall) ၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာနာယကကြီးများအဖြစ် ဆောင်ရွက်ပေးပါသော သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း၊ ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မင်္ဂလာအသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်မှူးကြီးသန်းမြင့်(ငြိမ်း)နှင့် ဗိုလ်မှူးကြီးသော်ဇင်(ငြိမ်း)တို့အားလည်းကောင်း၊ ၂၄-၁၁-၂၀၁၃ ရက်တွင် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ တက်ရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
ဒေါက်တာမျိုးသက်ပိုင်လင်း-ဒေါက်တာမေပိုင်ဇင်

ကန့်ကွက်နိုင်ပါသည်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ တိုက်အမှတ်(A3-1)၊ အခန်းအမှတ်(၉၀၂)အား ဒေါ်ခင်သန်းအေး ၁၂/ပဘတ(နိုင်)၀၁၈၉၂၆ အမည်ဖြင့် အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာထုတ်ပေးပါရန် မောင်ဝိတ်နှင့်မိသားစုကုမ္ပဏီလီမိတက်မှ လျှောက်ထားလာပါသည်။

ကန့်ကွက်ရန်ရှိပါက စာရွက်စာတမ်းများတင်ပြ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အမှားပြင်ဆင်ဖတ်ရှုပါရန်

၂၄-၂-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ အချပ်ပို(ဃ)ပါ ကြော်ငြာကဏ္ဍတွင် ဦးနေဝင်းအောင်(ခ)ဦးနေဝင်းပါ(၄)ဦး၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ဖော်ပြထားသော ဦးပိုင်အမှတ်(၅၂)၊ ကွင်းအမှတ်(၄၁၈/အေ) အစား မြေတိုင်းအမှတ်(၄၁၄/အေ)၊ မြေကွက်အမှတ်(၅၃)ဟု ပြင်ဆင်ဖတ်ရှုပါရန်

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထောင်းလေ့ကျွဲအို ၄/ဖလန(နိုင်)၀၂၁၁၀၀၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၃၃၅၀၁၅၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သာမုအိမ်ရာ၊ အိမ်ရာစီမံကိန်း၊ တိုက်အမှတ် ၆၊ အခန်းအမှတ် ၃၀၂ ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်ခင်သူဇာမော် ထံမှ ဒေါ်စီစီလွင်က တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	လျှောက်ထားသူ အမည်	လျှောက်ထားသူ မှတ်ပုံတင်	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဒေါ်စိန်ရီ	၁၂/လကန(နိုင်)၀၅၄၀၈၆	ဒဂုံမြောက်	၄၇	၅၅၀	ဦးသန်းလှ	၅၅၀၊ (၄၇)ရပ်ကွက်၊ ဒဂုံမြောက်	ဂရန်သစ်
၂။	ဦးစိန်မြင့်+၁	၁၂/မရက(နိုင်)၀၈၉၀၅၆	မရမ်းကုန်း	၁တိုးချဲ့	၁၈၂	ဦးညီငယ်	၁၈၆၊ မြို့သစ်(၅)လမ်း၊ (၁)ရပ်ကွက်	ဂရန်သစ်
၃။	ဒေါ်အေးအေးမော်	၁၂/ရကန(နိုင်)၀၃၀၅၅၂	ဒဂုံမြောက်	၄၀	၁၇၆/ထ	ဦးရှိန်ဝင်း	ထ/၁၇၆၊ ရာဇဓိရာဇ်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြောက်	မြေပုံကူး
၄။	ဒေါ်အေးအေးမော်	၁၂/ရကန(နိုင်)၀၃၀၅၅၂	ဒဂုံမြောက်	၄၀	၁၇၅/ထ	ဦးရှိန်ဝင်း	ထ/၁၇၅၊ ရာဇဓိရာဇ်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြောက်	မြေပုံကူး
၅။	ဦးရှိန်ဝင်း	၁၂/သကတ(နိုင်)၁၀၀၂၂၁	ဒဂုံဆိပ်ကမ်း	၈၃	၈၅၆	ဒေါ်သန်းသန်းဝင်း	၈၅၆၊ (၈၃)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၆။	ဦးသန်းနိုင်	၁၃/ကမန(နိုင်)၀၇၁၁၃၁	ဒဂုံဆိပ်ကမ်း	၇၈	၄၆၆	ဦးခင်ညွန့်	၄၆၆၊ (၇၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၇။	ဦးသန်းနိုင်	၁၃/ကမန(နိုင်)၀၇၁၁၃၁	ဒဂုံဆိပ်ကမ်း	၇၈	၄၆၅	ဦးသိန်းအောင်	၄၆၅၊ (၇၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၈။	ဦးရန်ကြားချင်	၁၃/လရန(နိုင်)၀၈၃၅၁၂	ဒဂုံဆိပ်ကမ်း	၇၈	၅၆၈	ဦးသောင်းတင်	၅၆၈၊ (၇၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၉။	ဒေါ်လုစင်	၁၃/လရန(နိုင်)၀၈၄၃၁၀	ဒဂုံတောင်	၁၄၁/၂	၂၃၅+၂၃၆	ဒေါ်တင်ဆန်း	၂၃၅+၂၃၆၊ (၁၄၁/၂)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်
၁၀။	ဒေါက်တာအောင်နိုင်+၁	၁၂/ဗဟန(နိုင်)၀၀၇၁၁၇	တောင်ဥက္ကလာ	၈	၈၉/က	ဦးညီညီသိန်း	၈၉/က၊ (၃)လမ်းနှင့်(၆)လမ်းထောင့်၊ (၈)ရပ်ကွက်	မြေပုံကူး
၁၁။	ဒေါ်ခင်လှရီ+၆	၁၂/လမန(နိုင်)၁၁၈၇၄၉	လှိုင်	၁၄ ၁	၃၁	ဒေါ်ဝါဝါသန်း+၇	၁၄၈၊ သုခလမ်း၊ (၈)ရပ်ကွက်	အမည်ပြောင်း
၁၂။	ဒေါ်တင်တင်အေး+၁	၃/ဘအန(နိုင်)၀၁၄၂၁၉	မင်္ဂလာတောင်ညွန့်	၄E ၁	၁B /၃၉	ဒေါ်ကြည်ကြည်စိန်	၁ဘီ/၃၉၊ ဂန္ဓမာ(၄)လမ်း	အမည်ပြောင်း
၁၃။	ဒေါ်တင်တင်အေး+၁	၃/ဘအန(နိုင်)၀၁၄၂၁၉	မင်္ဂလာတောင်ညွန့်	၄E ၂	၁B /၃၈	ဒေါ်သန်းသန်းအေး	၁ဘီ/၃၈၊ ဂန္ဓမာ(၄)လမ်း	အမည်ပြောင်း
၁၄။	ဒေါ်ရွှေဇင်အိ+၁	၁၀/သထန(နိုင်)၀၉၃၅၇၇	မြောက်ဥက္ကလာ	ဃ	၈ ၁/၂	ဦးလှမြင့်	၈ ၁/၂ ၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာ	အမည်ပြောင်း
၁၅။	ဦးမောင်မောင်အေး	၁၂/လသန(နိုင်)၀၂၀၃၈၉	ဒဂုံဆိပ်ကမ်း	၉၀	၁၁၈၄	ဦးအောင်ကျော်ဝင်း	၁၁၈၄၊ ကမ်းအပ်သာမင်းသားလမ်း၊ (၉၀)ရပ်ကွက်	အမည်ပြောင်း
၁၆။	ဦးကိုကိုနိုင်	၁၀/မလမ(နိုင်)၁၆၇၄၁၇	ဒဂုံဆိပ်ကမ်း	၇၉	၆၆၅	ဒေါ်မြင့်ကြည်	၆၆၅၊ ၇၉၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၇။	ဦးတင်လှိုင်	၁၂/တမန(နိုင်)၁၀၀၄၀၅	ဒဂုံဆိပ်ကမ်း	၇၇	၉၃၁	ဦးသိန်းခင်	၉၃၁၊ (၇၇)၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၈။	ဦးရာကျော်+၄	၁၂/တမန(နိုင်)၀၃၇၉၉၃	တာမွေ	၄အေ(အက်စ်၉၂)	၁၅၆	မောင်ကျင်ဝှက်+၁	၁၀၊ နတ်ချောင်း(၁)လမ်း၊ တာမွေမြို့နယ်	အမည်ပြောင်း
၁၉။	ဒေါ်ညိမ်းရှင်	၁၂/ကမတ(နိုင်)၀၄၂၂၀၅	ကြည့်မြင်တိုင်	၂၅အီး၆	V ၁၁၁	ဦးမြူ	၉၃၊ ကုက္ကိုလမ်း	အမည်ပြောင်း
၂၀။	ဒေါ်သန်းစိန်	၁၂/ပဇတ(နိုင်)၀၀၉၁၉၀	ဒဂုံမြောက်	၃၄	၃၇၆	ဒေါ်ဇင်မာမြင့်	၃၇၆၊ (၃၄)ရပ်ကွက်၊ ဒဂုံမြောက်	အမည်ပြောင်း

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာ့အလင်း

27th SEA GAMES MYANMAR 2013 NAY PYI TAW

<၂၇>ကြိမ်မြောက်
အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲ အထူးကဏ္ဍ

27th Sea Games Special

2013, December 6, Friday

ဝါတာပိုလိုပြိုင်ပွဲ မြန်မာနှင့်ထိုင်း ယနေ့စတင်ယှဉ်မည်

သတင်း - ဝေယံဦး
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

နေပြည်တော် ဒီဇင်ဘာ ၅

နေပြည်တော်တွင် ကျင်းပလျက်ရှိသော (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အားကစားပြိုင်ပွဲများကို နေပြည်တော်၏ ပြိုင်ပွဲရုံအချို့တွင် ဒီဇင်ဘာ ၄ ရက်က စတင်ကျင်းပနေပြီဖြစ်ရာ ဝါတာပိုလိုပြိုင်ပွဲကိုလည်း ဒီဇင်ဘာ ၆ ရက်**(ယနေ့)**မှ စတင်ကျင်းပမည်ဖြစ်သည်။

ဝါတာပိုလိုပြိုင်ပွဲကို နေပြည်တော် ဇေယျာသီရိ ရေကူးကန်တွင် ဒီဇင်ဘာ ၆ရက် ညနေ ၄နာရီမှစတင်ကာ ပထမပွဲစဉ်အဖြစ် မြန်မာနှင့် ထိုင်းကစားသမားများ အကြိတ်အနယ် စတင်ဆင်နွှဲကြမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မြန်မာဝါတာပိုလိုကစားသမားများသည် အဖြူရောင်ဝတ်စုံဝတ်ဆင်၍ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ထို့အတူ ထိုင်းနိုင်ငံ ဝါတာပိုလိုကစားသမားများက အပြာရောင်ဝတ်စုံဝတ်ဆင်၍ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဒီဇင်ဘာ ၆ ရက် ညနေ ၆ နာရီတွင် ဝါတာပိုလို ဒုတိယပြိုင်ပွဲအဖြစ် စင်ကာပူအသင်းနှင့် မလေးရှားအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

စင်ကာပူဝါတာပိုလိုအသင်းက အဖြူရောင်ဝတ်စုံဝတ်ဆင်ယှဉ်ပြိုင်ပြီး မလေးရှားအသင်းက အပြာရောင်ဝတ်စုံဖြင့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဒီဇင်ဘာ ၆ရက် အင်ဒိုနီးရှား ဝါတာပိုလိုကစားသမားများ ပြိုင်ပွဲ ပွဲစဉ်မရှိဘဲ အနားရရှိမည်ဖြစ်သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ဝါတာပိုလိုပြိုင်ပွဲသို့ အရှေ့တောင်အာရှနိုင်ငံများမှ ပြိုင်ပွဲဝင်အသင်းငါးသင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းများသည် ဒီဇင်ဘာ ၆ ရက်၊ ၇ ရက်၊ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ပွဲစဉ်အလိုက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဝါတာပိုလိုပြိုင်ပွဲဝင်အသင်းများသည် အသင်းလိုက် ပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ရာ မြန်မာဝါတာပိုလိုကစားသမားများသည် ပြိုင်ဘက်များကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပန်ကြပ်ဆီလတ်အားကစား မြန်မာတို့ ရွှေသုံးဆုမျှော်မှန်း စာ-၂

ကြက်တောင်ရိုက်ပြိုင်ပွဲ ရှစ်နိုင်ငံမှ ကစားသမား ၁၀၀ ခန့် ပါဝင်ဆင်နွှဲ စာ-၂

ဆီးပါးဘောလုံးပြိုင်ပွဲအတွက် မြန်မာအမျိုးသမီးအသင်း အပြီးသတ်ပြင်ဆင် စာ-၃

အားကစားပွဲတော်ကာလဝန်းကျင်၌ဈေးနှုန်းများမြင့်တက်လာ

စားသောက်ဆိုင်များနှင့် ရွှေ့လျားဈေးဆိုင်များ၏ ဈေးနှုန်းများ ပုံမှန်ထက် တစ်ဆခန့်မြင့်တက်လာခြင်းကြောင့်....

ဆုရရှိရန် အစွမ်းကုန်ကြိုးပမ်းနေသောမြန်မာဂေါက်သီးအားကစားအသင်း

ဓာတ်ပုံ
ကိုမျိုး(ရွှေပေါ...)

နေပြည်တော် ဒီဇင်ဘာ ၅

လက်ရှိထျင်းပလျက်ရှိသော (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် မြန်မာဂေါက်သီးအားကစားအသင်း အနေဖြင့်လည်း ဆုရရှိအောင် အစွမ်းကုန်ကြိုးစားနေကြောင်း သိရသည်။ မြန်မာဂေါက်သီးအားကစားအသင်းအနေဖြင့် (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အင်ဒိုနီးရှားတွင် မျက်နှာပန်းမလှခဲ့ပေမယ့် ယခု (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဆုရယူနိုင်ရန် ပြင်းပြင်းထန်ထန်အားမာန်အပြည့်ဖြင့် ကြိုးစားလေ့ကျင့်လျက်ရှိသည်။ ယခုပါဝင်ယှဉ်ပြိုင်သည့် မြန်မာဂေါက်သီး အားကစားအသင်းတွင် လက်ရွေးစင်အားကစားသမားဟောင်းများဖြစ်သည့် ရဲထက်ကျော်နှင့် သိန်းနိုင်စိုးတို့ ပါဝင်မည့်ဖြစ်ကြောင်း၊ ဂေါက်ရိုက်လေ့ကျင့်ခြင်း အနေဖြင့် နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်လေ့ကျင့်ပြီး မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၄ နာရီထိ တစ်ကြိမ်၊ တစ်နေ့နှစ်ကြိမ်လေ့ကျင့်မှုများပြုလုပ်နေကြောင်း၊ ပြိုင်ပွဲရက်နီးလာသည့်အတွက် ပုံမှန်လေ့ကျင့်မှုများသာပြုလုပ်လျက်ရှိကြောင်း မြန်မာဂေါက်သီးအားကစားနည်းပြ ဦးကိုကိုလေးက ပြောကြားသည်။

မြန်မာဂေါက်သီးအားကစားသမားများကို စက်တင်ဘာလကတည်းက စခန်းသွင်း လေ့ကျင့်ထားကြောင်း၊ ဂေါက်သီးအားကစားနည်းတွင် အမျိုးသားတစ်ဦးချင်း၊ အမျိုးသား အသင်းလိုက်နှင့် အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသမီးအသင်းလိုက်ဟူ၍ နှစ်မျိုး ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဆုတံဆိပ်အနေဖြင့် ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ်လေးခုချီးမြှင့်သွားမည်ဖြစ်သည်။ **စာမျက်နှာ ၄ »**

ဆီးဂိမ်းအားပေးနိုင်ရေး နေပြည်တော်နယ်မြေ၌ ယာဉ်လိုင်းများစီစဉ်ထား

နေပြည်တော် ဒီဇင်ဘာ ၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပနေစဉ်ကာလအတွင်း အားကစားပြိုင်ပွဲများတွင် အားပေးကြည့်ရှုကြမည့် ပြည်သူများ သွားလာမှုလွယ်ကူစေရန်အတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့တွင်းယာဉ်လိုင်းငါးလိုင်းမှ ယာဉ်စီးရေ ၁၃၀ သည် ဝဏ္ဏသိဒ္ဓိ၊ ငါးလိုက်ဆည်၊ ဇေယျာသီရိ၊ လယ်ဝေးမြို့နယ်များရှိ မော်တော်ယာဉ်ဂိတ်များမှ အားကစားရုံများသို့လည်းကောင်း၊ အထူးယာဉ်လိုင်း လေးလိုင်းမှ ယာဉ်စီးရေ ၁၀၂ စီးဖြင့် နေပြည်တော် ဘုတာကြီး၊ မြို့မဈေး၊ ဘောဂသီရိ ကားကြီးဝင်းတို့မှ အားကစားရုံများသို့လည်းကောင်း၊ စင်းလုံးငှား Taxi ယာဉ်အသင်းရှစ်သင်းမှ ယာဉ်စီးရေ

စာမျက်နှာ ၄ »

ဝါတာပိုလိုပြိုင်ပွဲအတွက် မြန်မာတို့ အကောင်းဆုံးပြင်ဆင်

နေပြည်တော် ဒီဇင်ဘာ ၅

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာဝါတာပိုလိုအားကစားသမားများအနေဖြင့် ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် အပြင်းအထန် လေ့ကျင့်ထားကြောင်း မြန်မာနိုင်ငံဝါတာပိုလိုအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ ဒီပြိုင်ပွဲမှာ မြန်မာဝါတာပိုလို အားကစားသမားများအနေဖြင့် မိမိတို့ရဲ့အိမ်ကွင်း ပရိသတ်ရှေ့မှောက်မှာ ကစားရတဲ့ ပြိုင်ပွဲဖြစ်တဲ့အတွက် အကောင်းဆုံးယှဉ်ပြိုင်သွားနိုင်ဖို့ ပြင်ဆင်ထားပါတယ်။ ပြိုင်ပွဲမှာ အထိုက်အလျောက် အောင်မြင်မှု ရရှိအောင်လည်း ကြိုးစားထားပါတယ်။ ဒီပြိုင်ပွဲကနေ တစ်ဆင့် ကျွန်တော်တို့ဝါတာပိုလို ကစားသမားတွေအတွက် အတွေ့အကြုံကောင်းများ ရယူနိုင်ပါလိမ့်မယ်" ဟု တာဝန်ခံ ဦးချိုမောင်က ပြောသည်။

ဓာတ်ပုံ - ထင်နိုင်(မြန်မာ့အလင်း)

"ကျွန်တော်တို့ ဒီပြိုင်ပွဲမှာ အိမ်ရှင်နှင့်မြန်မာ အပါအဝင် နိုင်ငံပေါင်း ငါးနိုင်ငံက ပါတာပိုလို အားတစားသမားတွေ ပင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ မြန်မာရဲ့ အဓိက ပြိုင်ဘက်တွေကတော့ ထိုင်းနဲ့ စင်ကာပူဖြစ်ပါတယ်။ ပြိုင်ပွဲမှာ အကောင်းဆုံး ယှဉ်ပြိုင်နိုင်ဖို့ ကြိုးစားထားပါတယ်" ဟု ၎င်းက ဆက်လက်ရှင်းလင်းပြသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပမည့် ပါတာပိုလိုပြိုင်ပွဲများကို ဒီဇင်ဘာ ၆ ရက်မှ ၁၆ ရက်အထိ ဇေယျာသီရိရေကူးကန်၌ ကျင်းပသွားမည် ဖြစ်သည်။ ဇေယျာသီရိရေကူးကန်တွင် ပါတာပိုလိုတစ်မျိုးတည်းကိုသာ အဓိကထားကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ကျန်ရှိရေကူးနှင့် ဒိုင်ဗင်အားကစားနည်းများကို ဝဏ္ဏသိဒ္ဓိရေတူးကန်၌ ကျင်းပသွားမည်ဖြစ်သည်။ သို့ရာတွင် ဇေယျာသီရိရေကူးကန်တွင် ဒိုင်ဗင်ပြိုင်ပွဲကျင်းပရန် ပါရှိသည့်အပြင် ရေကူးကန်၏ အပြင်ဘက်တွင် သီးခြားအမိုးမပါ ရေကူးကန်တစ်ခုကိုလည်း ထည့်သွင်းတည်ဆောက်ထားသဖြင့် ရေကူးပြိုင်ပွဲများနှင့် ဝါတာပိုလိုပြိုင်ပွဲများအတွက် လေ့ကျင့်မှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။

ဝါတာပိုလိုပြိုင်ပွဲများ

ဒီဇင်ဘာ ၆ ရက်

မြန်မာ	Vs	ထိုင်း
စင်ကာပူ	Vs	မလေးရှား

ဒီဇင်ဘာ ၇ ရက်

ထိုင်း	Vs	မလေးရှား
မြန်မာ	Vs	အင်ဒိုနီးရှား

ဒီဇင်ဘာ ၈ ရက်

မလေးရှား	Vs	အင်ဒိုနီးရှား
ထိုင်း	Vs	စင်ကာပူ

ဒီဇင်ဘာ ၉ ရက်

အင်ဒိုနီးရှား	Vs	စင်ကာပူ
မလေးရှား	Vs	မြန်မာ

ဒီဇင်ဘာ ၁၀ ရက်

စင်ကာပူ	Vs	မြန်မာ
အင်ဒိုနီးရှား	Vs	ထိုင်း

မောင်ရွှေရိုး

ဆီးဂိမ်းသတင်

■ နိုင်ငံခြားသားများအတွက် လက်

ဆီးဂိမ်းဖွင့်ပွဲ၊ပိတ်ပွဲအခမ်းအနားသို့ ပြ ကြည့်ရှုသူပေါင်း ၄၀၀၀ လာရောက်ရန်မျှော် ၄၀၀၀ နိုင်ငံခြားသားများအတွက် ပြင်ဆ ဝန်ကြီးဌာနမှ သိရသည်။

■ အင်ဒိုနီးရှားမြားပစ်အဖွဲ့ လေ့

အင်ဒိုနီးရှားမြားပစ်အဖွဲ့သည် ပြိုင်ပွဲမစ ဒီဇင်ဘာ ၇ ရက်မှစတင်ကာ ဝဏ္ဏသိဒ္ဓိ လာရောက်ကာလေ့ကျင့်မှုများ ပြုလုပ်သွား

■ စင်ကာပူမြားပစ်အဖွဲ့ လေတိုက်

စင်ကာပူနိုင်ငံမှ မြားပစ်အဖွဲ့သည် ခြောက်ရက်အလို ဒီဇင်ဘာ ၇ ရက်မှစတင်က plex သို့ လာရောက်ကာ လေတိုက်နှုန်း ပြုလုပ်သွားမည်ဟု သက်ဆိုင်ရာက သတ

■ ဆီးဂိမ်းတွင် မြန်မာအားကစားသ

(၂၇)ကြိမ်မြောက် ဆီးဂိမ်းကို မြန်မာနိုင် ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၁၁ ရက်မှ ၂ တွင် ဒေသတွင်း အားကစားသမား ၆၀၀၀ တို့တွင် အိမ်ရှင်မြန်မာနိုင်ငံမှ အားကစား မည်ဖြစ်ကြောင်း သိရသည်။

■ ဆီးဂိမ်းသို့ တရုတ်ကျွမ်းကျင်ပ

ဆီးဂိမ်းပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ ကျွမ်း ထားကြောင်း သိရသည်။ ယင်းတို့သည် နည် အားကစားမန်နေဂျာများအဖြစ်လည်းကော နည်းပညာကျွမ်းကျင်သူများအဖြစ်လည်း ပါဝင်ကူညီပေးလျက်ရှိသည်။ တရုတ်နိ အားကစားသမားများ၊ နည်းပြများနှင့် ကြောင်း သိရသည်။

ပန်ကြပ်ဆီလတ်အားကစား မြန်မာတို့ ရွှေသုံးဆုမျှော်မှန်း

နေပြည်တော် ဒီဇင်ဘာ ၅

ပန်ကြပ်ဆီလတ်ခေါ် လက်သိုင်းအားကစားပြိုင်ပွဲသည်လည်း အနည်းဆုံး အိမ်ရှင်မြန်မာအတွက် ရွှေတံဆိပ်ဆုသုံးလေးဆု ဆွတ်ခူးသွားရန်မျှော်လင့်ထားကြောင်း မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်အနေနဲ့ ဒီပြိုင်ပွဲမှာ ဆုတံဆိပ်ဆွတ်ခူးနိုင်ဖို့ မျှော်လင့်ထားပါတယ်။ မြန်မာပန်ကြပ်ဆီလတ်အားကစားသမားများအနေဖြင့် အပြင်းအထန်လေ့ကျင့်လျက်ရှိပါတယ်။ အမျိုးသား ၁၆ ဦးနဲ့ အမျိုးသမီးငါးဦး ရွေးချယ်လေ့ကျင့်ထားပါတယ်။ ပြိုင်ပွဲမှာ အတိုက်ပြိုင်ပွဲ ခုနစ်မျိုးနဲ့ အတိုက် ငါးမျိုးယှဉ်ပြိုင်မှာပါ။ ပြိုင်ပွဲမှာ ဆုထံဆိပ် ၁၂ ခု ပေးသွားမှာဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။

ပန်ကြပ်ဆီလတ်ပြိုင်ပွဲများကို နေပြည်တော်ဇေယျာသီရိအားကစားရုံ (B) တွင် ဒီဇင်ဘာ ၁၀ ရက်မှ ၁၅ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပန်ကြပ်ဆီလတ်အားကစားနည်းသည် အသစ်ဖြစ်သော်လည်း မြန်မာတို့၏ လက်သိုင်းကစားနည်းနှင့်တူ၍ မြန်မာကစားသမားများ ပြိုင်ပွဲနှင့် အကျွမ်းတဝင်ရှိသော အားကစားနည်းပင်ဖြစ်သည်။ ပြိုင်ပွဲတွင် မြန်မာပန်ကြပ်ဆီလတ်အဖွဲ့အနေဖြင့် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲများဆုတံဆိပ်ဆွတ်ခူးရန် မျှော်လင့်ထားသည်။

ကြံတိုင်းအောင်

ကြက်တောင်ရိုက်ပြိုင်ပွဲ ရှစ်နိုင်ငံမှကစားသမား ၁၀၀ ခန့်ပါဝင်ဆင်နွှဲ

နေပြ

ဆီးဂိမ်းပြိုင်ပွဲ၏ ကြက်တောင်ရိုက်ပြိုင်ပွဲ အသင်း အပါအဝင် နိုင်ငံပေါင်း ရှစ်နိုင်ငံမှ

အလားတူ ပန်ကြပ်ဆီလတ်အားတစား ကွင်းအတွင်းဒိုင်အဖြစ် ဒေါ်နော်ရီရီသန့်၊ ဒေါ် ဦးသိန်းထွန်းနှင့် ဒေါ်ရူပါသိမ်းတို့က လက်ဝေ သည့်အပြင် နိုင်ငံတကာမှ ဒိုင် ၁၉ ဦး လာရေ

ဆီးဂိမ်းသတင်းအချက်အလက် မီဒီယာသမားများလာရောက်သ

နေပြည်တော် ဒီဇင်ဘာ ၅

(၂၇)ကြိမ်မြောက် ဆီးဂိမ်း၏ သတင်းအချက်အလက်များ ထုတ်ပြန်ရေးစင်တာ Main Press Center (MPC) အတွင်း ပြည်တွင်း၊ ပြည်ပမီဒီယာသမားများ အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာသတင်းဌာနများသို့ ပြန်လည်သတင်းပေးပို့နိုင်ရန်အတွက် နေရာများသတ်မှတ်ပေးထားပြီး အင်တာနက်ကို လက်တော့ပ်မှတစ်ဆင့် ပေးပို့နိုင်ရန်အတွက် မီးခံများနှင့် အင်တာနက်ကေဘယ်လ်များ တပ်ဆင်ပေးထားသည့်အတွက် လာရောက်အသုံးပြုသည့် မီဒီယာသမားများ တစ်နေ့တခြား ပိုမိုများပြားလာကြောင်း သိရသည့်။

"MPC မှာ Live ပြသနေတဲ့ တီဗွီလိုင်းတွေ Journalist working Room မှာ ပြသထားပါတယ်။ သတင်းထုတ်ပြန်မှုဆိုင်ရာ အချက်အလက်တွေလည်းရယူနိုင်ပြီး Press Confrence တွေလည်း ပြုလုပ်သွားမယ်လို့ သိရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ မီဒီယာသမားတွေအတွက် အခက်အခဲအနည်းငယ်ရှိနေပါတယ်။ အားလုံးလိုလိုမှာ မိမိတို့ သတင်းဌာနတွေကို ပြန်လည်ပေးပို့ဖို့အတွက် Laptop ကိုယ်စီပါတယ်။ အားသွင်းဖို့အတွက် ပလတ်ခုံတွေထားရှိပေမယ့် အသုံးပြုတဲ့အမျိုးအစားက အီလက်ထရွန်နစ်ပစ္စည်းအများစုအသုံးမပြုနိုင်တဲ့ ပလတ်ခုံမျိုးဖြစ်နေလို့ အပြင်ကနေ ပလတ်ပေါက်တွေထွက်ဝယ်ခဲ့ရတယ်။ နောက်ပြီး အင်တာနက်သုံးဖို့ထားရှိတဲ့ ကြိုးက အများသုံးနေကျ ကြိုးပျော့မဟုတ်ဘဲ မီးကြိုးသဏ္ဌာန် ကြိုးမာဖြစ်နေလို့အသုံးများတဲ့ Laptop တွေနဲ့ အဆင်မပြေတာမျိုးတွေ ဖြစ်နေပါတယ်" ဟု ဗီယက်နမ်သတင်းဌာနတစ်ခုမှ သတင်းလာရောက်ရယူသူ သတင်းထောက် မစ္စတာ ဒမ်လွမ်ရှိုင်းက ပြောပြသည်။

အဆိုပါ MPC အပြင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ IBC မှ တာဝန်ယူရန် သတင်းအချက်အလက်ဆိုင်ရာများ ဝန်ဆောင်

လျက် MW ထား လျက် များအ ဖွင့်လှ

ဂိမ်းသတင်းတိုထွာ

းများအတွက် လက်မှတ် ၄၀၀၀ လျာထား

တ်ပွဲအခမ်းအနားသို့ ပြည်ပနိုင်ငံများမှ လာရောက် ၁၀၀ လာရောက်ရန်မျှော်မှန်းထားရာ အရန်လက်မှတ် ားများအတွက် ပြင်ဆင်ထားကြောင်း အားကစား သည်။

များဝစ်အဖွဲ့ လေ့ကျင့်မည်

းပစ်အဖွဲ့သည် ပြိုင်ပွဲမစတင်မီ ခြောက်ရက်အလိုတွင် မှစတင်ကာ ဝဏ္ဏသိဒ္ဓိ Sports Complex သို ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

းဝစ်အဖွဲ့ လေတိုက်နှုန်းလေ့လာမည်

မှ မြားပစ်အဖွဲ့သည် မြားပစ်ပြိုင်ပွဲမစတင်မီ ဇင်ဘာ ၇ရက်မှစတင်ကာ ဝဏ္ဏသိဒ္ဓိ Sports Com- က်ကာ လေတိုက်နှုန်းတွက်ချက်၍ လေ့ကျင့်မှုများ သက်ဆိုင်ရာက သတင်းရရှိသည်။

မြန်မာအားကစားသမား ၁၀၀၀ ဓါ၀င်မည်

က် ဆီးဂိမ်းကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ ပြိုင်ပွဲ ၃၃ မျိုး အားကစားသမား ၆၀၀၀ ပါဝင်မည်ဖြစ်သည်။ ယင်း န်မာနိုင်ငံမှ အားကစားသမား ၁၀၀၀ ပါဝင်ဆင်နွှဲ ိရသည်။

တရုတ်ကျွမ်းကျင်ပညာရှင် ၇၀၀ ဝေလွှတ်

င် တရုတ်နိုင်ငံမှ ကျွမ်းကျင်ပညာရှင် ၇၀၀ စေလွှတ် သည်။ ယင်းတို့သည် နည်းပြများအဖြစ်လည်းကောင်း၊ ာများအဖြစ်လည်းကောင်း၊ စတိတ်စင်ဒီဇိုင်နာနှင့် ုင်သူများအဖြစ်လည်းကောင်း မြန်မာဆီးဂိမ်းတွင် က်ရှိသည်။ တရုတ်နည်းပြများသည် မြန်မာ ား၊ နည်းပြများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ ။

မောင်နွေသစ်

သတင်း - ခင်မျှားမျှား ဓာတ်ပုံ - သူရ(တောင်ငူ)

ဆီးဂိမ်းပြိုင်ပွဲကြီး၏ ဖွင့်ပွဲ၊ ပိတ်ပွဲတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုများဖြင့် တင်ဆက်မည်

ရန်ကုန် ဒီဇင်ဘာ ၅

မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့် အာဆီယံနိုင်ငံများ၏ ရိုးရာယဉ်ကျေးမှုများ ပါဝင်သော အနုပညာတင်ဆက်မှုကဏ္ဍများဖြင့် စည်ကားသိုက်မြိုက်ခမ်းနားစွာ ကျင်းပသွားရန် စီစဉ်ထားကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးက ပြောကြားသည်။

ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲများတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် ကဏ္ဍ (၃)ရပ်ဖြင့် ပေါင်းစပ်ပါဝင်ထားကာ ယဉ်ကျေးမှုအနုပညာကဏ္ဍ၊ ဒါရိုက်တာ စင်ရော်မောင်မောင်၏ ဇာတ်ညွှန်းနှင့် ဓာတ်ပုံတင်ဆက်မှုကဏ္ဍနှင့် China Art and Entertainment Group-CAEG မှ နည်းပညာပူးပေါင်းပါဝင်တင်ဆက်မှုကဏ္ဍများ ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် အမျိုးသားယဉ်ကျေးမှုများ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော နိုင်ငံများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အမျိုးသားယဉ်ကျေးမှုဆိုင်ရာ အနုပညာတက္ကသိုလ်များမှ စောင်း၊ ပတ္တလား၊ ဆိုင်းဝိုင်းစသော တူရိယာများ တီးခတ်ဖျော်ဖြေမှု၊ ပုဂံအက၊ အမျိုးသားအမွေအနှစ်မဟာပုဂံ၊ ပွဲဦးအလက်ာအက စသည်ဖြင့် ခေတ်အဆက်ဆက်က ယဉ်ကျေးမှုအက ပဒေသာများ၊ သွေးချင်းတို့ဌာနေ မြန်မာပြည်ဟူသော တိုင်းရင်းသားယဉ်ကျေးမှုတင်ဆက်ဖျော်ဖြေမှုများ၊ ရွှေနိုင်ငံက ကြိုနေမယ်ဟူသော အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်တင်ဆက်ထားသော သီချင်းများ၊ မြန်မာ့ရိုးရာကျောက်ဆည်ဆင်အကကို ဆင်ရုပ်ကောင်ရေ ၄၀ ဖြင့် ကပြဖျော်ဖြေခြင်း စသည်ဖြင့် ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများကို နိုင်ငံတစ်ဝန်းမှ ကျောင်းသား ကျောင်းသူ ၈၀၀၀ ကျော်ဖြင့် ခမ်းနားထည်ဝါစွာ ကျင်းပသွားရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စံကားဝါ

နေပြည်တော် ဒီဇင်ဘာ ၅

ကြက်တောင်ရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင် နိုင်ငံဝေါင်း ရှစ်နိုင်ငံမှ ကစားသမား ၁၀၀ ခန့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ကြ်ဆီလတ်အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပန်ကြပ်ဆီလတ်ဒိုင်ငါးဦးပါဝင်မည်ဖြစ်ပြီး စ် ဒေါ်နော်ရီရီသန်၊ ဒေါ်တင်တင်အေးနှင့် ဦးကျော်ဝင်းနိုင်၊ မတ်တမ်းဒိုင်အဖြစ်လည်းကောင်း၊ ရှုပါသိမ်းတို့က လက်ထောက်နည်းစနစ်ဒါရိုက်တာအဖြစ်လည်းကောင်း တာဝန်ယူကြမည်ဖြစ် ကာမှ ဒိုင် ၁၉ ဦး လာရောက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သူရ(တောင်ငူ)**

ဆီးဂိမ်းကျင်းပရာဝန်းကျင်၌ ဈေးနှုန်းမြင့်တက်

နေပြည်တော် ဒီဇင်ဘာ ၅

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ယခုအခါ အားကစားနည်းများအနက် နေပြည်တော်၌ လက်ခံကျင်းပရန်ရှိသည် ကစားနည်းများမှ ကစားသမားများ စတင်ရောက်ရှိနေပြီဖြစ်သည်။

အားကစားသမားများ စတင်ဝင်ရောက်လာပြီး ပြိုင်ပွဲကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဇေယျာသီရိအားကစားကွင်းနှင့် အားကစားရွာဝန်းကျင်၊ သတင်းအချက်အလက်များ ထုတ်ပြန်ပေးရာ မဏ္ဍိရတနာကျောက်စိမ်းခန်းမ IBC,MPC တို့ အနီးရှိ စားသောက်ဆိုင်များနှင့် ရွှေ့လျားဈေးဆိုင်များ၏ ဈေးနှုန်းများမှာ ပုံမှန်ထက်တစ်ဆခန့် မြင့်တက်လာခြင်းကြောင့် သတင်းရယူသူ မီဒီယာသမားများ၊ ပြိုင်ပွဲသို့ လာရောက်အားပေးခွင့်ရသူများ အခက်တွေ့နေရကြောင်း သတင်းရရှိသည်။

"ဈေးတွေက အဆမတန် မြင့်နေတာပါ။ မြန်မာနိုင်ငံသားတွေ ထမင်းစားတာကို ကျပ်သုံးထောင်နှုန်းယူတယ်။ နိုင်ငံခြားသားတွေကို ထမင်းတစ်နပ် ခြောက်ဒေါ်လာအထိ ယူတယ်။ ကတ်တွေပေးထားပေမယ့် ထမင်းဝယ်စားရတာရက်ကြာမှာမို့ အဆင်မပြေပါဘူး။ ရေသန့်တွေနဲ့ coke အချိုရည်တွေကို အခမဲ့သုံးဆောင်ခွင့်ရထားပေမယ့် အပြင်က ဆိုင်တွေရဲ့ ဈေးတွေမတရားမြင့်တက်နေတာ တားဆီးသင့်တယ်။ ပြီးခဲ့တဲ့ စင်ကာပူဆီးဂိမ်းကို သတင်းယူခဲ့တုန်းက ဈေးနှုန်းတွေကို တမင်လျှော့ချပေးတာကြုံခဲ့ရဖူးတယ်"ဟု ထိုင်းနိုင်ငံ အခြေစိုက်သတင်းဌာနတစ်ခုမှ Mr.Dinnis က ပြောကြားသည်။

ထမင်းဆိုင်များအပြင် အားကစားကွင်းများအနီးအနားရှိ လက်ဖက်ရည်ဆိုင်ငယ်များတွင်လည်းလက်ဖက်ရည်တစ်ခွက်လျှင် ကျပ်လေးရာမငါးရာအထိ ဈေးတိုးမြှင့်ကြသည့်အပြင် ဖုန်းကတ်အလွယ်တကူဝယ်ယူဖြည့်ကြရာ၌လည်း မူလဈေးထက် ငါးရာကျပ် ပိုမိုတောင်းခံနေကြကာ အနီးအနားသို့ သွားလာရန်အတွက် ဆိုက်ကယ်ကယ်ရီငှားရမ်းစီးနင်းပါကလည်း မူလဈေးနှုန်းထက် ပိုမိုတောင်းခံနေခြင်းကြောင့် အားကစားပြိုင်ပွဲများ ထပ်မံများပြား၍ ဧည့်သည်များ ဝင်ရောက်လာပါက ဈေးနှုန်း ပိုမိုမြင့်တက်မည်ကို ဝရှိသတ်အချို့နှင့် ပြည်တွင်းပြည်ပမီဒီယာသမားများက စိုးရိမ်လျက်ရှိသည်။

ဒီဇင်ဘာ ၅ ရက်က (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ကျင်းပလျက်ရှိသော နေပြည်တော်ရှိ အားကစားရုံများ၌ လာဘ်ကောင်ဖီးကွက်ရုပ်များ၊ မြန်မာ့အလံများ၊ သော့ချိတ်များ၊ ဆီးဂိမ်း Logo ဝါ အထိမ်းအမှတ်တီရှပ်များ ဆီးဂိမ်းလာပြည်သူများ ဝယ်ယူအားပေးကြစဉ်။

သူရ(တောင်ငူ)

ဆီးဂိမ်းပြိုင်ပွဲကို ရွှေဆုဖြင့်ဖွင့်လှစ်ခဲ့သည့် မြန်မာခြင်းလုံး

ရန်ကုန် ဒီဇင်ဘာ ၅

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ဒီဇင်ဘာ ၄ ရက်မှစ၍ ကျင်းပလျက်ရှိပြီး ခြင်းလုံးအားကစားနည်းဖြင့် ရွှေတံဆိပ်ရယူနိုင်ခဲ့သည်။

ခြင်းလုံးအားကစားနည်းမှာ မြန်မာလူမျိုးတို့၏ ရိုးရာအားကစားနည်းဖြစ်သည်အားလျော်စွာ ကျွမ်းကျင်ပိုင်နိုင်စွာကစားပြီး ဆီးဂိမ်းပြိုင်ပွဲ၏ ပထမဆုံး ရွှေတံဆိပ်နှစ်ခုကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရိုးရာခြင်းလုံးပြိုင်ပွဲကို ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့်အတူ ပူးတွဲကျင်းပနေခြင်းဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားရှစ်မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်နိုင်ငံများအနေဖြင့် ပြိုင်ပွဲအမျိုးအစားရှစ်မျိုးတွင် ခြောက်မျိုးသာ ယှဉ်ပြိုင်ခွင့်ရရှိရာ မြန်မာအသင်းအနေဖြင့် ဒီဇင်ဘာ ၅ ရက်တွင် ကျင်းဝခဲ့သော အခြေခံအဆင့် မျိုးတူပြိုင်ပွဲကို ဝင်ရောက်ခဲ့ခြင်းမရှိဝေ၊ အခြေခံအဆင့်မျိုးကွဲပြိုင်ပွဲကို ဒီဇင်ဘာ ၆ ရက် ၊၇ ရက်၊ ဒုတိယအဆင့်မျိုးကွဲပြိုင်ပွဲကို ဒီဇင်ဘာ ၈ ရက်၊ ၉ ရက်တို့တွင် ကျင်းဝသွားမည်ဖြစ်ပြီး မြန်မာခြင်းလုံးအဖွဲ့အနေဖြင့် အောင်မြင်မှုထပ်မံရရှိရန် အလားအလာကောင်းလျက်ရှိသည်။ ရွှေတံဆိပ်များထပ်မံချီးမြှင့်မည် ဒီဇင်ဘာ ၇ ရက်နှင့် ၉ ရက်တို့တွင်လည်း မြန်မာရိုးရာခြင်းလုံးအဖွဲ့ ထပ်မံအောင်ပွဲခံနိုင်မည်ဖြစ်ဝါကြောင်း။ **ဖိုးသော်ဇင်**

်အလက် ထုတ်ပြန်ရေးစင်တာသို့ ရောက်သတင်းယူ

း ထုတ်ပြန်ရေး ပြည်ပမီဒီယာ ားသို့ ပြန်လည် း အင်တာနက် း အင်တာနက် အသုံးပြုသည် သိရသည်။ list working အချက်အလက် ပ်သွားမယ်လို့ တွက် အခက် င်းဌာနတွေကို သွင်းဖို့အတွက် လက်ထရွန်နစ် ကနေ ပလတ် သုံးဖို့ထားရှိတဲ့ ကြီးမာဖြစ်နေ ဖြစ်နေပါတယ်" ယူသူ သတင်း ျာက်စိမ်းခန်းမ ား ဝန်ဆောင်

လျက်ရှိပြီး IBC ၌ ပြည်တွင်း MRTV၊ SKY NET၊ FOR EVER နှင့် MWD တို့အပြင် နိုင်ငံတကာ မီဒီယာများကလည်း ရုံးခန်းများ ငှားရမ်းထားကာ ရုပ်သံထုတ်လွှင့်ခြင်း၊ မီဒီယာများအား ပေးပို့ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် MPC၊ IBC ဝင်ခွင့် ရရှိသည့် ပြည်တွင်း၊ ပြည်ပမီဒီယာသမားများအတွက် အခမဲ့စားသုံးနိုင်သည့် အဆာပြေအစားအစာဆိုင်များလည်း ဖွင့်လှစ်ပေးထားလျက်ရှိသည်။

ဆီးဂိမ်းဘောလုံးပြိုင်ပွဲအတွက် မြန်မာအမျိုးသမီးအသင်း အပြီးသတ်ပြင်ဆင်

ရန်ကုန် ဒီဇင်ဘာ ၅

ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲကို မန္တလေးမြို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသမီးအသင်းမှာ နောက်ဆုံးအဆင့် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ အမျိုးသမီးအသင်းမှာ လက်ရှိအချိန်တွင် ပြိုင်ပွဲဝင်ရန် အပြီးသတ်ကစားသမား ၂၀ ကို ရွေးချယ်ထားပြီဖြစ်သည်။ မန္တလေးမြို့ ရာသီဥတုအနေအထားနှင့် အသားကျစေရန်အတွက် နိုဝင်ဘာ ၁၁ ရက်ကတည်းက လေ့ကျင့်ခဲ့ပြီး ဘောလုံးအဖွဲ့ချုပ်အကယ်ဒမီအသင်းနှင့် ခြေစမ်းပွဲများ ဆက်တိုက်ကစားခဲ့သည်။

ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် မြန်မာ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ အုပ်စု(ခ)တွင် ထိုင်း၊ လာအို၊ မလေးရှားတို့ ပါဝင်လျက်ရှိသည်။ မြန်မာအသင်းမှာ ဒီဇင်ဘာ ၁၀ ရက်တွင် ဖိလစ်ပိုင်၊ ဒီဇင်ဘာ ၁၃ ရက်တွင် အင်ဒိုနီးရှား၊ ဒီဇင်ဘာ ၁၅ ရက်တွင် ဗီယက်နမ်တို့နှင့် ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာအမျိုးသမီးအသင်းတွင် အဖွဲ့ခေါင်းဆောင် ဒေါ်မြတ်မြတ်ဦး၊ အုပ်ချုပ်သူဦးသန်းတိုးအောင်၊ နည်းပြချုပ် ကမာဒါ (ဂျပန်)၊ လက်ထောက်နည်းပြ ဒေါ်သက်သက်ဝင်း၊ ဂိုးနည်းပြ ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် **ဂိုး**-မေခင်ယမင်း၊ မြဖူးငုံ၊ **နောက်တန်း**- မြင့်မြင့်အေး၊ စန်းစန်းမော်၊ မိုးမိုးဝါ၊ ခင်သန်းဝေ၊ ဖူးပွင့်ခိုင်၊ ရွှေစင်အောင်၊ ဝေဝေအောင်၊ဇင်မာဝင်း၊ ဇာခြည်ဦး၊ သီတာဦး၊ စုစုဝေ၊ ခမဇင်နွယ်၊ **အလယ်တန်း**-သန်းသန်းထွေး၊ နန်းကြေးမုံ၊ နီလာမြင့်၊ ခင်မိုးဝေ၊ **ရှေ့တန်း**-ခင်မာလာထွန်း၊ ရီရီဦး၊ နော်အာ၊ လိုပါ၊ ဖောမာဂရက်မေရီနှင့် ဝင်းသီထွန်းတို့ ပါဝင်ကြသည်။

သတင်း - ညီမြတ်သော်တာ

ဓာတ်ပုံ - စိုးညွန့်

ဆီးဂိမ်းပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့်အားကစားသမားများအား အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၌

နေ့အလိုက် ကျွေးမွေးစီမံဆောင်ရွက်ထားရှိ

ရန်ကုန် ဒီဇင်ဘာ ၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားထစားပြိုင်ပွဲအတွင်း ရန်ကုန်မြို့၌ လက်ခံကျင်းပမည့် ကမ်ပိုအားကစားပြိုင်ပွဲ၊ နပန်းအားကစားပြိုင်ပွဲ၊ အလေးမအားကစားပြိုင်ပွဲနှင့် ဟော်ကီအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများမှာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၌ စခန်းသွင်းလေ့ကျင့်လျက်ရှိနေကြသည်။

အဆိုပါဆီးဂိမ်းပွဲတော်ကြီးအတွင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများမှာ အောက်တိုဘာ ၂၆ရက်မှစတင်၍ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၌ စခန်းသွင်းလေ့ကျင့်နေကြခြင်းဖြစ်ပြီး ယင်းအဖွဲ့လေးဖွဲ့မှ ပြိုင်ပွဲဝင်ကြမည့် အားကစားသမားများ၊ နည်းပြအုပ်ချုပ်သူများ၊ နိုင်ငံခြားသားနည်းပြများအား အားကစားဝန်ကြီးဌာနမှ စီမံမှုများဖြင့် နေ့စဉ် တစ်ရက်ငါးကြိမ် ကျွေးမွေးလျက်ရှိနေကြောင်း သိရသည်။ ဆီးဂိမ်းပွဲတော်ကြီးအတွင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများဖြစ်ကြသော ကမ်ပိုအားကစားသမား ၃၄ဦး၊ နိုင်ငံခြားသားနည်းပြလေးဦး၊ မြန်မာအုပ်ချုပ်သူနည်းပြလေးဦးတို့ဖြင့် စုစုပေါင်း ၄၂ ဦး၊ နပန်းအားကစားသမား ၂၀ ဦး၊ နိုင်ငံခြားသားနည်းပြလေးဦး၊ မြန်မာအုပ်ချုပ်သူနည်းပြ ခြောက်ဦးတို့ဖြင့် စုစုပေါင်း ၃၀ ဦး၊ အလေးမ အားကစားသမား ၁၄ ဦး၊ နိုင်ငံခြားသားနည်းပြ တစ်ဦး၊ မြန်မာအုပ်ချုပ်သူနည်းပြ ခြောက်ဦးတို့ဖြင့် စုစုပေါင်း ၂၀ ဦး၊ ဟော်ကီအားကစားသမား ၃၆ ဦး၊ နိုင်ငံခြားသားနည်းပြနှစ်ဦး၊ မြန်မာအုပ်ချုပ်သူနည်းပြကိုးဦးတို့ဖြင့် စုစုပေါင်း ၄၇ဦးတို့ဖြင့် အားကစားသမားများ စုစုပေါင်း ၁၄၁ ဦးအား အသားဟင်းများ၊ အသီးအနှံများဖြင့် ဗီတာမင်ဓာတ်ပြည့်ဝအောင် ကျွေးမွေးလျက်ရှိသည်။

ထို့အပြင် ရန်ကုန်မြို့တွင် ကျင်းပမည့် အားကစားနည်းများအတွက် WF, ACC, LO, VO ၂၅၁ ဦးနှင့် GMS ၃၂ ဦးတို့ကို ကျွေးမွေးစီမံထားရှိကြောင်းသိရပြီး အားကစားသမားများ၊ နည်းပြအုပ်ချုပ်သူများ၊ နိုင်ငံခြားသားနည်းပြများကို ဆီးဂိမ်းပွဲတော်ကာလအတွင်း နေ့လယ်စာ LUNCH BOX အစီအစဉ်များဖြင့် ဆောင်ရွက်ထားရှိသည်။ ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် အား/ကာ ဦးစီးအရာရှိနှင့် နပန်းအားကစားနည်း အမျိုးသမီးအုပ်ချုပ်သူ ဒေါ်မြမြခိုင်က "စားရေး သောက်ရေး အဆင်ပြေပါတယ်၊ ကြက်သားဟင်းဆိုရင် ဒီနေ့အချို၊ နောက်နေ့အစပ်၊ နောက်တစ်ရက် မဆလာ ပြောင်းချက်ပေးပါတယ်။ ပြိုင်ပွဲဝင်ကြမယ့် အားကစားသမားကလေးတွေကိုလည်း သူတို့တွေနဲ့အဆင်ပြေစေမယ့် ဟင်းကို စီမံထားရှိပေးပါတယ်။ ကလေးတွေကို အသားမစားရင် ငါးကြော်၊ အသီးအရွက်ကြော်စသဖြင့် စီမံပေးထားပါတယ်။ စားရသောက်ရတာ အဆင်ပြေပါတယ်" ဟု ရှင်းပြခဲ့ပြီး ကယားပြည်နယ်မှ ကမ်ပိုအားကစားသမား မစဝ်မြတ်သီတာမှလည်း "စားရသောက်ရတာ အဆင်ပြေပါတယ်" ဟုပြောခဲ့သည်။

အဆိုပါ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ အား/ကာဦးစီးအရာရှိနှင့် အားကစားသမားများ၏ နေ့အလိုက်ကျွေးမွေးမည့် ဟင်းလျာများအား စီစဉ်ဆောင်ရွက်ပေးနေသူ ဦးငွေအောင်က "ပြိုင်ပွဲဝင်ကြမယ့် အားကစားသမားတွေကို နေပြည်တော်မှာကျွေးမွေးတဲ့ပုံစံအတိုင်း ရန်ကုန်မြို့မှာလည်းကျွေးပါတယ်။ နေပြည်တော်အတွက်လည်း ကျွန်တော် စီစဉ်ဆောင်ရွက်ရပါတယ်။ အားကစားသမားတွေကို နေ့လယ်စာနဲ့ ညနေစာအပြင် နံနက်ပိုင်း၊ မွန်းလွဲပိုင်းနဲ့ ညလယ်စာများဖြစ်တဲ့ ကြက်ဥ၊ အချိုရည်၊ ကြာဆံကြော်၊ နွားနို့၊ ငှက်ပျောသီးစသဖြင့် တစ်ရက်နှင့်တစ်ရက် မတူစေဘဲ အမယ်စုံအောင် အားကစားဝန်ကြီးဌာနရဲ့စီမံမှုများဖြင့် ထားရှိပေးထားပါတယ်" ဟု ပြောကြားသည်။

သတင်းနှင့်ဓာတ်ပုံ(စိုးဝင်း-SP)

» စာမျက်နှာ ၁ မှ

၂၅၃ စီးတို့သည် ဂိတ် (၁၂)ဂိတ်မှ အားကစားရုံများသို့ လည်းကောင်း၊ အဝေးပြေးယာဉ်လိုင်း (၂)လိုင်းသည် နေပြည်တော်-ရန်ကုန် ခရီးစဉ်အား မော်တော်ယာဉ် ၆၆စီး၊ နေပြည်တော်-မန္တလေးခရီးစဉ်အား မော်တော်ယာဉ် ၃၀ တို့ဖြင့် အားကစားပွဲတော်ကာလအတွင်း နေ့စဉ်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြန်/ဆက်

ဒီဇင်ဘာ ၅ ရက်က မြန်မာဘောလုံးပွဲကို အားပေးမည့်သူများက ဘောလုံးအကျီများကို ရွေးချယ်ဝယ်ယူနေကြစဉ်။ ဓာတ်ပုံ-ဝင်းမောင်

» စာမျက်နှာ ၁ မှ

မြန်မာဂေါက်သီးအားကစားအသင်းအနေဖြင့် အပြီးသတ်လူရွေးချယ်ခြင်းတွင် အမျိုးသားလေးဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်း ခုနစ်ဦး ဆန်ခါတင်ရွေးချယ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အဆိုပါ အားကစားနည်းတွင် ပြိုင်ပွဲဝင်မည် နိုင်ငံပေါင်း ၁၀ နိုင်ငံ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး မိမိတို့အသင်းအနေဖြင့် ထိုင်းနှင့် စင်ကာပူအသင်းတို့ကို အဓိကထားယှဉ်ပြိုင်ရမည်ဖြစ်ကြောင်းလည်း သိရသည်။ ဂေါက်သီးအားကစားပြိုင်ပွဲကို Royal Myanmar Golf Club ၌ ဒီဇင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရွှေအတိတ်နှင့် ရွှေနိမိတ်

ရန်ကုန် ဒီဇင်ဘာ ၅

စမ်းချောင်းမြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့ဆုံရာ ဟံသာဝတီအဝိုင်း၌ အတိတ်ကာလ မြန်မာ့ဘောလုံးမှော်ရောင်လွှမ်းစဉ်က ရွှေတံဆိပ် ၁၇ ဆုဖြင့် နိုင်ငံ့ဂုဏ်ဆောင်ယူပေးခဲ့သော မြန်မာ့လက်ရွေးစင် ဂိုးသမားကြီး ဦးတင်အောင်၏ပုံ နောက်ခံပိုစတာကြီးနှင့် အဝိုင်းပတ်လည်၌ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြိုဆိုရေးအလံများအကြား ဆွမ်းအုပ်ကြီးကို မြင်တွေ့သူတိုင်းက ဆီးဂိမ်းပွဲစဉ်များတစ်လျှောက် အောင်နိုင်ရေးအတွက် ရွှေအတိတ်နှင့် ရွှေနိမိတ်ဆောင်နေပြီဟု ဆိုကြသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)